# ဆရာတိုက်မို့... ခိုက်တယ် နှင့်

ဂမ္ဘီရနယ်မြေမှ အတားအဆောင်ဇာတ်လမ်းများ





# ဆရာထိုက်မို့ ဒိုက်တယ်

မင်းသစ္စာလှိုင် (ကဒုံကနီ)

[illegible]

၂၀၁၃ ခုနှစ်၊ မေလ၊ ပထမအကြိမ်၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး ၁၅၀၀-ကျပ်

**စီစဉ်သူ**
ဇော်ထက်

**မျက်နှာဖုံးဒီဇိုင်း**
မြင့်ထွန်း (ပေါက်စလေး)

**စာအုပ်ချုပ်**
ကျူကျူမွေး

**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ**
ဦးမောင်မောင်ထွဋ် (စံထားမိုးအော့ဖ်ဆက်)
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးချစ်ညွန့် (ဇင်ရတနာစာပေ)
၂၀၅-က/၄လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်။

**ဖြန့်ချိရေး**
ဇော်ထက် (ပြည့်ပြည့်ဝဝစာပေ)
အမှတ်(၃၈)၊ ဒုတိယထပ်(ခ)၊ ဝတ်ကျောင်းလမ်း၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉ ၈၅၆၈၆၀၈၊ ၀၉ ၅၁၁၈၀၂၆

**ဇင်မြတ်လင်းစာပေ**
အမှတ်(၂၃၁) ဒုတိယထပ်(ယာ)၊ (၃၂)လမ်း၊
ပန်းပဲတန်းမြို့နယ်။ ဖုန်း-၀၉ ၇၃၁၇၂၂၉၅

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း** (CIP)

| | |
|---|---|
| **မင်းသစ္စာလှိုင် (ကန့်ကနီ)** | ၂၉၄·၃ |
| ဆရာတိုက်မို့နိုက်တယ် | |
| ဇင်ရတနာစာပေ၊ ၂၀၁၃၊ ရန်ကုန်။ | |
| ၁၀၈-စာ၊ ၁၂×၁၈ စင်တီ။ | |
| (၁) ဆရာတိုက်မို့နိုက်တယ် | |

"ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ"
"ဆရာတိုက်မို့ ခိုက်တယ်"
နှင့်
"ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ"


၁။ ကဝေမျှောက်စုန်း ဂမုန်းပန်းစုံ
၂။ ကံဖူး ကံပွင့်
၃။ ဆရာတိုက်မို့ ခိုက်တယ်
၄။ အောင်စေ ပိုင်စေ
၅။ သပိတ်ဝင် အိတ်ဝင်
၆။ မှိုရသည့် မျက်နှာ
၇။ ဒါမျိုးတွေက ရှိုးနေပြီ
၈။ ဒါမျိုး တွေ့လိုက်စမ်းချင်ပါဘိ


......

* အချို့သောဖြစ်စဉ်ဖြစ်ရပ်များသည် အံ့ဩဖွယ်ကောင်းသည့် စိတ်ကူးယဉ်ဇာတ်လမ်းများထက်ပင် အံ့ဩဖွယ်ကောင်းနေသည်။

* ပြောပြခဲ့လျှင်ပင် ယုံကြည်နိုင်ဖွယ်မရှိ

* ထိုကဲ့သို့သော အဆန်းတကြယ်ဖြစ်စဉ်ဖြစ်ရပ်များသည် လောက ၏ အချို့သောနေရာဒေသများတွင် အမှန်ကတယ်ဖြစ်ပျက် နေခဲ့သည်။

* ယခင်ကလည်း ဖြစ်ခဲ့ဘူးသည်၊ ယခုလည်းဖြစ်နေဆဲဖြစ်သည်။ နောက်နောင်တွင်လည်း ဆက်လက်ဖြစ်နေဦးမည်သာ ဖြစ်သည်။

အစစ်တစ်ခု၊ အတုတစ်ထောင် အယောင်ဆောင်တစ်သိန်း၊ အပလိန်က [illegible] စကားဟာ လူ့ဘောင်လောကမှာ အတု [illegible]ပါလာကြောင်း သတိပေးပြောဆိုနေတဲ့ စကားတစ်ခု ရယပါ။ အပ[illegible]တွေကလည်း [illegible] ကရဲ့နေရာအသီးသီး၊ ဒေသအသီးသီး၊ အ[illegible]သီး [illegible] ရောက်ထိုးဖောက်ပြီး အများပြည်သူတွေကို လိမ်လည်လှ[illegible]ဖျား၊ ဒုက္ခတွေပွားအောင် လုပ်နေကြတာကိုလည်း တွေ့မြင်ကြားသိနေကြရမှာဖြစ်ပါတယ်။ ဒါကြောင့် အတုအယောင်ဆိုရင် ဘယ်လိုအတုအယောင်မှ ကောင်းကျိုးမပေးနိုင်ဘူးဆိုတာလည်း သဘောပေါက်သိရှိနေခဲ့ကြပြီ ဖြစ်ပါတယ်။ ဒီတော့ . . . အတုအယောင်ဆိုတာ လူ့ဘောင်လောကရဲ့ ဘယ်နေရာဘယ်ဒေသ၊ ဘယ်အလွှာမှာပဲဖြစ်ဖြစ် အကျိုးထက်၊ အဆိုးကိုပဲ ဖြစ်စေခဲ့မှာပါ။ အဲ့ဒီလို အတုအယောင်တွေကြောင့် အများပြည်သူတွေ နစ်နာထိခိုက်မှုတွေဖြစ်နေခဲ့ကြရသလို အစစ်အမှန်တွေရဲ့ ဂုဏ်သိက္ခာတွေဟာလည်း သေးသိမ်ညှိုးမှိန်ခဲ့ကြရပြီး အထင်သေး အမြင်သေး ခံနေခဲ့ကြရတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အတုအယောင်တွေကတော့ "ဘယ်သူသေသေ ငတေမာရင်ပြီးရော" ဆိုတဲ့ မသမာတဲ့အတ္တစိတ်တွေနဲ့ အများပြည်သူတွေကို သားကောင်သဖွယ် ဖြစ်မှတ်ထားပြီး လိမ်လည်လှည့်စား ကိုယ်ကျိုးရှာနေကြဦးမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်

အများပြည်သူတွေ အတုအယောင်တွေရဲ့ အန္တရာယ်ကို ကြိုတင်သိရှိကာကွယ်နိုင်ကြစေရန်နှင့် အစစ်အမှန်တွေရဲ့ ဂုဏ်သိက္ခာသေးသိမ်မွေးမှိန်မှုတွေလည်း မဖြစ်ရလေအောင် အစစ်အတု ဤနှစ်ခုကို ခွဲခြားသိနိုင်ကြရလေအောင်ဆိုတဲ့ စေတနာဆန္ဒတွေနဲ့ စာရေးသူ မဂ္ဂဇင်းတွေမှာ စဉ်ဆက်မပြတ် ရေးသားတင်ပြခဲ့ဘူးတဲ့ အတုအယောင်ဇာတ်လမ်းတွေကို ပြန်လည်စုစည်း တင်ပြလိုက်ရခြင်းဖြစ်ပါကြောင်း . . . . .

မင်းသစ္စာလှိုင် (ကဒုံတနီ)

မင်းသစ္စာလှိုင် (ကခံုကနိ)
၏
" ဆရာ့တိုက်မှ စိုက်တယ် "
နှင့်
" ဂမ္ဘီရနယ်မြေမှ အတ္တအယောင်ဇာတ်လမ်းများ"

- အုန်းပင်အောက်မှနေပြီး အမိန့်ပေးပြောဆိုလိုက်ရုံမျှနှင့် အုန်းပင် ပေါ်မှအုန်းသီးတွေကို အလိုအလျောက် ကြွေကျလာအောင် ပြုလုပ်နိုင်သော ဖရာတစ်ယောက်၏ ဖုံးဖြဖွယ်ပညာရပ်များ

- ကြမ်းပြင်ကိုဖနောင့်နှင့်ပေါက်လိုက်သည်နှင့် တစ်ဖက်သားကို လဲကျသွားစေပြီး ပါးစပ်မှအမြှုပ်တွေတစီစီ ထွက်လာအောင် ပြုလုပ်နိုင်စွမ်းရှိသော အဖိုးအိုတစ်ယောက်

- လတာပြင်ငွက်တောထဲမှ သပိတ်တစ်လုံးနှင့် ရွှေမကျိုးတောင့်တွေကို တူးဖော်ရရှိသွားခဲ့သော မိသားစုတစ်စု၏ စိတ်ဝင်းစားဖွယ် ဖြစ်စဉ် ဖြစ်ရပ်များ

- နေအိမ်မြေကွက်ထဲတွင် မှိုပွင့်တွေ ဟိုတစ်ကွက်၊ ဒီတစ်ကွက် အလိုအလျောက်ပေါက်ရောက်လာခဲ့သည့် မိသားတစ်စု၏ ကံကြမ္မာ

- ဒကာ ဒကာမတွေကိုယကြာခြေပေးမိသဖြင့် အထက်ပုဂ္ဂိုလ်များ၏ ဒဏ်ခတ်မှုကိုခံနေခဲ့ရသော သီလရှင်ဆရာလေး တစ်ယောက် ၏ စိတ်ဝင်စားဖွယ် လုပ်ရပ်များ

ဘုန်းသီးစိမ်းတစ်လုံးကိုလက်နှင့် အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဆွဲဖဲ့ခြေမှုပြစ်နိုင်စွမ်းရှိနေသော လူငယ်လူရွယ်များ

ရဲရဲတောက် မှုခြစ်လောင်ကျွမ်းနေသော မီးဖိုပေါ်ရှိ အင်္ဂါရက် 'လုံ'တစ်လုံးကို လက်နှင့်ကိုင်ယူကာ 'လုံ'အတွင်းမှ 'ချော်ရည်'တွေကို လက်ဝါးထဲသို့ လောင်းထည့်ကာ စစ်ဆေးကြည့်ခဲ့သည့် အဖိုးအိုတစ်ယောက်၏ ဖုံးဖြုဖွယ်လုပ်ကိုင်နေမှုများ

ကန်တော့ပွဲတွင် စိုက်ထောင်ထားသော ဖယောင်းတိုင်ကို မန်းမှုတ်လိုက်ရုံမျှနှင့် မီးထွန်းနိုင်စွမ်းရှိသည့် ဆရာတစ်ယောက်

'ဂန္ဓီရနယ်မြေမှ 'အတုအယောင်ဓာတ်လမ်းများ'

# " တငေဝမျှော်စုန်း ဂမုန်းပန်းစုံ "

မင်းသစ္စာလှိုင် ( ထခုံတန် )

" ရွာသူအပင်း ချက်ချင်းသေနိုင်တယ်။
ရေလေး တစ်ခွက်လောက် သောက်ပါရစေ။ "

ဦးတင်လှမှာ အသံလာရာဆီသို့လှမ်းကြည့်လိုက်သည်။ ခြံဝတွင် လွယ်အိတ်တစ်လုံးလွယ်ကာရပ်နေသော အသက်သုံးဆယ်အရွယ် လူရွယ်တစ်ယောက်ကိုတော့ မြင်လိုက်ရသည်။ ဦးတင်လှမှာ လူရွယ်ကိုတွေ့မြင်လိုက်သည်နှင့် မိကျောင်းကွမ်းဖတ်ခေါ် ပင်လယ်နှမ်း ဝယ်သူတစ်ယောက်ဖြစ်ကြောင်း သိရှိလိုက်သည်။ ဒီလိုအချိန်အခါမျိုးတွင် ဦးတင်လှတို့ရွာသို့ မျက်နှာစိမ်းလူငယ် လူရွယ်များ တစ်နေ့ကို သုံး-လေးယောက် လာလေ့ရှိသည်။ မိကျောင်းကွမ်းဖတ်ခေါ် ပင်လယ်နှမ်း လာဝယ်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ဦးတင်လှက ထိုလူရွယ်ကို ပင်လယ်နှမ်းလာဝယ်သူဖြစ်ကြောင်း တွေးထင်သိရှိ လိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့်

ဦးတင်လှက သမီးဖြစ်သူကို လှမ်းအော်ပြောလိုက်သည်။

'သမီးရေ ရေတစ်ခွက်လောက် ခပ်ခဲ့ပါကွယ်'

ထို့နောက်

လူရွယ်ကိုလှည့်ပြောလိုက်ပြန်သည်။

'မောင်ရင်. . လာလေကွယ်. . ပင်လယ်နှမ်း
လာဝယ်တာထင်တယ်'

ထို့ကြောင့်

လူရွယ်က ခြံထဲဝင်လာပြီး ဦးတင်လှအေးတွင် ဝင်ထိုင်

လိုက်သည်။ ထိုစဉ် ဦးတင်လှ၏သမီး မမြကြည်က ရေတစ်ခွက် ယူလာသဖြင့် ဦးတင်လှကယူပြီး လူရွယ်ကိုပေးလိုက်သည်။ လူရွယ်က ရေခွက်ကိုယူသောက်လိုက်သည်။ ရေခွက်ကိုပြန်ပေးလိုက်ပြီး လူရွယ်က ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ကျနော် ပင်လယ်နှမ်း လာဝယ် တာပါ၊ ရောင်းမည့်သူရှိရင် တဆိတ်လောက် ညွှန်ပြပါလား ဦးလေး'

'ဒီရက်အတွင်းမှာ ပင်လယ်နှမ်းဝယ်မည့်သူ တစ်နေ့ကို သုံး-လေးယောက်လောက်တော့ ရောက်ရောက်လာတာပဲ၊ ဒါပေမဲ့ ဦးလေးတို့ ရွာမှာ ပင်လယ်နှမ်း မရနိုင်တော့ဘူးကွဲ့'

'ဘာဖြစ်လို့လဲ ဦးလေး'

'ရာသီကလည်းကုန်နေပြီ၊ ဝယ်ယူတွေကလည်း ဒီနှစ်မှာ ပိုများလာတယ်၊ ဒီရက်ထဲမှာ တစ်နေ့ ကို သုံး-လေးယောက်လောက်ကို လာဝယ်နေ ကြတော့၊ ဒို့ရွာမှာ လက်ကျန်လုံးဝ မရှိကြ တော့ဘူး။ ပတ်ဝန်းကျင်ရွာတွေမှာလည်း ဒီလိုပဲ လက်ကျန်မရှိကြတော့ဘူး'

'ဒါဆိုရင် ကျနော်ပင်လယ်နှမ်းကို ဘယ်လိုမှ မရ နိုင်တော့ဘူးပေါ့'

'ဟုတ်တယ် . . ဦးပြောတာ မယုံရင်လည်း မောင်ရင်လေး ရွာထဲမှာ လျှောက်မေးကြည့်ချင် လည်း မေးကြည့်ဗျာ-လေ'

'ဦးပြောတာ ယုံပါတယ်၊ မမေးတော့ပါဘူး၊ ဒီညနေပဲ ကြုံရာစက်လှေနဲ့ မြို့ကိုပြန်တော့မယ်၊ အင်း . . ဒီတစ်ခေါက်တော့ စားရိတ်ရှုံးတာပဲ

အဖတ်တင်တာပဲ'

လူရွယ်က စိတ်ပျက်စွာ ညီးညူပြောဆိုလိုက်သည်။ ထိုစဉ် လူရွယ်က ဦးတင်လှ၏နေအိမ်အတွင်းသို့ အမှတ်မထင်ကြည့်လိုက်ပြီး တအံ့တဩပြောလိုက်သည်။

'ဦးလေး . . . စိတ်မရှိနဲ့နော် . . . ကျနော်က လည်း အမြင်မတော်တာတွေ့ရရင် နေလို့ မရဘူး'

'ဘာများလဲကွဲ့ . . .'

'ဦးလေးတို့အိမ်တွင်းအုန်းက ကြွက်မြီး တော် တော်ခြောက်နေပြီ၊ အုန်းသီးဆွဲထားတာလဲ စောင်းနေတယ်'

'အော် .. ဟုတ်လား၊ ဦးလေးလည်း သတိ တောင် မထားမိပါဘူးကွယ်၊ ဒီကိစ္စတွေက ဦးလေးမိန်းမပဲ လုပ်နေတာ'

ဦးတင်လှက အရေးမထားသလိုပြောဆိုလိုက်သဖြင့် လူရွယ်က ဆက်ပြောလိုက်သည်။

'ဦးလေးကိုကြည့်ရတာ ယုံကြည်စွဲလန်းမှုတွေကို သိပ်ပြီး အလေးအနက်ထားပုံမရဘူး၊ အယုံ အကြည်မရှိဘူးနဲ့ တူတယ်'

'မယုံဘူး။ ယုံတယ်ဆိုတာကိုတောင် ကိုယ့်ကိုယ် ကို တစ်ခါမှ မစဉ်းစားမိပါဘူးကွယ်'

'ဦးလေးကိုကြည့်ရတာ ယုံကြည်ပုံမရပါဘူး၊ မယုံဘူးဆိုတာ မကြုံဘူးသေးလို့ပါ၊ လက်တွေ့ ကြုံလာရင်တော့ မယုံလို့ကို မရတော့ဘူး'

'မောင်ရင် ဘာကိုဆိုလိုတာလဲ'

လူရွယ်ပြောနေသည်ကို ဦးတင်လှက သဘောမပေါက်

သဖြင့် ပြန်မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် လူရွယ်က ဆက်လက် ပြောလိုက်ပြန်သည်။

'ဦးလေး မယုံပဲနေမရအောင် - ကျနော် လက်တွေ့ပြမယ်'

'ဘယ်လို လက်တွေ့ပြမှာလဲ'

'ဦးလေးမှာ ဇနီးရှိလား'

'ရှိတယ် ဘာဖြစ်လို့လဲ'

'ခဏလောက် ခေါ်ပေးပါလား'

'ဘာလုပ်မလို့လဲ လောလောဆယ် အိမ်မှာ မရှိဘူး၊ တောင်ပိုင်းကိုသွားနေတယ်'

ထိုစဉ်

ဦးတင်လှ၏ဇနီး ဒေါ်မြ ပြန်လည်ရောက်ရှိလာခဲ့သည်။ ဒေါ်မြ ခြံဝင်းထဲသို့ဝင်လာသည်နှင့် လူရွယ်ကို ဦးတင်လှက ပြောလိုက်သည်။

'ဟော .. ဟိုမှာ ပြောရင်းဆိုရင်း ပြန်လာပြီ'

'ဦးရဲ့ ဇနီးလား'

'ဟုတ်ပါတယ်'

ထို့ကြောင့် လူရွယ်က ဒေါ်မြကို မေးလိုက်သည်။

'ဒေါ်ဒေါ်က ကြာသပတေးသမီးနော်'

'ဟုတ် ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ'

တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ဘူးသော လူရွယ်က မေးလိုက်သဖြင့် ဒေါ်မြက အယောင်ယောင်အမှားမှားနှင့် ပြန်ဖြေလိုက်သည်။

ထို့နောက် လူရွယ်က ဆက်မေးလိုက်ပြန်သည်။

'ဒေါ်ဒေါ် ထိုက်အောင့်နေတာ သက်သာရဲ့လား'

'ဟင်'

ဒေါ်မြသာမက ဦးတင်လှပါ တအံ့တဩ ဖြစ်သွားခဲ့တော့သည်။ တစ်ကြိမ်တစ်ခါမှ တွေ့မြင်သိကျွမ်းဘူးခြင်း မရှိသူက ဒေါ်မြ၏နေ့နံနှင့် ဗိုက်အောင့်ဝေဒနာကိုပါ သိရှိနေသဖြင့် ဦးတင်လှ အံ့ဩသွားခဲ့ရခြင်းပင်ဖြစ်သည်။ ထို့နောက် မျက်နှာစိမ်းလူရွယ်က ပြောလိုက်ပြန်သည်။

'အဒေါ့်ရဲ့ ဗိုက်ဝေဒနာက ရွာသူပြုစားထားတာ'

'ဘာ . . ရွာသူပြုစားထားတာ ဟုတ်လား'

ဒေါ်မြက အံ့ဩတုန်လှုပ်စွာ ပြန်မေးလိုက်သဖြင့် လူရွယ်က ဆက်ပြောလိုက်ပြန်သည်။

'ဟုတ်တယ်၊ ဒေါ်ဒေါ်ရဲ့ အမှတ်မထင် ပြောဆိုလိုက်မှုကို အညိုးထားပြီး 'ကဝေမျှောက်စုန်း' ဆိုတဲ့ စုန်းအတတ်ပညာနဲ့ အဒေါ့်ကို ရွာသူက ပြုစားခဲ့တာ၊ အဒေါ့်ရဲ့ဗိုက်ထဲမှာ ရွာသူရဲ့ အပင်းလုံးတွေရှိနေတယ်၊ ဒါကြောင့် ဘယ်လိုပဲကုကု မပျောက်ခဲ့တာပေါ့'

'ဟင်'

ဦးတင်လှရော၊ ဒေါ်မြပါ အံ့ဩပြီးရင်း အံ့ဩနေခဲ့ရတော့သည်။ ဒေါ်မြ၏ရောဂါကိုသာမက ရောဂါဝေဒနာ၏ အခြေအနေကိုပါ ပြောဆိုနေသဖြင့် မအံ့ဩပဲ မနေနိုင်ကြတော့။ ဒေါ်မြမှာ ဗိုက်အောင့်ရောဂါဝေဒနာ ခံစားနေခဲ့ရသည်မှာ တစ်နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ တောလက်ကျေးရွာများ၏ သဘာဝအတိုင်း ဆေးမြီတိုတွေ၊ ရမ်းကုဆရာတွေနှင့် အမျိုးမျိုးကုသခဲ့သော်လည်း ဝေဒနာမပျောက်၊ ဒေါ်မြကိုယ်တိုင်ကလည်း သူမ၏ ဗိုက်ထဲတွင် 'အလုံး'တွေရှိနေသလို ခံစားနေခဲ့ရသည်။ ထို့ကြောင့် ဒေါ်မြ၏ ရောဂါဝေဒနာမှာ လူပြုစားခံထားခဲ့ရခြင်းဖြစ်နိုင်သည်ဟု

တွေးထင်နေခဲ့ကြသည်။ ဒေါ်မြနှင့် ပတ်ဝန်းကျင်က ပြုစားခံနေရသည်ဟု တွေးထင်နေခဲ့ကြသော်လည်း ဦးတင်လှက လက်မခံ၊ ရန်ကုန်မြို့သို့ သွားရောက်ကာ ကျွမ်းကျင်သော သမားတော်ကြီးများနှင့် ပြသကုသနိုင်ခဲ့လျှင် သေချာပေါက် ပျောက်ကင်းသွားမည်ဟုလည်း ဦးတင်လှက ယုံကြည်ထားခဲ့သည်။ ထို့ကြောင့် လေး-ငါးရက်အတွင်းမှာပင် ဒေါ်မြကို ရန်ကုန်မြို့တွင် သွားရောက်ကုသရန် စီစဉ်ပြီးဖြစ်သည်။ အခုတော့ အခုမှ တွေ့မြင်သိကျွမ်းခဲ့ရသူ လူရွယ်က တိတိကျကျပြောဆိုနေသဖြင့် ဦးတင်လှ တွေဝေသွားခဲ့ရတော့သည်။

ထိုစဉ်

ညှိုသည် လူရွယ်က ပြောလိုက်သည်။

'ဒေါ်ဒေါ်ရဲ့ဗိုက်ထဲက အပင်းလုံးတွေကို ကျနော် ငါးနာရီအတွင်းမှာ လုံးဝပျောက်ကင်းသွားအောင် ကုသပေးနိုင်ပါတယ်။ ဒါပေမဲ့ ကျနော်က ပင်လယ်နှမ်းလာဝယ်တာပါ။ ဆေးလာကုတာ မဟုတ်ပါဘူး။ ဆေးကုဖို့ အချိန်လည်း မရပါဘူး၊ ပင်လယ်နှမ်း ဝယ်ဖို့ ယူလာတဲ့ငွေတွေကိုလည်း အချိန်မှီ ပြန်ပေးရပါအုံးမယ်။ ပင်လယ်နှမ်း ဝယ်မရပဲ ကြာနေရင် ဝယ်ခိုင်းသူက ကျနော့်ကို ပြောတော့မှာ ဒါကြောင့် ကျနော် ပြန်လိုက်ပါအုံးမယ်'

ညှိုသည်လူရွယ်က ပြောပြောဆိုဆိုနှင့် မတ်တပ်ထရပ်လိုက်ပြီးမှ သတိရဟန်နှင့် ပြောလိုက်ပြန်သည်။

'အော် . . . တစ်ခုတော့ မှာခဲ့ချင်တယ်၊ ရွာသူ အပင်းဆိုတာ ချက်ချင်းသေနိုင်တယ်နော်၊ ဒါကြောင့် ကျွမ်းကျင်တဲ့ ဆရာတစ်ယောက်

ယောက်နဲ့ အမြန်ဆုံးကုသပါ'

လူရွယ်က ရှာသူအပင်း ချက်ချင်းသေနိုင်တယ်ဟု ပြောလိုက်သဖြင့် ဒေါ်မြမှာ ထိတ်လန့်တုန်လှုပ် သွားခဲ့ရလေတော့သည်။

× × × × ×

## " လက်တွေ့ကြုံလို့ ယုံပါပြီ "

သို့နှင့်

လူရွယ်က 'ရှာသူအပင်း ချက်ချင်းသေနိုင်တယ်'ဟု ပြောပြီး ပြန်သွားရန် ဟန်ပြင်လိုက်သဖြင့်

'ခဏ . . . ခဏလေးနေပါအုံးမောင်ရင် . . . အဲ ဆရာ ခဏလေးနေပါအုံး'

'ဘာဖြစ်လို့လဲ အဒေါ်'

ဒေါ်မြက 'ကမန်းကတန်း'ပြောလိုက်သဖြင့် လူရွယ်က ပြန်မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဒေါ်မြက ပြောလိုက်သည်။

'အဒေါ့်ရှေ့ပါလို့ သူ့ . . . ပေးခဲ့ပါဆရာရယ်၊ အဒေါ့်မှာ ဒီရောဂါကြောင့် သက်ဆိုးရှည်မယ် တောင် မထင်တော့ပါဘူး၊ ကျွမကို ကယ်ပါအုံး ဆရာရယ်'

'ကျနော်အချိန်မရလို့ပါ ဒေါ်ဒေါ်၊ အမှန် ပြောရရင် ကျနော်ဟာ ဆေးဆရာတစ်ယောက်ပါ။ ဒါပေမဲ့ ကျနော်နဲ့ ဆရာလုပ်ငန်းနဲ့ ဘယ်လိုမှ မကိုက်တာကြောင့် အခုလို ပင်လယ်နမ်း ကုန်သည်လုပ်နေခဲ့တာပါ'

'ဘာဖြစ်လို့ ဆရာ့အလုပ်နဲ့ မကိုက်ရတာလဲ ဆရာရယ်'

'ကျနော်က ပိုက်ဆံတောင်းရမှာ အားနာတယ်လေ၊ ဒါကြောင့် သဒ္ဓါကြေးပဲယူတယ်၊ စေတနာနဲ့ ကုသပေးတယ်၊ စေတနာဆရာကို လူတွေက စေတနာမပါကြဘူး၊ ရောဂါပျောက်သွားတာနဲ့ တန်ရာတန်ကြေး မပေးချင်ကြတော့ဘူး၊ ကျနော်ကလည်း ပေးသမျှပဲယူတာ၊ ဒီတော့ ကျနော့ရဲ့ ဆရာလုပ်ငန်းက ကျနော့်မိသားစုကို ထမင်းဝအောင် မကျွေးနိုင်ခဲ့ဘူး။ ဒါကြောင့် ဆရာလုပ်ငန်းနဲ့ မစားလောက်တာနဲ့ ပင်လယ်နှမ်းကုန်သည် ဖြစ်လာခဲ့ရတာပဲ'

'ကျမတို့က ဒီလိုမဟုတ်ပါဘူး ဆရာရယ်၊ ငွေစကားပြောတာတော့မဟုတ်ပါဘူး၊ ကျမရောဂါသာ ပျောက်မယ်ဆိုရင် ကျမတို့ရှိတဲ့ စည်းစိမ်တွေ ပုံပေးဆိုလဲ ပုံပေးပါမယ်။ ကျမရောဂါကိုသာ ကုသပေးခဲ့ပါ ဆရာရယ်၊ တောင်းပန်ပါတယ်၊ ကျမကို ကယ်ပါ'

'ဟာ . . . မမြင့် နင်ကလည်း စကားပြောလိုက်ရင် သိပ်အာရုံလွန်တာပဲ၊ ဒါကြောင့် နင်တို့ ဒုက္ခဖြစ်ဖြစ်နေတာ'

ဦးတင်လှက ဒေါ်မြကို ဟန့်တားပြောဆိုလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဒေါ်မြက ဘဝင်မကျစွာ ပြန်ပြောလိုက်သည်။

'ရှင်တို့က ခံစားရတာမှ မဟုတ်တာ၊ ကိုယ်တိုင်မခံစားရတော့ ကိုယ်ချင်းစာတရား ဘယ်ရှိပါ့မလဲ'

'ကိုယ်ချင်းမစာလို့ ပြောနေတာမဟုတ်ဘူး။ နင်

ဒီလိုနဲ့ ကုန်နေတာ ဘယ်လောက်ရှိနေပြီလဲ

အဲဒါကြောင့် ပြောနေရတာ'

ဆရာမှာ ဦးတင်လှက အယုံအကြည်မရှိသေးကြောင်း ရိပ်စားသိရှိလိုက်သဖြင့် မခံချင်စိတ် ဖြစ်သွားခဲ့တော့သည်။ ထို့ကြောင့် ဆရာက တစ်ချက်ပြုံးလိုက်ပြီး ဦးတင်လှကို ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

'ရှိသမျှစည်းစိမ်တွေသာမကဘူး တစ်မျိုးလုံး တစ်ဆွေလုံးရဲ့ ရှိသမျှစည်းစိမ်တွေပုံပေးလည်း ကျနော်မလိုပါဘူး၊ နဂိုကတည်းက ငွေမမက်လို့ ငွေမငမ်းလို့ ဆရာအလုပ်ကို စွန့်လွှတ်ခဲ့တာ၊ စောစောလေးကတင် ကျနော်ပြောခဲ့ပြီးပြီပဲ၊ ဒါပေမဲ့ ဟောဒီက ဦးလေးက ဂမ္ဘီရပညာရှင်တွေကို လူလိမ်လူညာတွေလို့ ထင်နေပုံရတယ်၊ ကျနော်ကလည်း အဲ့ဒီလိုလူမျိုးနဲ့မှ တွေ့ချင်တာ၊ ဒီအခေါ်ကို ငွေအယ်လောက်ပေးပေး ကျနော် ကုပေးမှာမဟုတ်ဘူး။ ကျနော် ပြန်မှာပါ၊ ဒါပေမဲ့ ဒီအခေါ်ကို "ပညာသည်"က လုပ်ထားတယ် ဆိုတာကိုတော့ ကျနော် လက်တွေ့သက်သေပြ ခဲ့ပါမယ်၊ ကျနော့်ကိုတော့ လင်ပန်းတစ်ချက်နဲ့ မြေဖြူခဲတစ်ချောင်းလောက်သာ ရှာပေးပါ'

ဦးတင်လှမှာလည်း လက်တွေ့ကြုံမှ ယုံမည့်သူဖြစ်သည်။ ထို့ကြောင့် ကြေးလင်ပန်းတစ်ချပ်နှင့် မြေဖြူတစ်ချောင်းကို ရှာဖွေပေးခဲ့သည်။ ကြေးလင်ပန်းနှင့်မြေဖြူရသောအခါ ဆရာက ကြေးလင်ပန်းပေါ်တွင် မြေဖြူခဲနှင့်အင်းကွက်တစ်ခုကို ရေးခြစ်ပြီး ပြောလိုက်သည်။

'ဒီအင်းက 'ဂမုန်းပန်းစုံ'အင်းလို့ ခေါ်တယ်၊

ကဝေမျောက်စုန်းပညာသည်တွေ အကြောက်ဆုံး အင်းတစ်ကွက်ပဲ၊ ကဝေမျောက်စုန်းပညာသည်ဟာ ဦးလေးတို့နောက်ဖေးခြံစပ်က အုန်းပင်မှာ သူ့'ပညာစက်'တွေကိုထားတယ်၊ ဦးလေးတို့ နောက်ဖေးစပ်မှာ အုန်းပင်တစ်ပင် ရှိတယ် မဟုတ်လား'

'ဟုတ်တယ် ရှိတယ်'

'ကျနော့်ကို လိုက်ပြပေးပါ'

ထို့ကြောင့်

ဦးတင်လှကဦးဆောင်ကာ မိသားစုနှင့်အတူ ဧည့်သည်က အိမ်နောက်ဖက်သို့ လိုက်သွားခဲ့သည်။ ဒေါ်မြအား ပင်လယ်နှမ်းဝယ်ယူသူဧည့်သည်လူရွယ်က ရွာသူပြုစားထားကြောင်း လက်တွေ့ပြသပေးမယ်ဟု တဆင့်တစကား တဆင့်နားနှင့် ကြားသိကာလာရောက်ကြည့်ရှုသူတွေလည်း ရှိနေခဲ့ကြသည်။ ထို့ကြောင့် ဦးတင်လှ၏ ဝင်းခြံထဲတွင် လူစည်းကားနေခဲ့တော့သည်။

အုန်းပင်နားသို့ရောက်သည်နှင့် ဆရာက အင်းကွက်ချထားသော ကြေးလင်ဗန်းကို တတွတ်တွတ် မန်းမှုတ်နေခဲ့သည်။ ထို့နောက် ပရိတ်သတ်ကို အုန်းပင်နှင့်ခပ်ဝေးဝေးတွင်နေစေပြီး အသံနေအသံထားနှင့် ဟန်ပါပါပြောဆိုလိုက်တော့သည်။

'သက်ဆိုင်သူတွေ သိစေ၊ မြင်စေ၊ ကြားစေ၊ ဟောဒီအိမ်ရှင် ဒေါ်မြရဲ့ဝမ်းဗိုက်ထဲမှာ အပင်းလုံးသွင်းထားတဲ့ ကဝေမျောက်စုန်းပညာရှင်ရဲ့ ပညာစက်တွေ ဟောဒီအုန်းပင်မှာ ချုပ်ပြီးတုပ်ပြီးဖြစ်စေ၊ ငါ့ ဆရာ့အမိန့်၊ မရမချင်း ခွာခွင့်မရှိစေရ၊ ဆိုင်ရာပိုင်ရာက ထိန်းချုပ်ထားကြစမ်း၊ အမိန့်မနာခံရင် ဆင်ပိုင်က

ဆင်နဲ့နင်း၊ မြင်းပိုင်က မြင်းနဲ့နင်း၊ ကြိုးပိုင်က
ကြိုးနဲ့တုတ်၊ ကြိမ်ပိုင်က ကြိမ်နဲ့ရိုက်၊ ငါဆရာ
အမိန့်၊ အထက်ဆရာကြီးများ အမိန့်တော်၊
ဟိတ်. .'

ဆရာက ဟန်ပါပါလုပ်ကိုင်ပြောဆိုနေသဖြင့် ပရိသတ်မှာ စိတ်ဝင်စားစွာ ငြိမ်သက်ကြည့်ရှုနေခဲ့ကြသည်။ ထို့နောက် ဆရာက ဆက်ပြောလိုက်ပြန်သည်။

'ဟဲ့ . . . ကဝေမျှောက်စုန်း ပညာသည်၊ နင်
ဘယ်သူဆိုတာ ငါသိတယ်၊ ငါ ဘယ်သူဆိုတာ
လည်း နင်သိတယ်၊ အပြစ်ပေးမခံချင်ရင်
ကာယကံရှင်တွေသိအောင် နင်ဝန်ခံရမယ်၊
ဝန်ခံရင် နင့်ကို အပြစ်မယူဘူး၊ ဒေါ်မြကို နင်
လုပ်ထားတယ်ဆိုတာ ဝန်ခံရင် အုန်းပင်ပေါ်က
အုန်းသီးတွေကိုကန်ချလိုက်စမ်း၊ ဟိတ် . . .
ကန်ချစမ်း'

အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ အုန်းပင်ပေါ်ကိုလည်း စိတ်ဝင်တစားကြည့်နေခဲ့ကြသည်။ သို့သော် အုန်းသီးတွေက အုန်းပင်ပေါ်မှကျမလာခဲ့၊ ထို့ကြောင့် ဆရာက အုန်းပင်ပေါ်ကိုမော့ကြည့်ကာ ရိပြုံးပြောဆိုလိုက်သည်။

'အေးလေ . . . နင်က ငါ့ကိုအရှက်ခွဲချင်
နေတော့လည်း ငါကလည်း ငါ့အကြောင်း ပြရ
သေးတာပေါ့၊ ငါက မေတ္တာနဲ့ ပြောတယ်၊ နင်က
ငါ့ကိုအရှက်ခွဲတယ်၊ ဒီတော့ ငါ့ရဲ့ဂမုန်းပန်းစုံ
အင်းနဲ့ ခံနိုင်ရင်ခံပေတော့'

ဆရာက ဝါးခြမ်းပြားတစ်ချောင်းကိုရှာဖွေ ကောက်ယူလိုက်သည်။ ထို့နောက် အုန်းပင်ပေါ်ကိုမော့ကြည့်လိုက်ပြီး အသံ

ကျယ်ကျယ်နှင့် ပြောဆိုလိုက်ပြန်သည်။

'ကဲ . . . ဒေါ်မြဝမ်းဗိုက်ထဲက အပင်းလုံးဟာ နင်ပြုစားခဲ့တာဆိုရင် ဒုန်းပင်ပေါ်က ဒုန်းသီးတွေကို ကန်ချလိုက်၊ ဝန်မခံဘူး ဆိုရင်တော့ ဂမုန်းပန်းစုံအင်း အစီအရင်အတိုင်း ခံစားရစေ'

'ဂျမ်း . . . ဂျမ်း . . . ဂျမ်း . . . ဂျမ်း . . . ဂျမ်း . . .'

'ဖုန်း . . . ဖုန်း . . . ဖုန်း . . . ဖုန်း . . .'

'အမလေး . . . လေး'

'ဟာ . . . ဒုန်းသီးတွေ ပြုတ်ကျလာပြီ'

'ကဝေမျောက်စုန်းပညာသည်က ဂမုန်းပန်းစုံအင်းဒါဏ် မခံနိုင်လို့ ကန်ချနေတာဖြစ်မယ်၊ ဝေးဝေးနေကြ'

'အေးဟယ် . . . လက်တွေ့မဟုတ်ရင် ယုံနိုင်စရာတောင် မရှိဘူး'

'ဒီဆရာ တကယ်စွမ်းတာပဲ'

ဆရာက အင်းကွက်ချထားသော ကြေးလင်ဗန်းကို ဝါးခြမ်းပြားနှင့် အဆက်မပြတ်တီးခတ်လိုက်ရာ ဒုန်းပင်ပေါ်မှ ဒုန်းသီးတွေ တဖုန်းဖုန်းကြွေကျလာနေတော့သည်။ ထို့ကြောင့် ဝိုင်းအုံကြည့်နေကြသောပရိသတ်မှာ အမျိုးမျိုးထင်ကြေးပေး ပြောဆိုနေခဲ့ကြခြင်းဖြစ်သည်။ ဦးတင်လှနှင့် မိသားစုမှာလည်း အသက်ရှူရန်ပင် မေ့မျောသွားသည်အထိ အံ့ဩထိတ်လန့် သွားခဲ့ကြရသည်။ ဒုန်းသီး အလုံးသုံးဆယ်ခန့် ကြွေကျပြီးသောအခါ ဆရာက လင်ဗန်းကိုတီးခတ်နေရာမှ ရပ်လိုက်သည်။ ထို့နောက် ဦးတင်လှကိုကြည့်ကာ ရိုပြုံးပြောဆိုလိုက်သည်။

'ဒီလောက်ဆိုရင်တော့ ဦးလေး ယုံကြည်လောက်ပါပြီနော်'

ဦးတင်လှက ဘာမှပြန်မပြော၊ ထို့ကြောင့် ဆရာက ဆက်ပြောလိုက်ပြန်သည်။

'အဒေါ်ရဲ့ဝေဒနာကို ကျွမ်းကျင်တဲ့ ဆရာတစ်ယောက်ယောက်နဲ့ အမြန်ဆုံး ပြသကုသပေး ပါ၊ ကြာသွားမယ်ဆိုရင် ပညာသည်က သူ့ပညာကို ပြန်နှုတ်လို့ရမှာ မဟုတ်တော့ဘူး၊ ပညာပြန်နှုတ်မရရင် အဒေါ် သေသွားလိမ့်မယ်၊ ကဝေမျောက်စုန်းပညာစက်တွေကို ဒီအုန်းပင်မှာ ကျနော်ချုပ်ထားပေးခဲ့မယ်၊ နောက်ဆရာကုတော့ လွယ်ကူအောင် ကျနော် အကူအညီပေးတဲ့သဘောပါ၊ ကဲ ... ကျနော့်ကို ခွင့်ပြုကြပါအုံး'

'ဆရာ၊ ဆရာ ခဏလေး ... ခဏလေးပါ ဆရာ၊ ခဏလေးနေပါအုံး'

ဆရာကထွက်သွားတော့မည် ဟန်ပြင်လိုက်သဖြင့် ဦးတင်လှက ကမန်းကတန်း တားမြစ်ပြောဆိုလိုက်ခြင်းဖြစ်သည်။

ထို့နောက်

ဦးတင်လှက ဆက်လက်ပြောဆိုလိုက်သည်။

'ကျနော် ယုံပါပြီဆရာရယ်၊ ကျနော် တောင်းပန်ပါတယ်၊ ကျနော့်ဇနီးရဲ့ ရောဂါကိုလည်း တစ်ခါတည်းပဲ ကုသပေးခဲ့ပါလို့ အနူးအညွတ် တောင်းပန်ပါတယ် ဆရာရယ်'

ဦးတင်လှက ပင်လယ်နှမ်းဝယ်သူ လူရွယ်ကို ဆရာအဖြစ် အသိအမှတ်ပြုလိုက်ပြီဖြစ်သည်။ ထို့ကြောင့် ဇနီးဖြစ်သူ၏ ရောဂါ

ဝေဒနာကို ကုသပေးပါရန် တောင်းပန်ပြောဆိုနေခဲ့သည်။ လာရောက်ကြည့်ရှုနေသူတွေကလည်း ဝိုင်းဝန်းပြောဆိုနေခဲ့ကြပြန်သည်။ အားလုံးက ဝိုင်းဖွဲ့တောင်းပန် ပြောဆိုနေခဲ့ကြသဖြင့် နောက်ဆုံးတွင် ဆရာဖြစ်သူက ဒေါ်မြအား ငါးနာရီနှင့်ပျောက်ကင်းရန် သဘောတူခဲ့လိုက်ရတော့သည်။

ဆရာက သဘောတူခဲ့သော်လည်း ပညာကြေးဘယ်၍ဘယ်မျှ ပူဇော်ကန်တော့ရမည်ကို ဆရာကမပြောခဲ့။ ထို့အတူ ဦးတင်လှတို့ကလည်း ဆရာကိုမမေးရဲ၊ မမေးရဲသော်လည်း ရန်ကုန်တွင် သွားရောက်ကုသရန် စုဆောင်းထားသောငွေနှစ်သိန်းကို ကန်တော့လိုက်မည်ဟု ဦးတင်လှက စိတ်ကူးထားခဲ့သည်။

x x x x x

## " အပင်းချဆေး တိုက်ကျွေးပြီ "

ထို့ကြောင့်

နောက်တစ်နေ့တွင် ဒေါ်မြအားကုသရန် စီစဉ်လုပ်ဆောင်ခဲ့ကြသည်။ ဆရာသည် ဘုရားစင်ရှေ့တွင် ကန်တော့ပွဲသုံးပွဲ ပြင်ခိုင်းပြီး။ အမွှေးတိုင် ဖယောင်းတိုင်များကိုလည်း ထွန်းညှိစေခဲ့သည်။ ဒေါ်မြ၏ကြာသပတေးနံသင့် မေမြို့ပန်း တစ်ဆယ့်ကိုးပွင့်ကိုလည်း ညောင်ရေအိုးနှင့် ဘုရားပန်းထိုးခိုင်းသည်။ သူ၏လွယ်အိတ်ထဲမှ ဆေးလုံးလေး သုံးလုံးကို ပုဂံပြားလေးတွင်ထည့်၍ကန်တော့ပွဲများရှေ့တွင် ချထားလိုက်သည်။

ထို့နောက်

ဆရာက ဦးတင်လှကို ပြောလိုက်သည်။

'ဒီကန်တော့ပွဲသုံးလုံးက အလယ်ကပွဲက ဘုရားပွဲ ညာဖက်ကပွဲက ပညာပွဲ ဘယ်ဖက်ကပွဲက ပြည့်ဝ စာပေ

ဆရာ့ပွဲ၊ ဆေးဝါးကုသမှုအတွက် ဆရာ့ပွဲ မှာ ဦးလေးစဝ်ပို့စေတနာရှိသလောက် လာတင်ပေးပါ'

ထို့နောက်

ဆရာကတစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ပြောလိုက်ပြန်သည်။

'ကျနော်က ဘာမှမကုရသေးပဲ၊ ပညာပူဇော်ကြေး တောင်းနေလေတော့၊ တစ်ချို့က တွေးကောင်းတွေးနေကြပါလိမ့်မယ်၊ ဆရာက ဆေးကုပေးပြီး မနက်ဆိုရင် ငွေတွေယူပြီး ပြန်သွားမှာ၊ ဆရာပြန်သွားပြီးမှ ရောဂါဝေဒနာ မပျောက်ရင် ဘယ်လိုလုပ်မလဲ၊ ပျောက် မပျောက် သေသေချာချာ မသိသေးပဲ ဆေးကုသခပေးလို့ ဖြစ်ပါ့မလား စသည်ဖြင့် တွေးနေသူတွေ ရှိကောင်း ရှိနေပါလိမ့်မယ်၊ ဒါကြောင့် အားလုံး သံသယရှင်းသွားရအောင် ပညာပူဇော်ကြေးကို အခုမတင်ပါနဲ့အုံး၊ ဒေါ်ပေါ့ကို ဆေးကုသပြီး ကျနော် ဒီနေရာမှာ တစ်ပါတ်တိတိ နေပေးပါ့မယ်၊ တစ်ပါတ်အတွင်းမှာ ဒေါ်ဒေါ်ရဲ့ ရောဂါဝေဒနာ ပျောက်ပြီဆိုမှ၊ ကျနော့်ကို စေတနာရှိသလောက် ကန်တော့ပါ၊ ကျနော်က စေတနာကိုပဲ အဓိကထားတာပါ။ ကျနော် စေတနာပျက်ခဲ့ရင် အထက်ပုဂ္ဂိုလ်တွေက ကျနော့်ကို ဒါဏ်ခတ်ကြမှာ၊ အဲ . . . ကျနော့်အပေါ် စေတနာပျက်ခဲ့ရင်လည်း အဲ့ဒီလူကို အထက်ပုဂ္ဂိုလ်တွေက

ပြင်းပြင်းထန်ထန် ဒါဏ်ခတ် အပြစ်ပေးမှာ
ဖြစ်ပါတယ်။ ဒါကြောင့် ကျနော့်ဘက်ကတော့
စေတနာထားကူသပေးရုံပဲ ရှိပါတယ်'

ဆရာပြောသကဲ့သို့ပင် တွေးထင်သူတွေရှိနေသဖြင့် ဆရာသည်တခြားသူတွေ၏ စိတ်ကူးအတွေးတွေကို သိရှိနေသည်ဟု တွေးထင်ကာ ဆရာကိုအထင်ကြီးနေကြသကဲ့သို့ ကြောက်လည်းကြောက်နေခဲ့ကြလေတော့သည်။ ဆရာက ပရိသတ်၏ အခြေအနေကို ရိပ်စားမိနေသဖြင့် ဆက်ပြောလိုက်ပြန်သည်။

'နောက်တစ်ခုက ကျနော်တို့ပညာဟာ သူ
တစ်ပါးကို ဒုက္ခရောက်အောင် မလုပ်ရပါဘူး၊
တစ်ဦးတစ်ယောက် ဒုက္ခရောက်အောင် လုပ်ခဲ့
မိရင် အထက်ပုဂ္ဂိုလ်တွေက ဒါဏ်ခတ်ပါတယ်၊
ဒါဏ်ခတ်ခံခဲ့ရရင် ကျနော်တို့မှာ ပညာလည်း
ပျက်ပါတယ်၊ ဒါကြောင့် ဒီအခေါ်ကို အပင်း
ထည့်ထားတဲ့ ကဝေမျောက်စုန်းပညာသည်ဟာ
ဘယ်သူဘယ်ဝါဆိုတာ ပြောပြလို့မရပါဘူး၊
ဦးလေးတို့ မိသားစုနဲ့ ကဝေပညာရှင် ပြဿနာ
ဖြစ်မှာစိုးလို့ပါ။ အဓိကက ဒေါ်ဒေါ်ရဲ့ဝေဒနာ
ပျောက်ကင်းသွားဖို့ပဲ အရေးကြီးတာပါ၊
ကျနော် ပြောတာ ဟုတ်တယ်နော်'

ထို့ကြောင့် ဆရာဖြစ်သူကို ပိုမိုလေးစားသွားခဲ့ကြပြန်သည်။ ထို့အပြင် 'စေတနာပျက်ရင် ပြင်းပြင်းထန်ထန် ဒါဏ်ခတ်ခံရမည်' ဆိုသောဆရာ၏စကားကိုလည်း ကြောက်ရွံ့နေခဲ့ကြတော့သည်။ ဦးတင်လှမှာ ဆရာဖြစ်သူကို အကြွင်းမဲ့ယုံကြည်လေးစားသွားပြီ ဖြစ်သဖြင့် ဆရာက တားမြစ်ပြောဆိုနေသည့်ကြားမှပင် ငွေကျပ်နှစ်သိန်းကို ချက်ချင်းပင် ကန်တော့ပွဲ

တွင် တင်ပေးလိုက်လေတော့သည်။

ထို့ကြောင့်

ဒေါ်မြကိုကုသရန် ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။ ဆရာသည် ဒေါ်မြကိုကန်တော့ပွဲများရှေ့တွင် ထိုင်နိုင်းလိုက်ပြီး ငါးပါးသီလ ခံယူစေခဲ့သည်။ ဒေါ်မြ ငါးပါးသီလယူပြီးသောအခါ ဒေါ်မြ၏ ဆံထုံးကို ဖြေချနိုင်းလိုက်သဖြင့် ဆံပင်ဖားလျားဖြစ်သွားတော့သည်။ဆရာသည် ဖန်ခွက်ထဲမှရေတွေကိုမန်းမှုတ်ပြီး ဒေါ်မြ၏ဦးခေါင်းကို ရေမန်းနှင့် ပွတ်သပ်ပေးလိုက်သည်။ ထို့နောက် ကန်တော့ပွဲများဖက်သို့လှည့်ကာ ရွတ်ဖတ်ပြောဆိုနေခဲ့ပြန်သည်။ ပြီးလျှင် ပုဂံပြားထဲမှဆေးလုံးတွေကိုယူပြီး ပရိသတ်ဖက်ကိုလှည့်ပြီး ပြောလိုက်သည်။

'ဒီဆေးလုံးလေးတွေဟာ အပင်းကျဆေးလုံးလေးတွေဖြစ်ပါတယ်၊ ကဝေမျောက်စုန်းပညာတွေကို ပယ်ဖျက်စေနိုင်တဲ့ ဂမုန်းပန်းစုံအင်းအစီအရင်နဲ့ စီရင်ပြုလုပ်ထားတဲ့ အပင်းကျဆေးလုံးတွေပါ၊ ဒီဆေးလုံးလေးတွေ တိုက်ကျွေးလိုက်တာနဲ့ ဒေါ်ဒေါ်ရဲ့ ဗိုက်ထဲက အပင်းလုံးတွေ အပြင်ကိုရောက်လာဖို့အတွက် ဒေါ်ဒေါ်ဝမ်းသွားပါလိမ့်မယ်၊ ဒါကြောင့် ဒေါ်ဒေါ်ဝမ်းသွားရင် မကြောက်ကြပါနဲ့လို့ ကြိုတင်ပြောပြနေတာပါ'

ထို့နောက်

ဆရာက ဒေါ်မြကို အပင်းကျဆေးလုံးတွေကို ရေမန်းနှင့် တိုက်ကျွေးလိုက်သည်။ ဆေးသောက်ပြီးမကြာခင်မှာပင် ဒေါ်မြဝမ်းသွားခဲ့တော့သည်။ ဝမ်းသွားရာတွင် 'အစိမ်းရောင် အရိအရွဲ' ဘွသာဖြစ်နေသဖြင့် အံ့ဩ ထိပ်လန့်နေခဲ့ကြတော့သည်။

ထို့ကြောင့် ဆရာက မကြောက်ကြရန်နှင့် အစိမ်းရောင် အရိအရွဲ များမှာ အပင်းလုံးအကြေအပျက်တွေဖြစ်ကြောင်း ရှင်းပြပြောဆို ခဲ့ရပြန်သည်။ ဒေါ်မြမှာ သုံးလေးကြိမ်ခန့် ဝမ်းသွားပြီးသောအခါ အိပ်ပျော်သွားခဲ့တော့သည်။

ထို့ကြောင့်

ဆရာက ပြောလိုက်သည်။

'ဒေါ်ဒေါ်ရဲ့ရောဂါဝေဒနာ ပျောက်ကင်းသွား ပါပြီ။ အပင်းလုံးတွေ ကြေပျက်သွားခဲ့တာလည်း အားလုံးအမြင်အတွေ့ပါပဲ၊ ကျနော် ပြောခဲ့သလို ကုသချိန်ကလည်း ငါးနာရီလောက်ပဲရှိပါတယ်၊ ဒါကြောင့် အခုအချိန်ကစပြီး ဒေါ်ဒေါ့်မှာ ဗိုက်အောင့်ရောဂါဝေဒနာ လုံးဝပျောက်ကင်း သွားခဲ့ပြီဖြစ်ပါတယ်၊ ကျနော် ဒီကနေ့ကစပြီး တစ်ပါတ်တိတိ စောင့်နေပေးပါမယ်'

သို့နှင့်

တစ်ပါတ်တိတိပြည့်လာခဲ့ပြီဖြစ်သော်လည်း ဒေါ်မြမှာ ဗိုက်မအောင့်တော့၊ ဒေါ်မြ၏ရောဂါဝေဒနာပျောက်ကင်းသွားခဲ့ပြီ ဖြစ်သဖြင့် အားရဝမ်းသာဖြစ်နေကြရသကဲ့သို့ ဆရာကိုလည်း အထင်ကြီး ချီးကျူးနေခဲ့ကြတော့သည်။ တစ်ပါတ်ပြည့်ပြီးနောက် တစ်နေ့တွင် ဆရာမှာ ငွေနှစ်သိန်းကိုယူကာ ပြန်သွားခဲ့သည်။ ဆရာပြန်သွားခဲ့ပြီး လေး-ငါးရက်အကြာတွင် ဒေါ်မြမှာ ယခင်က အတိုင်း ဗိုက်အောင့်လာခဲ့ပြန်သည်။ မနေနိုင်မထိုင်နိုင်အောင် ပြန်အောင့်လာခဲ့ခြင်းဖြစ်သည်။

ဒေါ်မြ၏ဝေဒနာဖြစ်စဉ်မှာ ဆယ့်လေးငါးရက်တစ်ကြိမ် ဗိုက်အောင့်လာလေ့ရှိသည်။ သုံး-လေး-ငါးရက်ခန့်အပြင်းအထန် ခံစားနေရပြီးနောက် ဆယ့်လေးငါးရက်ခန့် သက်သာသွားခဲ့

ပြန်သည်။ ဆယ့်လေးငါးရက်ကောင်းနေပြီးနောက် ပြန်အောင့်နေခဲ့ပြန်သည်။ ဤကဲ့သို့ ဖြစ်နေခဲ့သည်မှာ တစ်နှစ်ပင်ကျော်ခဲ့ပြီဖြစ်သည်။ ဆရာသည် ဒေါ်မြဗိုက်အောင့်ပြီးစရက်တွင် ဆေးကုသပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဒေါ်မြဗိုက်အောင့်ပျောက်သွားခဲ့ခြင်းမှာ ဆရာကုသပေးသောကြောင့် ဗိုက်အောင့်ပျောက်သွားခဲ့ခြင်းမဟုတ်ပဲ ဖြစ်စဉ်အတိုင်း ဖြစ်နေခဲ့ခြင်းဖြစ်သည်။ ဤသည်ကို ဆရာကုသပေးခဲ့သဖြင့် ပျောက်ကင်းသွားခဲ့သည်ဟု တွေးထင်နေမိခဲ့ခြင်းကဖြစ်သည်။ ဆရာသမား၏ ဂုဏ်ပြသမှုများနှင့် ဆရာ၏ခြောက်လှန့်ပြောဆိုမှုတွေကြောင့် ရောဂါဖြစ်လေ့ရှိသည့် ဖြစ်စဉ်ကို မေ့လျော့သွားခဲ့ကြခြင်းဖြစ်သည်။ နောက်ဆုံးတွင် ဦးတင်လှတို့မိသားစုမှာ ဒေါ်မြကို ရန်ကုန်မြို့သို့ သွားရောက် ကုသပေးခဲ့ကြရတော့သည်။ ရန်ကုန်မြို့တွင် သွားရောက်ကုသမှ ဒေါ်မြ၏ရောဂါဝေဒနာမှာ လုံးဝပျောက်ကင်းသွားခဲ့လေ တော့သည်။

x x x x x

## " ဂမုန်းပန်းစုံ အစီအရင်ရှင်းတမ်း "

အထက်ပါဖြစ်စဉ်နှင့်ပါတ်သက်၍ စုံစမ်းလေ့လာကြည့်ရာတွင် ဆရာဆိုသူသည် ပြဒါး၊ အုန်းပင်၊ ကြေးလင်ဗန်းနှင့် ကျောက်ဖရုံသီးအညှာလေးများကိုအသုံးပြုကာ ဂမ္ဘီရပညာကို ခုတုံးလုပ်ကာ လိမ်ညာသွားခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ အုန်းပင်၏ ပင်စည်ကိုဖောက်ကာ ပင်စည်ထဲတွင် ပြဒါးထည့်ပြီး အုန်းပင် အောက်မှ ကြေးနှင့်ပြုလုပ်ထားသော အရာဝတ္ထုတစ်ခုခုကို အဆက် မပြတ် တီးခတ်အသံထွက်စေလျှင် အုန်းပင်ပေါ်မှ အုန်းသီးတွေ ကြွေကျလာတော့သည်။ အဆက်မပြတ် တီးခတ်နေပါက အသံထွက်နေသမျှ အုန်းသီးတွေ ကြွေကျနေမည်ဟု

လေ့လာသိရှိရသည်။

ဝမ်းသွားရာတွင် အစိမ်းရောင်အရိအရွဲတွေ ဖြစ်နေခဲ့ခြင်းမှာ ကျောက်ဖရုံသီးအညှာများ၏ စွမ်းအင်သတ္တိကြောင့်ပင် ဖြစ်သည်။ ကျောက်ဖရုံသီးအညှာလေးတွေကို နေရိပ်ထဲတွင် အခြောက်ခံ အမှုန့်ပြုလုပ်ပြီး ထန်းလျက်နှင့်လုံးပြီးစားပါက ဝမ်းသက်စေသည်။ ဝမ်းသက်ရာတွင်လည်း အစိမ်းရောင် အရိအရွဲတွေသာပါရှိသည်ဟု လေ့လာသိရှိခဲ့ရသည်။ ကန်တော့ပွဲဖြစ်ခြင်း၊ မန်းမှုတ်ခြင်း၊ ဟိတ်ဟောက်ပြောဆိုခြင်းနှင့် ဂမုန်းပန်းစုံအင်းနှင့် ဆံပင်ဖားလားချခြင်းစသည်တို့မှာ သဏ္ဍာန်လုပ် သရုပ်ဆောင်ခြင်းသာဖြစ်သည်။

ထို့ကြောင့်

ကဝေမှော်စုန်း ဂမုန်းပန်းစုံ ဇာတ်လမ်းအား သုံးသပ်ကြည့်မည်ဆိုလျှင် ဆရာဆိုသူသည် ဒေသခံတစ်ဦးတစ်ယောက်နှင့် ပူးပေါင်း ကြံစည်ခဲ့ခြင်းဖြစ်နိုင်ပေသည်။ ဒေသခံမှတဆင့် ဦးတင်လှ ၏ မိသားစုအခြေအနေ၊ အိမ်ခြံအနေအထား၊ စီးပွားရေးအခြေအနေနှင့် ဒေါ်မြ၏ ဝိုက်အောင့်ရောဂါအခြေအနေ၊ ရန်ကုန်တွင် သွားရောက်ကုသရန် ငွေကြေးစုဆောင်းထားရှိမှု စသည်တို့ကို ကြိုတင်သိရှိပြီး ဖြစ်ပေလိမ့်မည်။ ဒေသခံ၏အကူအညီနှင့် အုန်းပင်အတွင်း ပြဒါးထည့်သွင်းခဲ့ခြင်း ဖြစ်နိုင်သည်။ အုန်းသီးများ ပြုတ်ကျလာခဲ့သော အုန်းပင်အား ကြည့်ရှုစစ်ဆေးကြည့်ခဲ့ကြရာ အုန်းပင်ခြေတွင် အပေါက်ဖောက်ပြီး ပြဒါးထည့်ထားသည်ကို ဦးတင်လှတို့ သိရှိခဲ့ကြရသည်။ စနစ်တကျ ဇာတ်တိုက်လုပ်ကိုင်ပြီးမှ ဆရာဆိုသူက ဦးတင်လှ၏အိမ်သို့ မိကျောင်းကွမ်းဖက်ခေါင်းပင်လယ်နှမ်း ဝယ်ယူသူအဖြစ် သရုပ်ဆောင် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆေးကုသခမပေးဘဲ မနေရဲအောင် စေတနာမပါလျှင် ဒဏ်ခတ်ခံကြရမည်ဟု ခြောက်လှန့်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ပြည့်ဝ စာပေ

ထို့ကြောင့်

လောကတွင် အစစ်ရှိလျှင် အတုအယောင်တွေလည်း ရှိလာမည်မှာ သဘာဝပင်ဖြစ်သည်။ ထိုအတုအယောင်များကြောင့် ပင်လျှင် အစစ်အမှန်ပညာရှင်များ သိက္ခာကျကြရသည်။ အထင် အမြင် အသေးခံနေ ကြရသည်။ အစစ်အမှန်ပညာရပ်တွေ သေးသိမ်မှေးမှိန်နေခဲ့ကြရသည်။ အယုံအကြည်ကင်းမဲ့ခံနေကြရသည်။ အများပြည်သူတွေ အလိမ် အညာခံနေကြရပြီး နစ်နာဆုံးရှုံးကြရသည်။ မည်သို့ပင်ဖြစ်စေ၊ အယောင်ဆောင်အတုအယောင်တွေကတော့ ဘယ်သူသေသေ ငတေမာရင်ပြီးရောက် ဆက်လက်ရှိနေကြဦးမည်သာ ဖြစ်သည်။

အမှန်တကယ်တွင်မူ ဂမ္ဘီရနယ်မြေသည် လျှို့ဝှက်သော၊ နက်ရှိုင်းသော၊ သန့်ရှင်းသော၊ သူတော်ကောင်းတရားများ လွှမ်းမိုးနေသော သူတော်ကောင်းတို့၏ နယ်မြေတစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် ဂမ္ဘီရနယ်မြေကို ညှိုးမှိန်ညစ်ထေးအောင် ပြုလုပ်နေသူများ၏ လုပ်ရပ်များနှင့် အစစ်၊ အတု ဤနှစ်ခုကို ခွဲခြားသိမြင်နိုင်စေရန် ရည်သန်၍

မင်းသစ္စာလှိုင် (ထားဝယ်)

* ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ သုရဿမဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၂

. . . . .

'ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ'

## ‘‘ ကံဆိုးကံမှောင် ’’

မင်းသစ္စာလှိုင် (ကဒုံကနီ)

သာခင်တို့ပါလား။

မြအောင်သည် အိမ်ရှေ့ဝင်လာသော သာခင်ကို ကြည့်ကာ ရေရွတ်ပြောဆိုလိုက်သည်။ သာခင်နှင့်အတူ ညွှန့်သည် တစ်ယောက်လည်း ပါရှိလာခဲ့သည်။ ထို့ကြောင့် မြအောင်က နှုတ်ဆက် ပြောဆိုလိုက်သည်။

'သာခင် ဘယ်လဲ ညွှန့်သည်လည်း ပါလာတာကို လာကြ။ မဝေရေ သာခင်တို့ လာတယ်၊ ညွှန့်သည်လည်း ပါလာတယ်။ လက်ဖက်သုတ်ခဲ့ပါကွာ'

မြအောင်က ဧနီးဖြစ်သူကို လှမ်းအော်ပြောဆိုကာ သာခင်နှင့် ညွှန့်သည်ကို ညွှန့်ဝတ်ပြုလိုက်သည်။ မြအောင်နှင့် သာခင်တို့မှာ ကျောင်းနေဘက်သူငယ်ချင်းများလည်း ဖြစ်သည်။ မြအောင်နှင့် သာခင်တို့မှာ ရင်းနှီးချစ်ခင်နေကြသော်လည်း၊ ယုံကြည်ချက် တူညီကြသည်မဟုတ် မြအောင်က လက်တွေ့ သမား၊ လက်တွေ့ကြုံမှ ယုံသည့်လူ၊ သာခင်ကတော့ ထိုသို့မဟုတ် ဗေဒင်နက္ခတ်ကို အကြွင်းမဲ့ယုံကြည်သူဖြစ်သည်။ ဘာပဲလုပ်လုပ် ဗေဒင်မေးပြီးမှ လုပ်သူဖြစ်သည်။ သာခင်သည် ဈေးဝယ်သည့် အခါတွင်ပင် ဗေဒင်ဆရာက ညွှန်ပြပြောဆိုခဲ့သော သူနှင့် နေ့နံတည့်သူ၏ ဈေးဆိုင်တွင်သာ ရွေးဝယ်သည်။ သာခင်မှာ ဤမျှအထိ ဗေဒင်နက္ခတ်ကို ယုံကြည်သူဖြစ်သည်။ ထို့ကြောင့် သူ့အိမ်တွင် ဗေဒင်ဆရာများကို မကြာခဏ တွေ့မြင်နေရလေ့ရှိသည်။ ထို့ကြောင့် ယခု သာခင်နှင့် လိုက်ပါလာသူမှာလည်း

ပေဒင်ဆရာတစ်ယောက်ပင် ဖြစ်ပေလိမ့်မည်ဟု မြအောင် တွေးထင်လိုက်သည်။ ထိုစဉ် သာခင်က ပြောလိုက်သည်။

'သူက ဆရာမောင်လို့ ခေါ်တယ်။ ဝေဒ ထိပ်ခေါင် ဆရာမောင်၊ ငါမြို့ကနေ ဆရာကို ပင့်လာခဲ့တာ'

ဤမျှပြောလိုက်ရင်ဖြင့် မြအောင် သိနေပါတော့သည်။ တွေးထင်ထားသည့်အတိုင်းပင်ဖြစ်နေသဖြင့် မြအောင်က ဘာမှ ဆက်မပြော။ ထို့နောက် သာခင်က ဆက်ပြောလိုက်သည်။

'ဆရာ့ကို ရွာထဲလိုက်ပြရင်း မင်းအိမ်ကို ဝင်လာခဲ့တာ၊ ဆရာ သူကမြအောင်တဲ့ ကျနော်နဲ့တော့ ပြောမနာဆိုမနာ ကျောင်းနေဖက် သူငယ်ချင်း ပေါ့၊ ဒီကောင်က ပေဒင်တွေ ဘာတွေယုံတဲ့ ကောင် မဟုတ်ဘူး၊ လက်တွေ့သမား'

မြအောင်က ဘာမှပြန်မပြော ပြုံး၍သာနေသည်။ ထို့ကြောင့် ဆရာက ဝင်ပြောလိုက်သည်။

'မယုံဘူးဆိုတာ၊ မကြုံဘူးသေးလို့ ဖြစ်ပါလိမ့်မယ်ဗျာ'

ဤတွင် မြအောင်က ပြောလိုက်သည်။

'မယုံဘူး ယုံတယ်ဆိုတာ ဖြစ်စဉ်အကြောင်း အရာပေါ် မူတည်ပါတယ်၊ ကျနော်က တယူသန် အယူသီးနေတာ မဟုတ်ပါဘူး၊ ယုံနိုင်လောက် တဲ့ အခြေအနေဆိုရင်တော့ မယုံလို့ ဘယ်ဖြစ် ပါ့မလဲ၊ ဒါပေမဲ့ မယုံနိုင်စရာအခြေအနေကိုလဲ ယုံလို့ ဘယ်ဖြစ်ပါ့မလဲ ဆရာရယ်'

'ကျနော် ခင်ဗျားလိုလူမျိုးတွေ တော်တော် များများ ကြုံတွေ့ခဲ့ရဘူးပါတယ်။ ကိုမြအောင်

ကျနော်ကလည်း အဲဒီလိုလူမျိုးကိုမှ သဘောကျ
တာ ခင်ဗျားလိုလူမျိုးနဲ့တွေ့မှ သမားဂုဏ်ပြလို့
ကောင်းတာဗျ၊ ကျနော် ခင်ဗျားရဲ့ခြံထဲကို
တစ်ပါတ်လှည့် ကြည့်ခွင့်ရမယ်ဆိုရင်
ကိုမြအောင်နဲ့ ပတ်သက်ပြီး သေချာတာတစ်ခု
ပြောမယ်၊ လွဲသွားခဲ့မယ်ဆိုရင် အခုကျနော့
ဆီမှာ ငွေငါးသောင်းရှိတယ်။ ကျနော်ဟောလို့
ပြောလို့ ရထားတာတွေ ငွေငါးသောင်းရှိတယ်။
အဲဒီ ငွေငါးသောင်းပေးခဲ့မယ်။ မှန်တယ်ဆိုရင်
တော့ ကျနော်ကို ဉာဏ်ပူဇော်ခ ငွေငါးသောင်း
ကန်တော့ ရမယ်။ ဘယ်လိုလဲ'

ဆရာက စိန်ခေါ်သလိုပြောဆိုလိုက်သည်။ ထို့ကြောင့် ကိုမြအောင်က ပြန်ပြောလိုက်သည်။

'မိန်းမနားထဲမှာ နားကပ်ပန်ထားတာ မတွေ့
တာနဲ့ စီးပွားရေးတော်တော်ညံ့နေတာကို
အခြေအနေကြည့်ပြီး ဟောတဲ့ဟောကွက်မျိုး၊
ခင်ဗျားဒီနှစ် ကျန်းမာရေးညံ့မယ်ဆိုတဲ့
မသေချာတဲ့ ဟောကွက်မျိုးတွေကိုပြောတာ'

မြအောင်က စကားကို ဆုံးအောင်မပြောဆို။ ထို့ကြောင့် ဆရာဖြစ်သူက ပြောလိုက်သည်။

'ကျနော် သဘောပေါက်ပါတယ်။ ဘယ်လိုမှ
ငြင်းမရအောင် မှန်တဲ့ဟောကွက်မျိုးကိုပဲ
ဟောမှာပါ၊ ကဲ သဘောတူရင် ကျနော့်ကို
ခင်ဗျား ခြံထဲ တစ်ပတ်လှည့်လာခွင့်ပြုပါ'

ထို့ကြောင့် မြအောင်၏ခြံထဲသို့ လှည့်ပတ်ကြည့်ရှုခဲ့ကြလေ တော့သည်။

ပြည့်ဝ စာပေ

" အလောင်းအစား "

ဆရာ၊ သာခင်နှင့် မြအောင်တို့ ခြံထဲလှည့်ပါတ်ကြည့်နေကြစဉ် ငှက်ပျောပင်များစိုက်ထားရာ နေရာသို့ရောက်ရှိ သွားခဲ့ကြတော့သည်။ ဆရာသည် ငှက်ပျောပင်များကို သေသေချာချာကြည့်နေခဲ့သည်။ ထို့နောက် မတ်တပ်ရပ်ကာ စဉ်းစားသလို လုပ်နေပြန်သည်။ ထို့နောက် ငှက်ပျောပင်များကို လှည့်ပါတ် ကြည့်ရှုနေခဲ့ပြန်သည်။ နောက် စဉ်းစားသလိုလုပ်နေခဲ့ပြန်သည်။ ဤကဲ့သို့သုံးလေးကြိမ် ပြုလုပ်ပြီးနောက် မြအောင်ကို မေးလိုက် ပြန်သည်။

'ကိုမြအောင် ခင်ဗျား ကျနော်နဲ့ တကယ်လောင်းရဲလား'

'ဆရာပြောတာ ကျွန်တော် နားမလည်ဘူး'

'စောစောက ကျနော်ပြောခဲ့တယ်လေ . . . ဘယ်လိုမှ ခြင်းမရအောင် မှန်ကန်တဲ့ဟောကွက်ကို ကျနော်ဟောမယ် မှန်ရင် ကျနော့်ကို ဉာဏ်ပူဇော်ခ ငါးသောင်းကန်တော့ရမယ်၊ မမှန်ရင် ကျနော့်မှာပါလာတဲ့ ငွေငါးသောင်း ပေးခဲ့မယ်'

မြအောင်ကလည်း စိန်ခေါ်ရင် တိမ်ပေါ်အထိ တက်ရဲသူဆိုတော့ ဆရာကို ပြန်ပြောလိုက်သည်။

'ဆရာဆီက ပိုက်ဆံကို အသားလွတ်ယူရတာ မကောင်းပါဘူး ဆရာရယ်'

'ဒါ ကိုမြအောင်က ကျုပ်ကို သက်သက်မဲ့စော်ကားလိုက်တာပဲ မယုံဘူးဆိုရင်လဲ လောင်းကြေး ထွက်လိုက်လေဗျာ၊ ကျုပ်က ရက်ပိုင်းနဲ့ တိတိကျကျဟောမှာ ရက်ပိုင်းဆိုတာလဲ အဝေးကြီးမဟုတ်ဘူး၊ တစ်ပါတ်အတွင်း ဖြစ်လာစေရမယ်။'

ပြည့်ဝ စာပေ

ဤတွင် သာခင်က ဝင်ပြောလိုက်သည်။

'မလုပ်နဲ့မြအောင် ဆရာက မင်းလိုပဲ လက်တွေ့သမား မင်းရှုံးသွားလိမ့်မယ်။ မင်းစေတနာရှိရင် ဆရာကို ဉာဏ်ပူဇော်ခ ငွေငါးသောင်းထန်တော့လိုက်။ မင်းဖို့မှာ သေချာတယ်။ ဖွဲ့လို့ပေးရတယ်ဆိုတာ မကောင်းဘူး။'

ထို့ကြောင့် မြအောင်က သာခင်ကို ပြောလိုက်သည်။

'ရပါတယ်ကွာ၊ မင်းလဲ ငါ့အကြောင်းသိသားပဲ ငွေ ငါးသောင်းက ငါ့အတွက် ပြဿနာမရှိလှပါဘူးကွာ၊ ဆရာ ဟောပြောချက်မှန်တယ်ဆိုလဲ ငါက ကျေကျေနပ်နပ် ပေးလိုက်မှာပါ'

အလောင်းအစား သဘောတူညီခဲ့ကြပြီးဖြစ်သဖြင့် ဆရာက ပြောလိုက်သည်။

'ကဲ ဒါဆို ကိုမြအောင်တို့ အိမ်ပေါ် ပြန်သွားကြမယ်။ အိမ်ပေါ်ကျမှ ကျနော်ဟောမယ်'

ထို့ကြောင့် မြအောင်၏အိမ်ပေါ်သို့ ပြန်ရောက်လာခဲ့ကြလေတော့သည်။

x x x x x

## " အများယုံမှဲ့ သမာဝှက်ပြဟောကွက် "

အိမ်ပေါ်သို့ ပြန်ရောက်လာသောအခါ မြအောင်၏ဇနီးဖြစ်သူမဝေက လက်ဖက်သုတ်ပြီးဖြစ်နေသည်။ ထို့ကြောင့် မဝေက လက်ဖက်ပန်းကန်လာချပေးသဖြင့် မြအောင်က ဇနီးမြမ်သူကို သူနှင့်ဆရာ အလောင်းအစားလုပ်ခဲ့ပုံကို ပြန်လည်ပြောပြလိုက်သည်။ ထို့ကြောင့် မဝေကလည်း စိတ်ဝင်စားသွားသဖြင့် ဆရာဟောပြောမှုကို နားထောင်ရန် စကားဝိုင်းတွင်

ဝင်ရောက်နားထောင်လိုက်သည်။ ထို့နောက် ဆရာက ပြောလိုက်သည်။

'ကျုပ်စဟောတော့မယ်နော် သေသေချာချာ နားထောင် ကျုပ်ကအများယုံကြမဲ့ သမား ဝုဏ်ပြ ဟောကွက်ကိုဟောမှာ ကျုပ်ဟောသလို တစ်ပါတ်အတွင်း ပြလာစေရမယ်၊ ကျုပ် ဒီခြံထဲကို ဝင်လာကတည်းက ဒီခြံဝင်းပိုင်ရှင်ရဲ့ ကုသိုလ်ကံ အခြေအနေကို သိနေခဲ့ရတယ်။ ဘယ်လိုသိနေခဲ့တာလဲ ဆိုတာတော့ မမေးနဲ့ ပေါ့ဗျာ၊ ဒါကရှင်းလို့ဂွယ်သွဲ့ ကိစ္စမဟုတ်ဘူး။ ဒီခြံပိုင်ရှင်ကိုမြအောင်ရဲ့ အတိတ်ဘဝက ကောင်းမှုကုသိုလ်ကံတွေ အကျိုးပေးချိန် ရောက်နေပြီဆိုတာ ကျုပ်သိနေခဲ့ရတယ်၊ မကြာခင်မှာလဲ သိသာထင်ရှားတဲ့ ဝိသေသ ထူးတွေနဲ့ နိမိတ်ပြလာလိမ့်မယ်။

'ဘယ်လိုနိမိတ်ပြလာမှာလဲဆရာ'

မဝေကမေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာက ဆက်ပြောလိုက်ပြန်သည်။

ကံဖူးကံပွင့်နိမိတ်တွေပြလာလိမ့်မယ် မကြာခင် ခင်ဗျား တို့ ခြံထဲကသီးနှံပင်သစ်ပင်တွေမှာ ကံဖူးကံပွင့်နိမိတ်တွေ ပြလာ လိမ့်မယ်။ ကိုမြအောင်ရဲ့ ခြံထဲမှာ ဝုပင်၊ မာလကာပင်၊ ငှက်ပျောပင် သရက်ပင်နဲ့ ကွမ်းသီးပင်တွေကို တွေ့နေရတယ်။ ကျုပ်တိတိ ကျကျပြောရရင် အဲ့ဒီအပင်တွေထဲက ငှက်ပျောပင်မှာ ကံရေကံပွင့် နိမိတ်တွေပြလာလိမ့်မယ်။ ယခုအချိန်ကစပြီး တစ်ပါတ်အတွင်းမှာ ပြလာလိမ့်မယ်။

'ဘယ်လိုပြလာမှာလဲဆရာ'

မဝေကပင် မေးလိုက်ပြန်သဖြင့် ဆရာကပြောလိုက်ပြန်သည်။ ငှက်ပျောပင်ရဲ ငှက်ပျောဖူး၊ ငှက်ပျောနိုင်တွေဟာ ငှက်ပျောပင်ရဲ့ ဘယ်နေရာကနေထွက်လဲ

'ထိပ်ဖျားပိုင်းကပဲထွက်တာပေါ့'

မြအောင်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာက ဆက်ပြောလိုက်ပြန်သည်။

'ဟုတ်တယ် ငှက်ပျောပင်ရဲ့ ငှက်ပျောဖူး၊ ငှက်ပျောနိုင်တွေဟာ ငှက်ပျောပင်ရဲ့ ပင်စည် ထိပ်ဖျားကပဲ ထွက်ကြတာ၊ ပင်စည်ကို ငှက်ပျောနိုင်တွေ ဖေါက်ထွက်လာတာမရှိဘူး'

လို့ မြအောင်ကပြောလိုက်သည်။

'ဒါကတော့ ဆရာရယ် ငှက်ပျောပင်ရဲ့ သဘာဝက ဒီလိုပဲရှိတော့ ဒီလိုပဲ ထွက်လာမှာ ပေါ့'

ထို့ကြောင့် ဆရာကပြောလိုက်ပြန်သည်။

'ဒါဆို ငှက်ပျောပင်ရဲ့ပင်စည်ကနေ ငှက်ပျောဖူးနဲ့ ငှက်ပျောနိုင်တွေထွက်လာတာ ခင်ဗျားတို့ မြင်ဖူးကြလား'

ဆရာကမေးသဖြင့် မြအောင်ကပြောလိုက်သည်။

'ကျနော်တော့ မမြင်ဘူးသေးဘူး၊ ကြားတော့ ကြားဖူးတယ်'

ဤတွင် မဝေက ဝင်ပြောလိုက်ပြန်သည်။

'ပင်စည်ကနေ ငှက်ပျောဖူးထွက်ပြီး ငှက်ပျောနိုင်သီးလာခဲ့ရင် စီးပွားတက်တယ်လို့ ကြားဖူးတယ် ဆရာ၊ ဒါဲ့ဒါဟုတ်လား၊ ကျမတို့တော့ ငှက်ပျောပင် စိုက်လာခဲ့တာကြာပါပြီ၊ တစ်ခါမှ

မကြုံဖူးပါဘူး။

'အခု ကြုံရတော့မှာပါဗျာ'

'ဘာဖြစ်လို့လဲ'

ကိုမြအောင်တို့အိမ် ဝီရေအလား စီးပွားရေးတွေ တိုးတက်အောင်မြင်ကြတော့မယ်။ အတိတ်ဘဝက ကုသိုလ်ကံတွေ အကျိုးပေးချိန်ရောက်နေပြီ။ ဒါကြောင့် နိမိတ်လက္ခဏာအဖြစ် ဝီခြံထဲက ငှက်ပျောပင်တစ်ပင်ရဲ့ ပင်စည်ကနေ ငှက်ပျောဖူးတစ်ဖူး ဖေါက်ထွက်လာလိမ့်မယ်။ တစ်ပါတ်အတွင်းမှာ ဖြစ်လာလိမ့်မယ်။ ဘယ်ငှက်ပျောပင်လဲဆိုတာကိုပါ ကျုပ် သေသေချာချာပြခဲ့မယ်။ လာစောစောက ငှက်ပျောပင်တွေဆီသွားကြမယ်။

မဝေမှာ ဝမ်းသာအားရဖြစ်သွားခဲ့တော့သည်။ ထို့ကြောင့် မဝေက ပြောလိုက်သည်။

'ဝမ်းသာလိုက်တာဆရာရယ်၊ ဆရာပြောတဲ့ အတိုင်းသာဖြစ်လာခဲ့ရင် ဆရာကျေးဇူးကို မမေ့ပါဘူး၊ ငှက်ပျောပင်နောက်မှ သွားကြည့်ကြတာပေါ့ဆရာရယ်၊ လက်ဖက်ကလေး စားလိုက်ပါအုံး'

ထို့ကြောင့် မြအောင်ကလည်း ပြောလိုက်ပြန်သည်။

'ကျနော်ကလည်း ဆရာပြောတဲ့အတိုင်း ပြလာခဲ့မယ်ဆိုရင် ငွေငါးသောင်းကို ကျေကျေနပ်နပ် ပေးလိုက်ပါမယ်။ လောင်းကြေးရှုံးတဲ့ ငွေငါးသောင်းအပြင် နောက်ထပ်ဉာဏ်ပူဇော်ခ ငွေငါးသောင်း ထပ်ပြီးကန်တော့လိုက်အုံးမယ်'

ထို့နောက် လက်ဖက်စားသောက်ပြီး ငှက်ပျောပင်များရှိရာသို့လာခဲ့ကြသည်။ ဆရာသည် ငှက်ပျောပင်များစွာထဲမှ ငှက်ပျောပင်တစ်ပင်ကို ရွေးချယ်ပြသလိုက်ပြီး ဓါးနှင့်ခုတ်ခြစ်မှတ်

သားထားခဲ့သည်။ထို့နောက် ဆရာက ကိုမြအောင်တို့၏ နေအိမ်တွင် တစ်ညခန့် တရားထိုင်လိုသည်ဟု ပြောဆိုခွင့်တောင်းသဖြင့် ကိုမြအောင်တို့ကလည်း ခွင့်ပြုခဲ့သည်။ထို့ကြောင့် ဆရာမှာ သာခင်အိမ်မှ မြအောင်အိမ်သို့ ပြောင်းရွှေ့လာခဲ့လေတော့သည်။

× × × × ×

## 'မှန်တာဟော၍ ဟောတာမှန်'

ဤသို့ဖြင့် မြအောင်နှင့် ဆရာတို့၏ အလောင်းအစား ကိစ္စမှာ တစ်ရွာလုံးမှ သိရှိသွားခဲ့လေတော့သည်။ ထို့ကြောင့် တစ်ရွာလုံးမှလည်း စိတ်ဝင်စားနေခဲ့ကြသည်။ သာခင်မှာလည်း သူ့ဆရာအကြောင်းကို အာဘောင်အာရင်းသန်သန်ဖြင့် တစ်ရွာလုံး လိုက်ပြောနေခဲ့သည်။ သာခင်က သူ့ဆရာမှာ မှန်တာဟော၍ ဟောတာမှန်သော အာဂဆရာတစ်ယောက်အဖြစ် ဂုဏ်ယူပြောဆို နေခဲ့စဉ် နှစ်ရက်အကြာတွင် ဆရာသတ်မှတ်ပြောဆိုခဲ့သော ငှက်ပျောပင်မှ ပင်စည်နေရာမှာ ကွဲအက်လာပြီး ငှက်ပျောဖူးလေး ပြူထွက်လာခဲ့ရာ တစ်ရွာလုံး အံ့အံ့ကျက်ကျက်ဖြစ်သွားခဲ့တော့သည်။

ဆရာသည် ငှက်ပျောတောကို ရာဇမတ်ကာကာ ကန်တော့ပွဲများပေးကာ ရွှေရည်ငွေရည်ပက်ဖျန်းစေခဲ့သည်။ သုံးလေးရက်အတွင်းမှာ ငှက်ပျောဖူးမှာ သိသိသာသာ အပြင်သို့ ထွက်ထားခဲ့ပြီး ကိုမြအောင်မှာ အလွန်အမင်း သဘောတွေ့သွားခဲ့တော့သည်။ လက်တွေ့သမားပီပီ လေး[illegible]ကြးရှုံးသော ငွေကျပ်ငါးသောင်းနှင့် ဉာဏ်ပူဇော်ခ ငွေငါးသောင်း ငွေကျပ်တစ်သိန်း တိတိကို စေတနာအပြည့်အဝနှင့် ပေးလှူလိုက်သည်။ ထို့ကြောင့် ထိုဆရာမှာလည်း မှန်တာဟော၍ ဟောတာမှန်သော ဆရာအဖြစ် ချက်ခြင်းနာမည်ကျော်သွားကာ ထမင်းစာချိန်ပင် နားနေခွင့်

မရအောင် ဗေဒင်ဟောပြောနေခဲ့ရသဖြင့် ငွေကျပ်ငါးသောင်းခန့် ထပ်မံရရှိသွားခဲ့ပေတော့သည်။ ထို့ကြောင့် ထိုဆရာမှာ ကျေးရွာတစ်ရွာတည်းနှင့်ပင် ငွေကျပ်တစ်သိန်းခွဲခန့် တွက်ခြေကိုက်သွားခဲ့တော့သည်။

မှန်တာတော၍ ဟောတာမှန်သော ဆရာမှာ ပြန်သွားခဲ့ပြီဖြစ်သည်။ မြအောင်နှင့် မဝင်းတို့မိသားစု အတိတ်ဘဝက ကုသိုလ်ကံတွေ မည်သို့မည်ပုံအကျိုးပေးလာမည်ကို စိတ်ကူးယဉ်၍ စောင့်မျှော်နေခဲ့ကြသည်မှာ သုံးလေးလပင် ရှိနေခဲ့ပြီဖြစ်သော်လည်း ထူးခြားမှုရှိမလာခဲ့၊ အမှန်တကယ်တွင်မူ ထိုဆရာသည် ဂမ္ဘီရပညာနှင့် ဗေဒင်ပညာကို ခုတုံးမြှုကာ လိမ်လည်သွားခဲ့ကြသည်ကိုတော့ မြအောင်တို့မိသားစုသာမက တစ်ရွာလုံးကပင် တွေးထင်ထားခြင်းမရှိ၊ ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းတစ်ခုဟုပြောခဲ့လျှင်ပင် လက်ခံကြလိမ့်မည်မဟုတ်၊ သို့သော် တစ်နှစ်၊ နှစ်နှစ်၊ သုံးလေးနှစ်ကြာသော်လည်း မရှိလာခဲ့သောအခါမှသာ သူတို့တတွေ သဘောပေါက်သွားကြပေလိမ့်မည်။ ဒီကြားထဲတွင် ကုသိုလ်ကံအကျိုးပေးတစ်ခုခုကြောင့် ထူးထူးခြားခြား အကျိုးပွားလာခဲ့လျှင် ထိုဆရာကိုပင်လျှင် လက်ဆယ်ဖြာ ရှက်ခါမိုး၍ ရှိခိုးကန်တော့နေကြပေလိမ့်ဦးမည်ဖြစ်သည်။

အမှန်တကယ်တွင်မူ ထိုဇာတ်လမ်းမှာ ဂမ္ဘီရနယ်မြေမှ အတုအယောင် ဇာတ်လမ်းတစ်ခုသာဖြစ်သည်။ ငှက်ပျောပင်၏ ပင်စည်မှ ငှက်ပျောဖူးထွက်၊ ငှက်ပျောခိုင်ထွက်လာစေရန် ပြုလုပ်နိုင်သောနည်းလမ်းများရှိနေသည်။ ပြုလုပ်ရသည်မှာလည်း လွယ်ကူလှပါသည်။ သို့သော် မသမာသူများမှ အသုံးပြုလုပ်ကိုင်လာခဲ့လျှင် အချောင်ကြံသူအကျိုးနစ်နာမည်စိုးသဖြင့် မတင်ပြတော့ပါ။ ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းတစ်ခုအဖြစ် သိသာစေရန်သာ တင်ပြလိုပါသည်။

အမှန်တကယ်တွင်မူ ဂန္ဓီရနယ်မြေသည် သန့်ရှင်းအေး ချမ်းသော နက်နဲသော၊ သူတော်ကောင်းတရားများ လွှမ်းမိုးစေ သော သူတော်ကောင်းတို့၏ နယ်မြေသာဖြစ်သည်။ ဂန္ဓီရနယ်မြေ ကို ညှိုးနွမ်းညစ်ထေးစေသောလုပ်ရပ်များကို ထင်သာမြင်သာ ဖြစ်စေရန်နှင့် အစစ်အတု ဤနှစ်ခုကို ခွဲခြား သိမြင် နိုင်စေရန် ရည်သန်၍-----

*မင်းသစ္စာလှိုင် (ကဒုံကနီ)*

- *၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ သုရဿမဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၂*

• • • • •

'ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ'

## ' ' ဆရာတိုက်မို့ ခိုက်တယ် ' '

မင်းသစ္စာလှိုင် (ကဒုံကနီ)

### 'မျက်နှာစိမ်းဧည့်သည်"

'တစ်ဆိတ်လောက် ဝင်ခွင့်ပြုပါခင်ဗျာ။'

ဦးတင်ရွှေမှာ အိမ်ရှေ့ကွပ်ပျစ်တွင် လက်ဖက်ရည်ကြမ်းထိုင်သောက်နေစဉ် ရည်မွန်စွာပြောဆိုလိုက်သောအသံကြောင့် ခြံတံခါးကို လှမ်းကြည့်လိုက်သည်။ ခြံဝတွင် လွယ်အိတ်တစ်လုံးကို လွယ်ကာရပ်နေသောလူရွယ်တယောက်ကို တွေ့မြင်လိုက်ရသဖြင့် ပြန်ပြောလိုက်သည်။

'အော်. . . ဝင်ပါ. . လာပါ. . ဘာကိစ္စများ ရှိလို့လဲ'

လူရွယ်က ကွပ်ပျစ်ဆီသို့ လျှောက်လာပြီး ဦးတင်ရွှေနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ လူရွယ်မှာ အသက်(၃၁)ခန့် ရှိနေပြီး ဦးတင်ရွှေတို့၏ ရွာသားတစ်ယောက်မဟုတ်၊ မျက်နှာစိမ်း ဧည့်သည်တစ်ယောက်ဖြစ်သည်။

ထို့ကြောင့်

ဦးတင်ရွှေက မေးလိုက်သည်။

'မောင်ရင်က ဧည့်သည်နဲ့တူတယ်။ ဘာကိစ္စ ရှိလို့လဲ'

'ဟုတ်ပါတယ်၊ ကျနော်က ဧည့်သည်ပါ၊ ဦးတင်မြင့်၊ ဒေါ်မြတို့အိမ်ကို လာတာပါ၊ ဦးတင်မြင့်၊ ဒေါ်မြတို့အိမ် ဘယ်နားမှာလဲလို့ ဝင်မေးတာပါ'

'ဦးတင်မြင့်၊ ဒေါ်မြတို့က ဒီရွာမှာမနေကြ
တော့ဘူး၊ ရန်ကုန်ကို ပြောင်းသွားကြတာ
သုံးနှစ်လောက်တောင်ရှိနေပြီ။'

'ဟာ. . . ဒုက္ခပါပဲဗျာ'

လူရွယ်က မျက်စိမျက်နှာပျက်ဖြစ်သွားကာ စိတ်ပျက်အားငယ်စွာ ညည်းညူလိုက်သဖြင့် ဦးတင်ရွှေ မျက်နှာစိမ်းညွှသည်ကို အားပေးပြောဆိုလိုက်သည်။

'မောင်ရင်က ဦးတင်မြင့်ဆီကို လာတာလား'

'ဟုတ်ပါတယ်၊ အခုသူတို့မရှိဘူးဆိုတော့
ဘာလုပ်လို့ဘာကိုင်ရမှန်းတောင် မသိတော့
ဘူး။ လောလောဆယ်ပြန်ဖို့ကလည်း မော်တော်
က မရှိတော့ဘူး၊ ဘယ်မှာတည်းလို့ တည်းရ
မှန်းတောင် မသိတော့ဘူး၊ ဒုက္ခပါပဲ'

'တည်းဖို့ခိုဖို့အတွက်ကတော့ စိတ်မပူပါနဲ့
ကွယ်၊ ဦးလေးတို့အိမ်မှာပဲတည်းပါ၊ အားနာ
စရာ မလိုပါဘူး။'

ဦးတင်ရွှေက လောကွတ်ပျူငှာစွာ ပြောဆိုနေခဲ့တော့သည်။ မျက်နှာစိမ်းညွှသည်မှာလည်း တခြားနည်းလမ်းမရှိတော့သဖြင့် အားနာနာနှင့်ပင် ဦးတင်ရွှေကို ကျေးဇူးတင်စကားပြောဆိုလိုက်သည်။

'ကျေးဇူးတင်ပါတယ်ဦးရယ်၊ တကယ် ကျေးဇူး
တင်တာပါ။ ကျေးဇူးတင်စရာ မလိုပါဘူးကွယ်၊
ဦးတို့အရပ်ကလူတွေက ဧည့်သည်ပဲ မျှော်နေ
ကြတာကွ၊ ဧည့်သည်လာရင် ပျော်နေကြတာ
ဒါနဲ့ . . . နေစမ်းပါဦး၊ မောင်ရင်က ဘာလာ
လုပ်တာလဲ၊ စပ်စုတာတော့ မဟုတ်ဘူးနော်၊

ကူညီနိုင်တဲ့ကိစ္စဆို ကူညီပေးချင်လို့ပါ။'

ဦးတင်ရွှေက သဘောကောင်းပျူငှာစွာပြောဆိုနေသဖြင့် မျက်နှာစိမ်းညည့်သည်မှာ အားနာနေခဲ့ရတော့သည်။ အားနာနေခဲ့ရသော်လည်း ဦးတင်ရွှေက သဘောကောင်းလွန်နေပြီး မရမက ပြောနေခဲ့သဖြင့် မျက်နှာစိမ်းဧည့်သည်က ပြန်ပြောလိုက်သည်။

'ကျနော်က ဦးတင်မြင့်၊ ဒေါ်မြတို့နဲ့ မတွေ့တာ သုံးလေးနှစ်လောက်တောင်ရှိနေပါပြီ။ ကျနော်က မန္တလေးမှာနေတာပါ၊ ဦးတင်မြင့်တို့နဲ့ မတွေ့ရတာလဲကြာပြီ။ နောက်ပြီး အလှူတစ်ခုက ကျနော့ကို ငါးခြောက်နဲ့ပုဇွန်ခြောက် ဝယ်ခိုင်းတယ်၊ ဒါကြောင့် ကျနော်ဒီကို ဆင်းလာခဲ့တာပဲ၊ ကျနော်က ငါးခြောက်၊ ပုဇွန်ခြောက် ကုန်သည်လေ၊ ဈေးချိုထဲမှာ ကျနော့်ဆိုင်ရှိတယ်'

'ကိုတင်မြင့်နဲ့ မောင်ရင်လေးနဲ့က ဘယ်လိုပတ်သတ်နေလို့လဲ'

'ဦးတင်မြင့်ကို မန္တလေးမှာ ပုဇွန်ခြောက်၊ ငါးခြောက်တွေ လာလာရောင်းနေတာ ကျနော်တို့ဆိုင်မှာ လာလာရောင်းနေတာပါ၊ တည်းတော့လည်း ကျနော်တို့ အိမ်မှာပဲတည်းတာပဲ၊ ဒါကြောင့် ညီအကိုမောင်နှမတွေလို ခင်မင်ရင်းနှီး နေခဲ့ကြတာ'

'ဟုတ်မယ်၊ ကိုတင်မြင့်တို့က မန္တလေးမှာ ပုဇွန်ခြောက်၊ ငါးခြောက်တင်ပို့ ရောင်းချရင်းနဲ့ ကြီးပွားသွားပြီး၊ ရန်ကုန်ပြောင်းသွားခဲ့တာ၊ သူတို့ ရန်ကုန်ပြောင်းသွားတာ မောင်ရင်တို့ကို

မပြောဘူးလား'

'မပြောဘူး၊ သူတို့လုပ်ငန်းပြောင်းမယ်လို့တော့ ပြောသွားခဲ့တာပဲ၊ အဲ့ဒီနောက်ပိုင်း သူတို့ ပြန်မလာကြတော့တာနဲ့ အဆက်အသွယ် ပြတ်သွားခဲ့ရတာ'

'ဒါပေါ့လေ. . . ဦးတင်မြင့်တို့ မရှိတော့ဘူး ဆိုတော့လည်း မနက်ဖြန် ပြန်ရတော့မှာပေါ့'

'ဘာဖြစ်လို့ပြန်ရမှာလဲ၊ ဦးတင်မြင့်တို့ မရှိလည်း ဦးလေးတို့ အိမ်မှာပဲတည်းပေါ့။ မနက်ဖြန် မောင်ရင်လိုချင်တဲ့ ပုဇွန်ခြောက်နဲ့ ငါးခြောက် ဦးလေးကိုယ်တိုင်လိုက်ဝယ်ပေးမယ်'

'ကျေးဇူးတင်ပါတယ် ဦးလေးရယ်။ ဒါပေမဲ့ ကျနော်ပြန်မှ ဖြစ်မှာ'

'ဘာဖြစ်လို့လဲ'

'ရန်ကုန်မော်တော်ထဲမှာ ကျနော့အိတ်ကို အလစ်သမားတွေက မ သွားကြလို့ အဝတ် အစားတွေရော ငွေတွေရော ပါသွားခဲ့ပြီးလေ၊ ဒီလွယ်အိတ်ကလေးပဲ ကျန်တော့တယ် ဒီ လွယ်အိတ်ထဲမှာ လမ်းမှာသုံးဖို့ ထုတ်ထားတဲ့ ငွေလေးပဲ ကျန်တော့တယ်။ အဲ့ဒီငွေလေးနဲ့ ဒီကိုရောက်အောင် လာခဲ့ရတာ။ ဦးတင်မြင့်တို့ နဲ့ တွေ့ရင်တော့ အဆင်ပြေမှာပဲလို့တွက်ပြီး လာခဲ့တာ၊ အခုတော့ ဘယ်လိုပြန်ရမှန်းတောင် မသိတော့ဘူး၊ ဟိုရောက်ရင်လည်း ငါးခြောက် ဖိုး ပုဇွန်ခြောက်ဖိုးတွေ လျှော်ရအုံးမယ်၊ အလှူရက်ကလဲနီးနေပြီဆိုတော့၊ သူတို့ကို

အချိန်မီ ပြန်အကြောင်းကြားရဖုံးမယ်'

'ကဲ... ဖြစ်ပြီးမှတော့လည်း ဘာတတ်နိုင်တော့မှာလဲ၊ စိတ်ပျက်နေလို့လည်း မောင်ရင်စိတ်ဆင်းရဲရတာပဲရှိမှာ ဒီတော့... ဒီလိုလုပ်... ဒီကိစ္စအတွက် ဦးလေးကူညီမယ်'

'ဘယ်လို ကူညီမှာလဲ'

'မောင်ရင်လိုချင်တဲ့ ပုဇွန်ခြောက်နဲ့ ငါးခြောက်တွေကို ဦးလေးအာမခံပြီး အကြွေးယူပေးလိုက်မယ်'

'ဦးလေးက အာမခံနဲ့ အကြွေးယူပေးလိုက်မယ်ဟုတ်လား'

မျက်နှာစိမ်းညှို့သည်က မယုံနိုင်သလို ပြန်မေးလိုက်သဖြင့် ဦးတင်ရွှေက ရှင်းလင်းပြောပြလိုက်သည်။

'ဟုတ်တယ်၊ ပင်လယ်ရေလုပ်ငန်း ပိုင်ရှင်တွေဆီမှာ ဦးလေးက အာမခံပေးပြီး မင်းလိုချင်တဲ့ငါးခြောက်နဲ့ ပုဇွန်ခြောက်တွေကို အကြွေးဝယ်ထည့်ပေးလိုက်တယ်။ ဦးလေးက မင်းနဲ့လူတစ်ယောက်ထည့်ပေးလိုက်မယ်။ ဟိုရောက်တော့ သူ့ကို ငွေပြန်ရှင်းပေးလိုက်ပေါ့'

ဦးတင်ရွှေက လောကွတ်ပျူငှာစွာ ပြောလိုက်သဖြင့် မျက်နှာစိမ်းညှို့သည်မှာ အလွန်အမင်း ဝမ်းသာအားရဖြစ်သွားခဲ့ရတော့သည်။ ဦးတင်ရွှေမှာ ငါးခြောက်၊ ပုဇွန်ခြောက်ကုန်သည်တစ်ယောက်ဖြစ်သည်။ မန္တလေးဈေးကွက် အဆက်အသွယ်ရရန်စီစဉ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အမှန်တကယ်တွင်မူ ငါးခြောက်နှင့်ပုဇွန်ခြောက်တွေကို သူ့ငွေနှင့်သူစိုက်ဝယ်ပြီး၊ ပင်လယ်ရေလုပ်ငန်းပိုင်ရှင်တွေထံမှ အကြွေးအာမခံပေးသည်ဟု အကွက်ဆင်

ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မျက်နှာစိမ်းညှိသည်က သူ့ကို ကျေးဇူးတင်ရပေတော့မည်။ မန္တလေးသို့ သူကိုယ်တိုင် ငွေလိုက်ယူမည်။ မျက်နှာစိမ်းညှိသည်မိသားစုနှင့် ရင်းနှီးကျွမ်းဝင်မည်။ ထိုအခါ မန္တလေးဈေးကွက်သို့ ငါးခြောက်နှင့် ပုဇွန်ခြောက်တွေ တိုက်ရိုက် တင်ပို့ရောင်းချနိုင်မည်။ ဦးတင်မြင့်နှင့် ဒေါ်မြတို့မှာလည်း မန္တလေးဈေးကွက် အဆက်အသွယ်ရကာ ကြီးပွားချမ်းသာပြီး ရန်ကုန်ပြောင်းနေနိုင်ခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့်

ဦးတင်ရွှေမှာ မျက်နှာစိမ်းညှိသည်ကို အရင်းတည်ကာ ကျေးဇူးလည်း အတင်ခံရမည့်အပြင် စီးပွားရေးဈေးကွက်ကိုလည်း ချဲ့လုပ်ကိုင်နိုင်တော့မည်ဖြစ်သဖြင့် ဝမ်းသာအားရဖြစ်နေခဲ့ရလေတော့သည်။

× × × × ×

## 'ဆရာတိုက်'

ကျေးလက်ဒေသများ၏ ဓလေ့စရိုက်သဘာဝအတိုင်း ညဖက်တွင် ပတ်ဝန်းကျင်နေထိုင်သူများ ရောက်ရှိလာခဲ့ပြီး မျက်နှာစိမ်းညှိသည်ကို အားပေးစကား ပြောဆိုနေခဲ့ကြသည်။ လာရောက်အားပေးစကားပြောဆိုကြသူများတွင် ပင်လယ်ရေလုပ်ငန်းပိုင်ရှင်များပါ ပါရှိနေခဲ့သည်။ မျက်နှာစိမ်းညှိသည်၏ ဖြစ်ကြောင်းကုန်စင်ကို သိရှိသွားခဲ့ကြသဖြင့် စိတ်မကောင်းဖြစ်သွားခဲ့ကြသည်။ ထို့ကြောင့် ဦးတင်ရွှေ၏ အာမခံမှုဖြင့် ငါးခြောက်နှင့် ပုဇွန်ခြောက်များကို အကြွေးရောင်းချပေးရန် ကတိပြု ပြောဆိုခဲ့ကြသည်။ ပင်လယ်ရေလုပ်ငန်းပိုင်ရှင်တွေကလည်း မန္တလေးဈေးကွက် အဆက်အသွယ်လိုချင်သောကြောင့်

အကြွေးရောင်းချပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဦးတင်ရွှေမှာ မျက်နှာစိမ်းညွှသည်အတွက် ငွေကြေးစိုက်ထုတ်စရာပင် မလိုတော့သဖြင့် ကံကောင်းပြီးရင်း ကောင်းနေခဲ့တော့သည်။

သို့နှင့်

ဦးတင်ရွှေ၏ နေအိမ်တွင် မျက်နှာစိမ်းညွှသည်နှင့် အိမ်နီးနားချင်းများ လာရောက်စကားပြောနေကြသဖြင့် လူစည်ကားနေခဲ့တော့သည်။

ထိုစဉ်

မျက်နှာစိမ်းညွှသည်က ထူးထူးခြားခြားစကားတစ်ခွန်းကို ကောက်ကာင်ကာ ပြောလိုက်သည်။

'ကျုနော် ဒီရွာကိုရောက်တော့ မော်တော်ပေါ်က နေ ဆိပ်ကမ်းကိုတက်တော့ ရုတ်တရက် တက်လို့ မရဘူးဖြစ်နေတယ်။ တစ်ချို့က ရှေ့က ဆီးပြီး တွန်းကြတယ်။ တစ်ချို့က နောက်ကနေ ဝိုင်းပြီး ဆွဲထားကြတယ်။ အဲ့ဒီဖဟာန့်အတား တွေကို မနည်းရှင်းပြီး ဝင်လာခဲ့ရတာ။ အဲ့ဒီ ကတည်းက အဆင်မပြေမှုတစ်ခုခုတော့ ကြုံရ တော့မယ်လို့ ထင်နေမိခဲ့တယ်။ ဒီလဲရောက် ရော ဦးတင်မြင့် ဒေါ်မြတို့ မရှိကြတော့ဘူးဆို တော့ အမောကို ဆို့သွားတာပဲ။ တော်သေးတာ ပေါ့။ ဒီရွာကလူတွေက သဘောကောင်းကြလို့'

မျက်နှာစိမ်းညွှသည်၏စကားကို ဘယ်သူမှ သဘော မပေါက်ကြပေ။ ထို့ကြောင့် ဦးရွှေတင်က ပြန်မေးလိုက်သည်။

'နေပါအုံး . . မောင်ရင်ရဲ့၊ မောင်ရင့်ကို ဘယ်သူတွေက တွန်းပြီး၊ ဘယ်သူတွေက ဆွဲနေ ကြလို့လဲ'

'မကောင်းဆိုးဝါးကောင်တွေပေါ့ဗျာ။ ဒီရွာကို
တိုက်ထားတဲ့ အတိုက်အခိုက်တွေပေါ့'

'ဟင်'

'ဟာ'

'ဗျာ'

နားထောင်နေသူတွေအားလုံးအံ့ဩသွားခဲ့ကြရသည်။ မထင်မှတ်သောစကားကို ကြားလိုက်ရသဖြင့် အံ့ဩသွားခဲ့ကြရခြင်း ဖြစ်သည်။ ထို့ကြောင့် မျက်နှာစိမ်းညွှသည်က ဆက်ပြောလိုက်ပြန်သည်။

'ကျနော်က ဆရာတစ်ယောက်ဆိုတော့ သိတာ
ပေါ့ဗျာ။ ဒီရွာကို ဆရာတစ်ယောက်ရောက်
လာခဲ့လိမ့်မယ်။ အဲ - ဒီဆရာ ပြန်သွားပြီး
လေး-ငါး-ခြောက်လလောက်မှာ နောက်ဆရာ
တစ်ယောက် ရောက်လာခဲ့ပြန်တယ်။ ကျနော်
ပြောတာ ဟုတ်တယ်မဟုတ်လား'

'ဟာ . . . မောင် . . . မောင်ရင်က ဘယ်လို
လုပ်သိနေတာလဲ'

ဦးတင်ရွှေက တအံ့တဩ ပြန်မေးလိုက်ခြင်းဖြစ်သည်။ မျက်နှာစိမ်းညွှသည်ပြောခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ဒီရွာကို မကြာခင်က ဆရာတစ်ယောက်ရောက်ရှိလာခဲ့ဖူးသည်။ ထိုဆရာ ပြန်သွားပြီး လေး-ငါး-ခြောက်လခန့်အကြာတွင် နောက်ဆရာ တစ်ယောက် ရောက်ရှိလာခဲ့ပြန်သည်။ ထို့ကြောင့် ဦးတင်ရွှေက တအံ့တဩ ပြန်မေးလိုက်ခြင်းဖြစ်သည်။ ဦးတင်ရွှေသာမက အားလုံးမှာလည်း အံ့ဩနေခဲ့ကြရသည်။

ထို့ကြောင့်

မျက်နှာစိမ်းညွှသည်က ဆက်ပြောလိုက်ပြန်သည်။

'ဘယ်လိုလုပ် သိတာလဲဆိုရင်တော့ ကျနော့်ကို စောင့်ရှောက်နေတဲ့ ဘိုးတော်ကြီးတွေက ပြောလို့သိတာလို့ပဲ ဖြေရမှာပဲ။ အဲ့ဒီလို နောက်ထပ်ရောက်လာခဲ့တဲ့ ဆရာဟာ ရွာသား တစ်ယောက်နဲ့ အခြေအတင်ဖြစ်သွားခဲ့တယ်။ ကျနော်ပြောတာ ဟုတ်တယ်နော်'

'ဟုတ်ပါတယ်'

မျက်နှာစိမ်းညွှန့်သည်ပြောနေသည်မှာ အမှန်တကယ် ဖြစ်နေပေသည်။ နောက်ထပ်ရောက်လာခဲ့သောဆရာမှာ အသိ မိတ်ဆွေမရှိသဖြင့် ဘုန်းကြီးကျောင်းတွင် တည်းခိုသွားခဲ့သည်။ ရွာမှလူငယ်တစ်ယောက်နှင့် ရန်ဖြစ်ကာ တစ်ရက်နှစ်ရက်အတွင်း မှာပင် ရွာမှပြန်သွားခဲ့သည်။ ထို့ကြောင့် ဟုတ်မှန်ကြောင်း ဝန်ခံ ပြောဆိုခဲ့ကြခြင်းဖြစ်သည်။

ထို့နောက်

မျက်နှာစိမ်းညွှန့်သည်က ဆက်ပြောလိုက်ပြန်သည်။

'အဲ့ဒီ နောက်ရောက်လာတဲ့ဆရာက စိတ်ဆိုးပြီး တစ်ရွာလုံးကို တိုက်သွားခဲ့တာပဲ။ ဒီရွာမှာ လူတော်တော်များများ အတိုက်မိနေကြပြီ။ အဲ့ဒီ အတိုက်ပယောဂကောင်တွေက ကျနော့်ကို ဒီရွာထဲဝင်မရအောင် တွန်းကြ၊ ဆွဲကြ၊ တားကြ လုပ်ခဲ့ကြတာ၊ ဒါပေမယ့် သူတို့ကျနော့်ကို ဘယ်လိုမှ တားလို့မရကြပါဘူး။ တားလို့မရလို့ လဲ ဒီအထိ ကျနော်ရောက်လာခဲ့တာပေါ့။ အဲ့ဒါ ဆရာတိုက်လို့ခေါ်တယ်။ သိပ်ခိုက်တယ်။'

'ဗျာ . . . ဆရာတိုက် . . . ဟုတ်လား'

'ဟုတ်တယ် . . . ဘာလဲ ခင်ဗျားတို့က ကျနော်

ပြောတာ မယုံဘူးလား။ မယုံရင် ကျနော်
လက်တွေ့ပြမယ်'

မျက်နှာစိမ်းညွှဲသည်က လက်တွေ့ပြမယ်ဟု ပြောဆိုလိုက်သဖြင့် စိတ်ဝင်စားသွားကြသည်။ ထို့ကြောင့် မျက်နှာစိမ်းညွှဲသည်အား ဦးတင်ရွှေက ပြန်ပြောလိုက်သည်။

'မယုံလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ခုလို
တိုက်ကို လက်တွေ့သက်သေပြမယ်ဆိုရင်တော့
ပိုကောင်းတာပေါ့'

'ဟုတ်ပါတယ်။ ကျနော်တို့လည်း စိတ်ဝင်စား
ပါတယ်။ လက်တွေ့ပြပါ'

'လက်တွေ့ပြမယ်ဆိုရင်တော့ ကျနော်တို့လည်း
တွေ့ဖူး မြင်ဖူးဖြစ်ရတာပေါ့'

လက်တွေ့ပြသရန် ဝိုင်းပြောခဲ့ကြသဖြင့် မျက်နှာစိမ်းညွှဲသည်က လက်တွေ့ပြရန် စီစဉ်ဆောင်ရွက်လေတော့သည်။

× × × × ×

'အမျှားယုံအောင် သမားဂုဏ်ပြပြီ'

ထို့နောက်

မျက်နှာစိမ်းညွှဲသည်သည် ရွာထဲရှိ ဈေးဆိုင်တစ်ဆိုင်မှ ဘဲဥတစ်လုံးကို ဝယ်ခိုင်းလိုက်သည်။ ထိုဘဲဥကို မှတ်မိစေရန် ခဲတံ၊ ဘောပင်၊ သဘော်ဆေးစသည်တို့နှင့် အမှတ်အသားတွေပြုလုပ်နိုင်းပြန်သည်။ထို့ကြောင့် ဘဲဥအား ခဲတံ၊ ဘောပင်၊သဘော်ဆေးများနှင့် ဝိုင်းဖုံ့ခြစ်မှတ်လိုက်ကြသဖြင့် ဘဲသုတစ်လုံးလုံးမှာ ခြစ်ရာမှတ်ရာတွေ ပြည့်သွားခဲ့တော့သည်။

ထို့နောက်

မျက်နှာစိမ်းညွှဲသည်က ပြောလိုက်သည်။

'ဘဲဥမှာ ကိုယ်မှတ်ထားတဲ့အမှတ်အသားတွေ
ကို သေသေချာချာကြည့်ထားကြနော်။ ကိုယ့်
အမှတ် ကိုယ်မှတ်ထားကြ။ တော်တော်ကြာ
ဒီဘဲဥကို တခြားဘဲဥတစ်လုံးနဲ့လဲထားတာလို့
သံသယဖြစ်မှာစိုးလို့ ကြိုတင်ပြောထားတာ၊
သေသေချာချာ မှတ်ထားကြ'

ထို့နောက်

မျက်နှာစိမ်းညွှဲသည်က ဘဲဥကိုမန်းမှုတ်ကာ လက်နှင့်ပွတ်သပ်လိုက်ရာ ခြစ်ရာမှတ်ရာတွေ မှေးမှိန်သွားခဲ့တော့သည်။ ဘဲဥကို ပုဂံပြားတစ်ချက်ထဲ ထည့်လိုက်ပြီး ပုဂံပြားကိုခွေးခြေပုံခုံလေးတစ်ခုပေါ်သို့ တင်လိုက်သည်။ ပုဂံပြားဘေးတွင် ဖယောင်းတိုင်သုံးတိုင် တင်လိုက်သည်။ ထို့နောက် မျက်နှာစိမ်းညွှဲသည်က ခုံဘေးတွင်ထိုင်လိုက်ပြီး သင်ဖြူးဖျာများနှင့်ပေါက်ကာ ခိုင်းလိုက်သည်။ သင်ဖြူးဖျာများကို စောင်ထူထူနှင့် သုံး-လေးပတ် ပတ်ကာ ခိုင်းခဲ့ပြန်သည်။ ဖျာလိပ်၏အဝကိုလည်း စောင်တွေနှင့် ဖုံးအုပ်ခိုင်းခဲ့သည်။ ထို့နောက် အားလုံးကိုဖျာလိပ်မှ ငါးပေခန့်အကွာတွင် ငြိမ်သက်စွာထိုင်နေစေခဲ့သည်။

'ကျနော် အလုပ်လုပ်နေချိန်မှာ စကားမပြော
ကြနဲ့နော်၊ လှုပ်လှုပ်ရှားရှားလည်း မလုပ်ကြပါနဲ့၊
ကျနော့်စကား နားမထောင်လို့ တစ်ခုခုဖြစ်လာ
ခဲ့မယ်ဆိုရင် ကျနော်ဘာမှမကယ်နိုင်ဘူးနော်'

ဆရာက ဖျာလိပ်ထဲမှ ပြောနေသဖြင့် ပရိသတ်မှာ နေရာမှပင် မရွေ့ရဲ အားလုံးငြိမ်သက်နေခဲ့သည်။ ထိုစဉ် မျက်နှာစိမ်းညွှဲသည်က ဖျာလိပ်အတွင်းမှနေ၍ ရွက်ဖတ်ပြောဆိုနေခဲ့သည်။ ထို့နောက် ဆယ်မိနစ်ခန့်အကြာတွင် စောင်တွေကိုပြန်ခွာခိုင်းခဲ့ပြီး ဖျာလိပ်ကို ပြန်ဖွင့်စေခဲ့သည်။ ဖယောင်းတိုင်၊ ခွေးခြေခုံပေါ်မှ

ဘဲဥပန်းကန်နှင့် မျက်နှာစိမ်းညွှသည်တို့ကို မှုလ်ထိုင်နေသည့်ပုံစံအတိုင်းပင် တွေ့မြင်နေကြရသည်။

ထို့နောက်

မျက်နှာစိမ်းညွှသည်က ဘဲဥကိုကောက်ကိုင်လိုက်ပြီး အသံနေအသံထားနှင့် ပြောဆိုလိုက်သည်။

'ကဲ . . . ဟောဒီရွာကိုတိုက်ထားတဲ့ အတိုက်အခိုက်တွေ မင်းတို့ ဒီရွာကိုတိုက်ထားကြတယ်ဆိုတာ ဝန်ခံကြစမ်း၊ လိမ်မယ် ညာမယ်တော့ မကြံကြနဲ့နော်၊ ဒါ ငါ့အမိန့်၊ မင်းတို့ ငါ့အကြောင်း သိကြတယ်နော်၊ သဘော်ဆိပ်မှာကတည်းက မင်းတို့ငါ့အကြောင်းကို သိကြတယ်နော်၊ ဆရာတိုက်ဆိုတာကို အားလုံးသိရအောင် သိသိသာသာပြကြစမ်း၊ ငါ့အမိန့်ကိုဖီဆန်ရင် လောင်မီးကျစေ၊ ငါဆရာ အမိန့်၊ အထက်ဆရာကြီးများအမိန့် အာဏာတော်'

'ဟိတ်'

'ဖွီး'

မျက်နှာစိမ်းညွှသည်က ပြောဆိုပြီး ကြမ်းပြင်ကို လက်ဝါးနှင့်ရိုက်ပုတ်လိုက်သဖြင့် စိတ်ဝင်တစားကြည့်နေခဲ့ကြသော ပရိသတ်များမှာ လန့်ဖြန့်သွားခဲ့ကြတော့သည်။

ထို့နောက်

မျက်နှာစိမ်းညွှသည်က ပရိသတ်ကို ပြောလိုက်ပြန်သည်။

'ကဲ . . . ခင်ဗျားတို့မှတ်ထားခဲ့တဲ့ ဘဲဥဟုတ်-မဟုတ် သေသေချာချာ စစ်ဆေး ကြည့်ကြပါ'

ဘဲဥကိုပရိသတ်ဆီကိုပေးလိုက်သဖြင့် ပရိသတ်တွေက

သေသေချာချာကိုင်တွယ်စစ်ဆေးကြည့်ကြသည်။ သူတို့ရေးခြစ်မှတ်သားထားသည့်အတိုင်းဖြစ်နေခဲ့သည်။

ထို့နောက်

မျက်နှာစိမ်းညွှသည်က ပြောလိုက်ပြန်သည်။

'သေချာရင် ဘဲဥကိုပုဂံပြားထဲ ဖောက်ထည့်လိုက်ပါ'

ထို့ကြောင့်

ဘဲဥကို ပုဂံပြားထဲသို့ ဖောက်ထည့်လိုက်ကြရာ

'ဟာ'

'ဟင်'

'အို'

ပရိသတ်မှာ အံ့သြထိတ်လန့်သွားခဲ့ကြတော့သည်။ စောစောကမှ ဈေးဆိုင်မှဝယ်ယူလာခဲ့သော ဘဲဥထဲတွင် ဆံပင်များပါရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရသဖြင့် အံ့သြကြောက်လန့်သွားခဲ့ကြသည်။ ထို့ကြောင့် မျက်နှာစိမ်းညွှသည်ကို ဆရာအဖြစ် အသိအမှတ်ပြုလိုက်ကြပြီး 'ဆရာတိုက်' ကို ပြေပျောက်အောင် ပြုလုပ်ပေးပါရန် တောင်းပန်ပြောဆိုခဲ့ကြသည်။

ထို့ကြောင့်

ဆရာက ပရိသတ်ထဲမှ လူရှစ်ယောက်ကို ရွေးထုတ်လိုက်သည်။ ထိုရှစ်ယောက်မှာ ရေလုပ်ငန်းပိုင်ရှင် အမျိုးသမီးတွေဖြစ်သည်။ ထိုအမျိုးသမီးရှစ်ယောက်နှင့် ဦးတင်ရွှေတို့ကို ပရိသတ်ရှေ့တွင် တန်းစီထိုင်ခိုင်းလိုက်သည်။ စုစုပေါင်းလူကိုးယောက်ဖြစ်သည်။ ဆရာက ထိုလူကိုးယောက်ရှေ့တွင် ထိုင်လိုက်သည်။

ထို့နောက်

ဆရာကပြောလိုက်သည်။

ပြည့်ဝ စာပေ

'ဒီရွာကို သိမ်းကျုံးပြီးတိုက်ခဲ့ပေမယ့်လည်း ကိုးယောက်မှာပဲ လာပြီး အတိုက်မိနေခဲ့ အတိုက်မိနေခဲ့ကြတဲ့ ဒီပုဂ္ဂိုလ်ကိုးယောက် မကြာခင်မှာပဲ စီးပွားရေးတွေ၊ အိမ်ထောင်တွေ၊ လူမှုရေးတွေ ပျက်စီးကြရတော့မယ်။ ကုသိုလ်ကံသိပ်ဆိုးနေသူတွေဆိုရင် အသက်သေတဲ့အထိ အန္တရာယ်ဖြစ်လာနိုင်တယ်။ သားတွေသမီးတွေ မိဘညီကို မောင်နှမတွေလည်း သေကြေပျက်စီးသွားနိုင်တယ်'

ဆရာက ပြောလိုက်သဖြင့် သွေးပျက်ကြောက်လန့်သွားခဲ့ကြတော့သည်။ ထို့နောက်ဆရာလုပ်သူက ဆက်ပြောလိုက် ပြန်သည်။

'ကျွန်တော်ပြောနေတာကို ယုံချင်မှလည်း ယုံကြည်ကြမှာပါ။ မယုံကြည်သူတွေလည်း ရှိချင်ရှိနေဦးမှာပါ။ ဒါကြောင့် ဒီလူကိုးယောက်မှာ ဆရာတိုက်မိနေတယ်ဆိုတာ ကျွန်တော် လက်တွေ့ သက်သေပြပါမယ်။'

ထို့နောက်

ဆရာက 'ဆရာတိုက်' မိနေသူ ကိုးယောက်အတွက် ဖယောင်းတိုင် ကိုးတိုင် တောင်းယူလိုက်ပြန်သည်။ ဖယောင်းတိုင် 'မီးစာ'တွေကို လက်နှင့်ပွတ်ခြေ မန်းမှုတ်နေခဲ့သည်။ ပြီးလျှင် လူတစ်ယောက်စီရှေ့တွင် ဖယောင်းတိုင်တစ်တိုင်စီ စိုက်ထောင်လိုက်သည်။ ထို့နောက် သောက်ရေတစ်ခွက်ကို တောင်းယူလိုက်ပြန်ပြီး တတွတ်တွတ်နှင့် မန်းမှုတ်နေခဲ့ပြန်သည်။ ပရိသတ်မှာ ဆရာ၏ လုပ်ဆောင်မှုတွေကို စိတ်ဝင်စားစွာ ကြည့်ရှုနေခဲ့ကြသဖြင့် ငြိမ်သက်နေခဲ့ကြသည်။ ပတ်ဝန်းကျင်မှာ ဘာသံမှမကြားရ။

ထိုစဉ်

'ဟိုဟ်'

'ဖုံး'

ဆရာက ရှတ်တရက်မတ်တပ်ရပ်ကာ ကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်လိုက်သဖြင့် ပရိသတ်မှာ လန့်ဖြန့်သွားခဲ့ကြတော့သည်။ ထို့နောက် ဆရာက ဟန်ပါပါနှင့် ကြိမ်းဝါးပြောဆိုလိုက်သည်။

'ဟိုဟ် . . . ဟောဒီ လူကိုးယောက်မှာ ကပ်ညှိနေတဲ့ ဆရာတိုက်ပရောဂကောင်တွေ သက်ဆိုင်သူတွေ ငါ့ရှေ့မှောက် အခုချက်ချင်းရောက်လာကြစမ်း။ ငြင်းဆန်သူရှိရင် ဆိုင်ရာက အရောက်ပို့စေ၊ ငါဆရာအမိန့်၊ အထက်ဆရာကြီးများအမိန့်၊ ဘိုးတော်ကြီးများအမိန့် ငြင်းဆန်သူ လောင်မီး ကျစေ'

'ဒုန်း'

ဆရာက ကြမ်းခင်းကိုဖနောင့်နှင့် ပေါက်လိုက်ပြန်သည်။ ပရိသတ်မှာ စိတ်ဝင်စားနေကြသလို ကြောက်ရွံ့ထိတ်လန့်နေကြပြီဖြစ်သည်။ ထိုစဉ် ဆရာက ဖယောင်းတိုင်တွေကို မန်းမှုတ်ထားသော သောက်ရေခွက်ထဲမှ ရေနှင့်တောက်လိုက်သည်။

'ဟာ'

'ဟောဗျ'

'အံ့ဩစရာပဲ'

ဖယောင်းတိုင်များမှာ အလိုအလျောက် တစ်တိုင်ပြီး တစ်တိုင် မီးစများမှ မီးတောက်လာခဲ့သဖြင့် အံ့ဩပြီးရင်း အံ့ဩနေကြရသလို ကြောက်လည်းကြောက်နေကြပြီဖြစ်သည်။ ဆရာဆိုသူကိုလည်း ကြောက်လန့်လာခဲ့ကြတော့သည်။ မကြောက်လို့

လည်းမဖြစ်၊ ဆရာမှာ သူတို့ကို တစ်ခုပြီးတစ်ခု လက်တွေ့သက်သေပြနေသဖြင့် ဆရာပြောနေသည်ကို မယုံ၍မရတော့။

ထို့နောက်

ဆရာက ထိုဆရာတိုက်များ ပြေပျောက်လိုလျှင် ညဆယ့်တစ်နာရီအတွင်း လူတစ်ယောက်လျှင် ငွေသုံးသောင်းစီ ကန်တော့ကြရမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။ ငွေသုံးသောင်းဆိုသည်မှာ ပင်လယ်ရေလုပ်ငန်းပိုင်ရှင်များအတွက် ကွမ်းဖိုး ဆေးဖိုးမျှသာရှိသည်။ ထို့ကြောင့် ညဆယ့်တစ်နာရီတွင် ဆရာရှေ့သို့ ငွေနှစ်သိန်းခုနစ်သောင်းရောက်ရှိလာခဲ့လေတော့သည်။

× × × × ×

## 'ဆရာလည်းပျောက် ငွေလည်းပျောက်'

ထို့နောက်

ဆရာက လုံခြုံသောအခန်းတစ်ခု စီစဉ်ခိုင်းသဖြင့် စီစဉ်ပြုလုပ်ပေးခဲ့ကြသည်။ အခန်းစီစဉ်ပြီးသောအခါ ဆရာကပြောလိုက်သည်။

'ဒီည ဆယ့်နှစ်နာရီကနေ နောက်နေ့နေ့လယ်
ဆယ့်နှစ်နာရီအထိ ကျနော် ဒီအခန်းထဲမှာ
နေပြီး ဆရာတိုက်တွေကို ဖယ်ရှင်းမယ်၊ အခန်း
နားကို ဘယ်သူမှမလာကြပါနဲ့၊ လာခဲ့ရင်တော့
အန္တရာယ်ဖြစ်မှာပဲ၊ ဖြစ်လာရင် ကျနော်လည်း
ကယ်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ဘယ်လို
အကြောင်းကိစ္စနဲ့မှ အခန်းနားကို မလာကြပါနဲ့၊
အန္တရာယ်ကြီးလွန်းလို့ ကျနော် သတိပေး
နေရတာပါ'

ဆရာက အခန်းနားသို့မလာရန် အကြိမ်ကြိမ်သတိပေး

ပြောဆိုနေခဲ့ပြီးနောက် ဆက်လက်ပြောဆိုလိုက်ပြန်သည်။

'ဒီည အရုဏ်မတက်ခင် မနက်သုံးနာရီလောက်မှာ တံခါးဖွင့်သံတွေ လမ်းလျှောက်သံတွေ ခွေးဟောင်သံတွေကြားရင် ကြားလာရလိမ့်မယ်၊ ရှိုးတိုးရိပ်တိတ် အရိပ်သဏ္ဍာန်တွေကိုလည်း တွေ့ရင် တွေ့လာရလိမ့်မယ်၊ အန္တရာယ် သိပ်ကြီးပါတယ်။ ဘာပဲဖြစ်ဖြစ်၊ ထမကြည့်ကြပါနဲ့၊ ထကြည့်မိရင်တော့ သေပြီသာမှတ်။ ဒါကြောင့် ခြင်ထောင်ထဲမှာပဲ နေကြပါ၊ မနက်ဖြန် နေ့လည်ဆယ့်နှစ်နာရီတိတိမှာ ကျနော်အခန်းထဲက ပြန်ထွက်လာပါမယ်၊ အဲ့ဒီအချိန်မှာ ဆရာတိုက်တွေ ပြေပျောက်သွားပြီဖြစ်ပါတယ်။ ဒါကြောင့် လောလောဆယ် ကိုယ့်အိမ်ကိုယ် ပြန်ကြပါ၊ ခြင်ထောင်တွေနဲ့ အိပ်ကြပါ၊ နောက်တစ်ချက်မှာချင်တာက အိပ်ရင် မီးထွန်း မအိပ်ပါနဲ့၊ နေအိမ်တွေကို အမှောင်ချထားပါ'

ထို့ကြောင့်

ကိုယ့်အိမ်ကိုယ်ပြန်သွားခဲ့ကြပြီး ဆရာပြောသလို စီစဉ်အိပ်စက်ခဲ့ကြသည်။ ဦးတင်ရွှေတို့ မိသားစုမှာလည်း ဆရာပြောသလို ခြင်ထောင်တွေနှင့် မီးမှောင်ချပြီး အိပ်ခဲ့ကြသည်။

သို့နှင့်

မနက် သုံးနာရီခန့်တွင် လမ်းလျှောက်သံတွေ၊ တံခါးဖွင့်သံတွေ၊ ခွေးဟောင်သံတွေကြားနေခဲ့ကြသည်။ ဆရာ့စကားကြောင့် ဘယ်သူမှ ထ မကြည့်ရဲကြ။

သို့နှင့်

မိုးလင်းသွားခဲ့ပြီ။ နေ့လည် ဆယ့်နှစ်နာရီတွင် အခန်းထဲမှ

ထွက်လာမည့် ဆရာကိုစိတ်ဝင်စားစွာ စောင့်ကြည့်နေခဲ့ကြသည်။ စောင့်ကြည့်နေခဲ့ကြသော်လည်း ညနေငါးနာရီကျော်သည်အထိ ဆရာက ထွက်မလာခဲ့၊ လှမ်းလည်း မခေါ်ရဲ၊ အခန်းနားကိုလည်း မသွားရဲ၊ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေခဲ့ကြတော့သည်။

ထို့ကြောင့်

စိတ်မရှည်နိုင်သူတစ်ဦးက စိတ်ဆိုးဆိုးနှင့် ပြောလိုက်သည်။

'ကဲ . . . ဘယ်သူမှ မဖွင့်ရဲ၊ မသွားရဲရင် ကျုပ်သွားမယ်၊ ကျုပ်ဖွင့်မယ်၊ ဖြစ်ရင် ကျုပ်ဖာသာကျုပ်ခံမယ်၊ ဘာမှန်းမသိပဲ ဒီလိုပဲ ထိုင်ကြည့်နေလို့ဖြစ်မလား'

ထိုသူက ခြေမြန်လက်မြန်နှင့် အခန်းဆီသို့သွားကာ တံခါးကို ဆွဲဖွင့်လိုက်သည်။ အခန်းအတွင်းမှ 'ဂျက်'ချမထားသဖြင့် အလွယ်ကတူ ပွင့်သွားခဲ့သည်။ အခန်းထဲတွင် ဆရာမရှိတော့၊ ထို့ကြောင့် ဘုရားစင်တွင် ညဦးက ဖန်ခွက်နှင့်စိုက်ထောင်ထားခဲ့သော လူကိုးယောက်စာအတွက် ငွေနှစ်သိန်းခုနစ်သောင်းကို သွားကြည့်ခဲ့ကြပြန်သည်။ ဖန်ခွက်သာရှိနေပြီး ငွေတွေမရှိတော့၊ 'ဆရာတိုက်'အတိုက်အခိုက်တွေ ပျောက် မပျောက်မသိကြရသေးသော်လည်း ဆရာလည်းပျောက် ငွေလည်းပျောက်သွားခဲ့ပြီဖြစ်သည်။

× × × × ×

## " တျော့ချမှ ဓါးပြမှန်းသိ "

ပထမတွင် အခန်းတွင်းမှ ဆရာပျောက်သွားခဲ့ခြင်းနှင့် ပက်သက်၍ သို့လော သို့လော ထင်ရာမြင်ရာများကို တွေးထင်ပြောဆိုနေခဲ့ကြသော်လည်း ဆရာသည် ထိုဒေသသို့ပြန်လည်

ရောက်လာခဲ့ခြင်းမရှိတော့သည့်အပြင် စုံစမ်းမေးမြန်း၍ပင် သတင်းအစအန မရတော့သဖြင့် နောက်ဆုံးတွင် ဇာတ်လမ်းဆင် ၍ လိမ်သွားခဲ့ခြင်းဖြစ်သည်ဟုသာ သတ်မှတ်ခဲ့ကြရတော့သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် ဆရာဆိုသူသည် အကြံသမား လူလိမ်လူကောက်တစ်ယောက်သာ ဖြစ်မည်။ ထိုဒေသနှင့်ပတ်သက်၍ ကြိုတင်လေ့လာမှုများ ပြုလုပ်ထားပေလိမ့်မည်။ ဦးတင်မြင့်၊ ဒေါ်မြတို့၏ မိသားစုအကြောင်းကိုလည်း ကြိုတင်သိရှိပြီး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်သာလျှင် ဆရာနှစ်ယောက် ရောက်ရှိလာခဲ့ပုံ၊ ရွာသားတစ်ယောက်နှင့် ရန်ဖြစ် ပြန်သွားခဲ့ပုံ၊ ဦးတင်မြင့်တို့ မန္တလေးတွင် ငါးခြောက် ပုစွန်ခြောက်တွေ သွားရောင်းနေခဲ့ပုံနှင့် အခုအချိန်မှာ ဦးတင်မြင့်တို့ ရန်ကုန်ကို ပြောင်းရွှေ့သွားခဲ့ကြပုံတွေကို ကြိုတင်သိရှိပြီး ဖြစ်ပေလိမ့်မည်။ ထိုဖြစ်စဉ်များကို အခြေပြုကာ ဦးတင်ရွှေ၏အိမ်သို့ ဇာတ်လမ်းဆင်ကာ ဝင်ရောက်လာခဲ့ခြင်း ဖြစ်နိုင်ပေသည်။

ထိုဆရာ၏သမားဂုဏ်ပြ လက်တွေ့ပြသသွားခဲ့သော ပြုလုပ်မှုများနှင့်ပတ်သက်၍ မျက်လှည့်ပညာရှင်များထံတွင် စုံစမ်းလေ့လာကြည့်ခဲ့ရာတွင် ဘဲဥကို 'အပ်'ငယ်ကလေးနှင့် တဖြေးဖြေးဖိလှည့်ပေးခဲ့လျှင် ကွဲအပ်ကြေမွခြင်းမရှိပဲ အပ်ပေါက်ရာကလေး ဖြစ်လာမည်။ ဦးခေါင်းမှ ဆံပင်မွေးကို တစ်ပင်ချင်းနှုပ်၍ ထိုအပ်ပေါက်ရာမှ စိတ်ရှည်လက်ရှည် ဆံပင်မွေးကိုထည့်သွင်း နိုင်သည်။ ဆယ်မိနစ်အတွင်းတွင် ဆံပင်ဆယ်ပင်၊ ဆယ့်ငါးပင်ခန့် သွင်းနိုင်သည်။ အပ်ပေါက်ရာကို လက်နှင့်ပွတ်တိုက်လိုက်လျှင် ထိုအပ်ပေါက်ရာလေး ပျောက်သွားမည်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။

ထို့ကြောင့် ဆရာဆိုသူသည် ဖျာလိပ်အတွင်းတွင် သူ၏ ဦးခေါင်းမှဆံပင်တွေကို ဖယောင်းတိုင်မီးအလင်းရောင်နှင့် ဘဲဥ

အတွင်းသို့ ထည့်သွင်းနေသည်ကို မမြင်နိုင်စေရန် ဖျာလိပ်ကို စောင်နှင့်ပတ်ခိုင်းခဲ့ခြင်းဖြစ်နိုင်ပေသည်။ အပ်ပေါက်ရာ ပျောက်သွားစေရန် ဘဲဥကိုလက်နှင့် ပွတ်တိုက်ပေးရမည်ဖြစ်သဖြင့် ပရိသတ် သံသယမဖြစ်စေရန် ဘဲဥပေါ်မှရေးခြစ် မှတ်သားထားသည်ကို ကြိုတင် လက်နှင့်ပွတ်တိုက်ခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။

ဖယောင်းတိုင်မီးများ အလိုအလျောက် မီးတောက်လာခဲ့ရခြင်းမှာ ဖယောင်းတိုင် 'မီးစာ'များတွင် ဓါတုဗေဒပစ္စည်းဖြစ်သော ဆိုဒီယမ်ခဲမှ အမှုန့်များကို လိမ်းပေးထားပြီး ရေနှင့်တောက်လိုက်သဖြင့် အလိုအလျောက် မီးထတောက်လာခဲ့ခြင်းဖြစ်နိုင်ပေသည်။ ဆိုဒီယမ်သည် ရေနှင့်ထိတွေ့လျှင် မီးတောက်လောင်စေတတ်သော ဓါတုဗေဒပစ္စည်းတစ်ခုဖြစ်သည်။ ဆရာသည် ဖယောင်းတိုင် မီးစာများကို လက်နှင့်ပွတ်သပ်နေခြင်းမှာ မီးစာကို ဆိုဒီယမ်အမှုန့်များ သုတ်လိမ်းပေးနေခြင်းပင်ဖြစ်နိုင်သည်။ နေအိမ်ကို မီးမှောင်ချ၍ ခြင်ထောင်ထဲမှ အပြင်ကိုမထွက်ရန် ခြောက်လှန့်ပြောဆိုခြင်းမှာ အခန်းထဲမှထွက်ပြေးစဉ် ဖြစ်ပေါ်လာနိုင်သည့် တံခါးဖွင့်သံ၊ လမ်းလျှောက်သံ၊ ခွေးဟောင်သံတွေကို မတွေ့ မြင်စေရန် စီစဉ်ပြောဆို ခဲ့ခြင်းပင်ဖြစ်မည်။ ဦးတင်ရွှေနှင့် အမျိုးသမီးရှစ်ယောက်ကို ရွေးချယ်ခဲ့ခြင်းမှာလည်း ငွေကြေးလွယ်ကူနိုင်ပြီး သဘောကောင်း ယုံလွယ်သူများဖြစ်နေသောကြောင့် ဖြစ်နိုင်သည်ဟု တွေးထင်ခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ၊ ထိုဆရာသည် မျက်လှည့်ပညာနှင့် သိပ္ပံ ပညာရပ်များကိုအသုံးပြုကာ ဂမ္ဘီရပညာရပ်ကို ခုတုံးလုပ်၍ လိမ်လည်သွားခဲ့ခြင်းသာဖြစ်သည်။ ထိုဆရာဆိုသူသည် အခြားသောနေရာဒေသများတွင်လည်း ဤကဲ့သို့ဇာတ်လမ်း ဇာတ်ကွက်များဆင်ကာ ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများနှင့် လိမ်လည်မှုများ ပြုလုပ်ကောင်းပြုလုပ်လာလိမ့်ဦးမည်ဖြစ်သဖြင့်

သတိပြုသင့်ကြပေသည်။

အမှန်တကယ်တွင်မူ ဂန္ဓာရနယ်မြေသည် လျှို့ဝှက်သော၊ နက်နှိုင်းသော၊ သန့်ရှင်းသောသူတော်ကောင်းတရားများ လွှမ်းမိုးနေသော သူတော်ကောင်းတို့၏ နယ်မြေတစ်ခုသာဖြစ်သည်။ ထို့ကြောင့် ဂန္ဓာရနယ်မြေကို ညှိုးမှိန်ညစ်ထေးအောင် ပြုလုပ်နေသူများ၏ လုပ်ရပ်များနှင့်အစစ်၊ အတု ဤနှစ်ခုကို ခွဲခြားသိမြင်နိုင်ကြစေရန် ရည်သန်၍ ....

*မင်းသစ္စာလှိုင် (ကခုံကနီ)*

** ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ၊ သူရဋ္ဌမဂ္ဂဇင်း၊*
*အတွဲ(၅)၊အမှတ်(၁၂)*

.....

'ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ'

# ''ဒေအာင်ဒေး ပိုင်ဒေး''

မင်းသစ္စာလှိုင် (ကဒုံကနီ)

'သိုင်းပညာရှင်တစ်ယောက်ဟာ လျှင်မြန်ဖြတ်လတ်ဖို့ အရေးကြီးသလို ကိုယ်တွင်း စွမ်းအား ကျစ်လျစ်သန်မာဖို့လည်း လိုအပ်တယ်။ နောက် အရေးအကြီးဆုံးအချက်က ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေရဲ့ အစောင့်အရှောက်ကို ခံယူရရှိဖို့ပဲဖြစ်တယ်'

ဆရာစက္ကသည် သိုင်းပညာရှင်တစ်ယောက်ဖြစ်သည်။ မြန်မာ့သိုင်းပညာပြန့်ပွားရေး၊ မြန်မာလူငယ်များ ကိုယ်ခံပညာ ကျွမ်းကျင်တတ်မြောက်စေရေးအတွက် နယ်လှည့်ကာ သိုင်းပညာ သင်ကြားပေးနေသော သိုင်းပညာရှင်တစ်ယောက်ဖြစ်သည်။ ဆရာစက္က ဤရွာသို့ရောက်ရှိလာခဲ့သည်မှာ လေး-ငါးရက်ခန့်သာ ရှိသေးသည်။ ရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကို လျှောက်ထားကာ ဘုန်းကြီးကျောင်းတွင် တည်းခိုပြီး ကျေးရွာ အတွင်းရှိ ဝါသနာပါသူ လူငယ်များအား အခကြေးငွေယူ၍ သိုင်းပညာသင်ကြားနေခြင်းပင်ဖြစ်သည်။ ကျေးရွာရှိ လူငယ်လူရွယ်များမှာ ဆရာစက္က၏ အခြေအနေကို အကဲခတ်စောင့်ကြည့်နေကြသဖြင့် လောလောဆယ်တွင် သိုင်းပညာသင်ကြားသူမှာ ငါးယောက်သာရှိနေခဲ့သည်။ ထိုငါးယောက်မှာ မြင့်ကြိုင်၊ တင်သိန်း၊ ဖုန်းမောင်၊ ကျော်ခိုင်နှင့် မြင့်စိုးတို့ဖြစ်သည်။ ဆရာစက္ကသည် ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှာပင် သိုင်းပညာများကို သင်ကြားပေး နေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာစက္က သိုင်းပညာသင်ကြားပေးနေစဉ် ရွာထဲမှ လူကြီးလူငယ်များ

လာရောက်ကြည့်ရှုကြသည်။ ဆရာစက္ကသည် သိုင်းပညာ သင်ကြားပေးနေစဉ် သင်တန်းသားများ လိုအပ်ချက်များ၊ သတိပြုရန်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များကို မှာကြားလေ့ရှိသည်။ ယခုလည်း မြင့်ကြိုင်၊ တင်သိန်း၊ ဘုန်းမောင်၊ ကျော်ခိုင်နှင့် မြင့်စိုးတို့ကို သိုင်းပညာသင်ကြားနေစဉ် လိုအပ်ချက်များကို မှာကြားပြောဆိုနေခြင်းဖြစ်သည်။ ထို့နောက် ဆရာစက္ကက ဆက်လက်မှာကြားပြောဆိုနေပြန်သည်။

'ဘယ်လောက်ပဲတော်တဲ့ သိုင်းသမားဖြစ်ဖြစ် ကိုယ်တွင်းစွမ်းအား၊ ကျစ်လျစ်သန်မာမှုမရှိရင် သိုင်းသမားကောင်း မဖြစ်နိုင်ဘူး။ ရန်သူရဲ့ တိုက်ကွက်တွေကို တိမ်းရှောင်ပြီး ရန်သူကို ပြန်တိုက်တဲ့အခါ ဒါမှမဟုတ် ရန်သူကို ဖမ်းဆီးချုပ်နှောင်တဲ့အခါ ကိုယ်ရဲ့ကိုယ်တွင်းစွမ်းအားက ကျစ်လျစ်သန်မာမှုမရှိရင် ထိရောက်မှုမရှိနိုင်သလို ရန်သူကို ဖမ်းဆီးချုပ်နှောင်တဲ့အခါ မလွယ်ကူဘူး။ ဒါကြောင့် သိုင်းသမားတိုင်းဟာ ကိုယ်တွင်းစွမ်းအင် ကျစ်လျစ်သန်မာစေဖို့ အတွက် နည်းအမျိုးမျိုးနဲ့ လေ့ကျင့်ယူကြရတယ်'

သင်ယူသူ ငါးယောက်နှင့် လာရောက်ကြည့်ရှုသူ ပရိသတ်များမှာ ဆရာစက္က ပြောနေသည်ကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။ ဆရာစက္ကက ဆက်ပြောလိုက်ပြန်သည်။

'တချို့ဆိုရင် ကိုယ်တွင်းစွမ်းအား ဘယ်လောက်အထိ ကောင်းသလဲဆိုရင် လက်သီးနဲ့ထိုးလိုက်တာနဲ့ အုတ်ခဲတွေ ကျိုးပဲ့ကုန်တယ်။ သစ်ပင်တွေ ပြတ်ထွက်သွားတယ်၊ သံဒိတ်တွေ ပွင့်ထွက်

သွားတယ်။ အဲဒီလို ဖြစ်လာဖို့အတွက် ပုဂ္ဂိုလ်ထူးတွေရဲ့အစောင့်အရှောက်ကို ခံယူရတယ်။ သိဒ္ဓိပြီးဆေးတွေကို သောက်ကြရတယ်။ မင်းတို့ ငါးယောက်ကိုလည်း အဲဒီအဆင့်ရောက်အောင် ဆရာသင်ပေးခဲ့မယ်။ ဒါပေမယ့် အခြေခံ ကျွမ်းကျင်မှ မင်းတို့ကို သိဒ္ဓိပြီးဆေးတိုက်ပြီး ပုဂ္ဂိုလ်ထူးတွေထံ အပ်နှံပေးမယ်။ ဒါကြောင့် အဲဒီလို သိဒ္ဓိပြီးဆေးသောက်ချင်ရင် အခြေခံ အဆင့်ကို မြန်မြန်ကျွမ်းကျင်အောင် ကြိုးစား လေ့ကျင့်ကြ'

ထို့ကြောင့် မြင့်ကြိုင်၊ တင်သိန်း၊ ဘုန်းမောင်၊ ကျော်ခိုင်နှင့် မြင့်စိုးတို့ ငါးယောက်သည် သိဒ္ဓိပြီးဆေးကို သောက်ချင်ကြသဖြင့် အခြေခံလက်သီးထိုးပုံ ထိုးနည်းများကို ကြိုးစားသင်ယူလေ့ကျင့်ခဲ့ကြရာ ငါးရက်အကြာတွင် စနစ်တကျ တတ်မြောက်လာခဲ့ကြတော့သည်။ ထို့ကြောင့် ခြောက်ရက် မြောက်နေ့တွင် မြင့်ကြိုင်တို့ ငါးယောက် ကို သိဒ္ဓိပြီးဆေးများတိုက်ကျွေး၍ ပုဂ္ဂိုလ်မြတ်များထံအပ်နှံ ရန်စီစဉ်ဆောင်ရွက်ကြလေတော့သည်။

× × × × ×

## " ဆရာ့ဆေးစွမ်း ဖုံ့မခန်း "

ဆရာစက္ကမှ မြင့်ကြိုင်တို့ငါးဦးအား သိဒ္ဓိဆေးများ တိုက်ကျွေးကာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များထံ အပ်နှင်းတော့မည်ဆို၍ လာရောက်၍ကြည့်ရှုသူများမှာ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းတွင် အလျှုပွဲတစ်ခုပမာ စည်ကားနေလေတော့သည်။ ဆရာစက္ကသည် ကန်တော့ပွဲ ငါးပွဲပြင်ကာ မြင့်ကြိုင်၊ တင်သိန်း၊ ဘုန်းမောင်၊ ကျော်ခိုင်နှင့် မြင့်စိုးတို့အား ကန်တော့ပွဲတစ်ပွဲစီ၏

ရှေ့တွင်နေရာ ယူခိုင်းထားသည်။ ၎င်းတို့ငါးယောက်၏ နောက်ဘက်တွင် ခွေးခြေပုကလေး ငါးလုံးချထားပြီး ထိုခွေးခြေပု လေးများပေါ်တွင် ဘုန်းသီးတစ်လုံးစီ တင်ထားသည်။ ထို့ကြောင့် မြင့်ကြိုင်တို့ငါးဦးမှာ ခွေးခြေပုကလေးများနှင့် ကန်တော့ပွဲများ အကြားတွင်ရှိသည်။ ထို့နောက် ကန်တော့ပွဲရှိ ငှက်ပျောသီးများ အကြားတွင် စက္ကူနှင့်ထုပ်ထားသော ဆေးထုပ်ကလေးများ ထည့်ထားပြီး ဖန်ခွက်၊ ရေပုလင်း စသည်တို့ကိုလည်း အသင့်စီစဉ် ထားရှိသည်။ ထို့နောက် ကန်တော့ပွဲများပေါ်ရှိ ဖယောင်းတိုင်များ အား မီးထွန်းလက်ပြီး ပရိသတ်ကိုပြောဆိုလိုက် သည်။

'ကျနော် အခု သူတို့ကိုတိုက်မှာ သိဒ္ဓိပြီးဆေး လို့ခေါ်တဲ့ အောင်စေပိုင်စေ ဆေးတော်ကြီး ဖြစ်ပါတယ်။ ဒီဆေးတော်ကြီးဟာ သိုင်းပညာ လောကနဲ့ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်ထူးတွေ စောင့်ရှောက်တဲ့ ဆေးတော်ကြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီဆေးတော်ကြီးသောက်ပြီးသူဟာ ပုဂ္ဂိုလ်ထူးတွေရဲ့စောင့်ရှောက်ခံ နေရမှာဖြစ်လို့ ထူးခြားတဲ့စွမ်းရည်ထူးတွေ အလိုအလျောက် ပိုင်ဆိုင်ခွင့် ရရှိနေပါလိမ့်မယ်။ ဆေးတော်ကြီး ကိုတိုက်ပြီးရင် သူတို့ရဲ့ဖုံးကွယ် စွမ်းရည်ထူး တွေကို ပရိသတ်များ မျက်ဝါးထင်ထင် တွေ့မြင် ကြရပါလိမ့်မယ်'

ထို့နောက် မြင့်ကြိုင်တို့ ငါးဦးကို ဘုရားရှစ်ခိုး၊ ငါးပါးသီလ ခံယူစေပြီး သစ္စာဆိုစေခဲ့သည်။ သစ္စာဆိုရာတွင် ဆရာစက္ကမှ ရှေ့ကတိုင်ပေးပြီး မြင့်ကြိုင်တို့ အုပ်စုက လိုက်ဆိုကြရသည်။ ဆရာစက္ကသည် မြင့်ကြိုင်တို့ငါးယောက်အား -

'ဤသိုင်းပညာရပ်ဖြင့် သူတစ်ပါးအား နိုင်ထက်

စီးနင်း စတဲ့အလုပ်များမလုပ်ရန်၊ သိုင်းပညာ
ဖြင့် အမျိုးဘာသာ သာသနာ အန္တရာယ်များကို
ကာကွယ်တားဆီးရန်၊ အကယ်၍ သစ္စာဖောက်
ဖျက်မိပါက အောင်စေပိုင်စေ ဆေးတော်ကြီး၏
အစွမ်းသတ္တိထူးများ ပျက်ပြယ်ပါစေ'

ဟု သစ္စာဆိုခိုင်းခဲ့သည်။ ထို့အပြင် အမဲသားနှင့်ဝက်သားများကို လည်း လုံးဝမစားသောက်ရန် သစ္စာဆိုခိုင်းခဲ့ပြန်သည်။ ထိုသို့ သစ္စာ ဆိုပြီးသောအခါ ကန်တော့ပွဲများရှိ ဆေးထုပ်များကိုယူကာ အသင့် စီစဉ်ထားသော သောက်ရေများ၊ ဖန်ခွက်များနှင့် ဆေးဖျော်ကာ တစ်ယောက်ချင်းတိုက်ကျွေးသည်။ အားလုံး ဆေးသောက်ပြီး သောအခါ မြင့်ကြိုင်ဟို့ငါးယောက်ကို ပရိသတ်ဘက်သို့လှည့်ကာ မတ်တပ်ရပ်စေသည်။ ထို့နောက် ငါးယောက်လုံးအား လက်သီး လက်မောင်းဆန့်တန်းပြီး -

'အောင်စေ ပိုင်စေ'
'အောင်စေ ပိုင်စေ'
'အောင်စေ ပိုင်စေ'

ဟု သုံးကြိမ်သုံးခါကြွေးကြော် အော်ဟစ်ခိုင်းလိုက်သဖြင့် မြင့်ကြိုင် တို့ ငါးယောက်မှာလည်း သံပြိုင်အော်ဟစ်လိုက်ကြလေတော့သည်။ ထို့နောက် ဆရာစက္ကကပြောလိုက်သည်။

'ဤလူငယ်လေးငါးယောက်သည် ပုဂ္ဂိုလ်ထူးကြီး
များ စောင့်ရှောက်တော်မူသော အောင်စေ
ပိုင်စေ ဆေးတော်ကြီးကို သောက်သုံးစေခဲ့ကြပြီ
ဖြစ်၍ ဤလူငယ်လေးငါးယောက်သည် ပုဂ္ဂိုလ်
ထူးကြီးများ၏ အစောင့်အရှောက် ခံကြရသူ
များ ဖြစ်ကြပါစေသတည်း'

ဆရာက ထိုသို့ပြောဆိုပြီးနောက် ဆက်လက်ပြောဆို

လိုက်ပြန်သည်။

'ကဲ-အခု အချိန်ကစပြီး မင်းတို့ ငါးယောက်မှာ အဲ့မခန်းတဲ့ စွမ်းရည်ထူးတွေကို မင်းတို့ ကိုယ်တိုင် သိရှိရအောင်၊ ပရိသတ်လည်း မြင်ကြရအောင် ပြတဲ့အနေနဲ့ မင်းတို့ရှေ့မှာ ရှိနေတဲ့ အုန်းသီးတွေကို လှံမပါ၊ ဓားမသုံးဘဲ မင်းတို့ရဲ့အောင်စေပိုင်စေ ဆေးတော်အစွမ်းနဲ့ ခွဲပြကြရမယ်။ မင်းတို့ရဲ့ ကိုယ်တွင်းစွမ်းအား တွေဟာ အခုအချိန်ကစပြီး အဲဒီအုန်းသီးတွေ ကို လွယ်လွယ်ကူကူ ကွဲအက်ကြေမွသွားသည် အထိ အစွမ်းတက်နေကြပြီ'

သာမာန်လူငယ်ကလေးများက လှံ၊ ဓားမသုံးဘဲ အုန်းသီး များကိုခွဲနိုင်နေသည့်စွမ်းရည် ကိုယ်တွင်းအားများ ရှိနေကြပြီဟု ဆိုသဖြင့် ယုံသူရှိသလို မယုံသူများလည်းရှိခဲ့ကြသည်။ ထို့ကြောင့် ဆရာစက္ကက မည်သို့မည်ပုံ သက်သေပြမည်ကို စိတ်ဝင်စားနေကြ တော့သည်။ ထိုစဉ် ဆရာစက္ကက ဆက်ပြောလိုက်သည်။

'ကဲ မင်းတို့ရှေ့မှာရှိနေတဲ့ အုန်းသီးတွေကို မင်းတို့ရဲ့ခန္ဓာကိုယ်မှာရှိနေတဲ့ လက်သီး၊ လက်ဝါးစောင်း၊ တံတောင်၊ ဒူး၊ ဖနောင့် စတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို အသုံးပြုပြီး အုန်းသီးတွေ ကွဲအက်ကြေမွသွားအောင် ပြုလုပ်ကြရမယ်။ ကိုယ့်ရှေ့မှာရှိနေတဲ့ အုန်းသီး ကို ကိုယ်တိုင်လုပ်ကြရမယ်'

တစ်ယောက်ပြီး တစ်ယောက်လုပ်ပါ။ အစွန်မှာရှိနေတဲ့ မြင့်ကြိုင်ကစပြီး မင်းရှေ့မှာရှိနေတဲ့ အုန်းသီးကို မင်းခွဲပြရမယ်။ မြင့်ကြိုင်ပြီးတာနဲ့ ဘေးမှာရှိနေတဲ့ တင်သိန်းက ကိုယ့်အုန်းသီးကို

ကိုယ်ခွဲရမယ်။ နောက် အုန်းမောင်၊ ကျော်ခိုင်၊ မြင့်စိုးတို့ 'စ'လို့ အမိန့်ပေးလိုက်တာနဲ့ မြင့်ကြိုင်ကစပြီး ခွဲရမယ်။ ကဲ - အသင့်ပြင်၊ ဆရာက ထိုသို့ပြောလိုက်သဖြင့် မြင့်ကြိုင်တို့ အသင့်ပြင်နေကြတော့၏။

ဆရာစက္ကက အမိန့်ပေးလိုက်သည်။

'စ'

'အောင်စေပိုင်စေ'

'ဖောင်း'

'ဖွမ်း'

'ဟာ'

'အုန်းသီးအခွံတွေကြေသွားပြီ'

'တော်တော်စွမ်းတဲ့ ဆေးပဲ'

ဆရာက အမိန့်ပေးလိုက်သည်နှင့် မြင့်ကြိုင်က 'အောင်စေပိုင်စေ'ဟုကြွေးကြော်ကာ အုန်းသီးကို တံတောင်နှင့် ထုချေလိုက်ရာ အုန်းသီးမှာ ဓားနှင့်ခွာလိုက်သလို အခွံများ ကြေမွကွဲအက်သွားတော့သည်။ ထို့နောက် တင်သိန်းကလည်း အုန်းသီးကို ဖနောင့်နှင့်ပေါက်၍လည်းကောင်း၊ အုန်းမောင်က လက်သီးနှင့်ထိုး၍လည်းကောင်း၊ ကျော်ခိုင်က အုန်းသီးကို လက်ဝါးစောင်းနှင့်ခုတ်ကာ လက်နှစ်ဖက်နှင့် ဆွဲခွဲ၍လည်းကောင်း၊ မြင့်စိုးက အုန်းသီးကို လက်နှစ်ဖက်နှင့်ကိုင်၍ ပါးစပ်နှင့်ကိုက်၍သော်လည်းကောင်း၊ အုန်းသီးများကို ခွဲခဲ့ကြသဖြင့် ပရိသတ်မှာ တအံ့တသြ ဖြစ်နေကြရသကဲ့သို့ မြင့်ကြိုင်၊ တင်သိန်း၊ အုန်းမောင်၊ ကျော်ခိုင်နှင့် မြင့်စိုးတို့မှာလည်း သူတို့ကိုယ် သူတို့အံ့သြနေခဲ့ကြရသည်။ ထို့ကြောင့် ဆရာက -

'ကဲ တပည့်တို့၊ အခုဆိုရင် ငါ့တပည့်တွေမှာ
သန်မာကျစ်လစ်တဲ့ ကိုယ်တွင်းစွမ်းအားတွေ

အပြည့်ရှိနေကြပြီဖြစ်တယ်။ ဒါဟာ အောင်စေ ပိုင်စေ ဆေးတော်စောင့်တွေရဲ့ အစွမ်းအစတွေကြောင့်ပဲဖြစ်တယ်။ ဒါကြောင့် အခုအချိန်ကစပြီး ငါ့တပည့်တွေ သစ္စာမဲ့ကြပါစေ၊ နောက်တစ်ချက်က အောင်စေပိုင်စေ ဆေးတော်ကြီးကို သောက်ပြီး (၇)ရက်ပြည့် သည်အထိ နောက်ထပ် စမ်းသပ်မှုတွေမပြုလုပ်ကြပါနဲ့၊ ဆေးတော် ကြီးကို မယုံကြည်တဲ့သဘော သက်ရောက်နေတာကြောင့် ဆေးစွမ်း ပျက်ပြယ်သွားတတ်ပါတယ်။ (၇)ရက်ကျော်ပြီ ဆိုရင်တော့ ငါ့တပည့်တွေ လက်သီး လက်ဝါး စောင်း၊ ဖနောင့်၊ ဒူး၊ တံတောင်တွေဟာ ဘယ်လောက် မာကျောတဲ့ သံမဏိဖြစ်နေပါစေ ထိုးဖောက် ကြေကွဲစေပါလိမ့်မယ်။'

ထို့ကြောင့်

ကျေးလက်အတွင်းတွင် ဆရာဖြစ်သူ၏ အောင်စေ၊ ပိုင်စေ ဆေးစွမ်းအံ့မခန်း ထက်မြက်ပုံများမှာ ခဏအတွင်းမှာပင် ပျံ့နှံ့ သွားခဲ့လေတော့သည်။

× × × × ×

## "ဆရာစက္က ဘယ်ကိုရောက်"

အောင်စေပိုင်စေ ဆေးတော်ကြီး၏ အံ့မခန်းစွမ်းရည် သတ္တိများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပြီဖြစ်သဖြင့် ဆေးတော်ကြီးသောက်လိုသူများတွင် လူငယ်လူရွယ်များသာမက ဖိမ်ထောင်သည် အသက်သုံးဆယ်အရွယ် အမျိုးသားများပင် ရှိလာခဲ့တော့သည်။ ထိုသူများမှာ အောင်စေပိုင်စေ ဆေးတော်ကြီး

ကို သောက်သုံးလိုကြသော်လည်း အလုပ်အကိုင် မဖားလပ်သူများ ဖြစ်နေကြသဖြင့် ဆရာစက္ကာ၏ သိုင်းသင်တန်းသို့ တက်ရောက် သင်ကြားခြင်း မပြုနိုင်ကြ။

ထို့ကြောင့် ထိုသူတွေအတွက် ဆရာစက္ကာပြောပြလိုက်ပြန် သည်။

'သိုင်းသင်တန်းမတက်ဘဲ၊ ဆေးတော်ကြီးကို သောက်သုံးချင်ကြတယ်ဆိုရင်လည်း ကျနော် ဆေးတိုက်ပေးလို့ ဖြစ်ပါတယ်။ ဆေးတော်ကြီးနဲ့ ပတ်သက်ပြီး ကျနော့်မှာ ကုန်ကျစားရိတ်တွေ ရှိနေသေးတဲ့အပြင် အလကားရရင် အလကား ပဲရယ်လို့ တန်ဖိုးမရှိဖြစ်မှာစိုးလို့ လူတစ်ယောက် ကိုငွေငါးထောင်ရမယ်ဆိုရင် ကျနော် ဆေး တော်ကြီးကို တိုက်ကျွေးပေးပါ့မယ်။ ဆေးတော် ကြီးကို သောက်ပြီး မထူးခြားဘူးဆိုရင် ကျနော်က ငွေတစ်သောင်း ပြန်လျော်ပေးပါ မယ်။ ကျနော်ပြောတာ သဘောတူတယ်ဆိုရင် ဆေးသောက်ချင်တဲ့လူတွေ ဒီညမှာ လူ တစ်ယောက် ငွေငါးထောင်လာပေးကြပါ'

ဆေးမစွမ်းလျှင် ငွေနှစ်ဆပြန်ရမည်ဆိုသဖြင့် အောင်စေ ပိုင်စေ ဆေးတော်ကြီးကို သောက်ချင်သူ လူသုံးဆယ်ကျော် လေးဆယ်ခန့်ပင်ရှိလာသဖြင့် တစ်ညတည်းမှာပင် ငွေကျပ် နှစ်သိန်းခန့် ရရှိသွားခဲ့သည်။ ငွေကြေးအပြည့်အစုံ ရရှိလာပြီ ဖြစ်သော်လည်း ဆေးတော်ကြီးကို တိုက်ကျွေးမှုပြုလုပ်နိုင်ခဲ့။ ဆရာထံတွင် ဆေးအနည်းငယ်သာရှိနေပြီး သောက်သုံးလိုသူတွေ က လူသုံးလေးဆယ်ခန့်ပင် ရှိနေခဲ့သဖြင့် မလောက်မင ဖြစ်နေခဲ့ သည်။

ထို့ကြောင့်

ဆရာက ပြောလိုက်ပြန်သည်။

'ဆေးတော်ကြီးကို သောက်ချင်သူတွေက အင်တာထက် ပိုပြီးများနေလေတော့ ကျနော်မှာ ရှိနေတဲ့ဆေးနဲ့ မလောက်နိုင်တော့ဘူး။ ဒါကြောင့် ဆေးထပ်ဖော်ဖို့အတွက် မြို့ကို သွားပြီး လိုအပ်တဲ့ပစ္စည်းတွေ သွားဝယ်ချင်တယ်။ မနက်ဖြန်သွားပြီး သဘက်ခါ ပြန်ရောက်ပါမယ်။ ဒါကြောင့် ကျနော်နဲ့အတူ အဖော်လေးငါးယောက်လောက် ခေါ်သွားချင်ပါတယ်။ ဘယ်သူ လိုက်ကြမလဲ'

'ကျနော်လိုက်မယ်'

'ကျနော်လည်း လိုက်မယ်'

'ကျနော်ပါ လိုက်မှာပေါ့'

ဆရာနှင့်အတူ မြင့်ကြိုင်၊ တင်သိန်း၊ အုန်းမောင်၊ ကျော်နိုင်နှင့် မြင့်စိုးတို့ ငါးယောက်က လိုက်ပါလိုကြသဖြင့် အားလုံးကသဘောတူလက်ခံခဲ့ကြသည်။ ဆေးသောက်လိုသူတွေကလည်း ဆရာနှင့်အတူတူ ကိုယ့်ရွာသားငါးယောက်လည်းလိုက်ပါသွားကြမည်ဖြစ်သဖြင့် စိုးရိမ်သောကမဖြစ်ခဲ့ကြ။ ထို့ကြောင့် ဆရာကဦးဆောင်ကာ မြို့သို့ ပရဆေးပစ္စည်းတွေ ဝယ်ယူရန် နောက်တစ်နေ့မှာထွက်လာခဲ့ကြသည်။

သို့နှင့်

ဆရာနှင့်အတူ မြင့်ကြိုင်တို့ ငါးယောက်မြို့သို့ရောက်ရှိလာခဲ့ကြတော့သည်။ မြို့သို့ရောက်ပြီး မကြာမီဆရာနှင့်မြင့်ကြိုင်တို့ငါးယောက်လူစုကွဲသွားခဲ့ကြရတော့သည်။ မြင့်ကြိုင်တို့မှာ ဆရာကို အမျိုးမျိုးရှာဖွေခဲ့ကြသော်လည်း ရှာမတွေ့။ သတင်းပင်

မရ။ ဆရာမှာလည်း ငွေတွေပါရှိနေသဖြင့် အန္တရာယ်တစ်ခုခုကြုံ တွေ့နေရလေပြီလားဟုလည်း စိုးရိမ်သောကဖြစ်နေခဲ့ကြရ ပြန် သည်။ စိုးရိမ်သောကဖြစ်နေကြရသော်လည်း ဆရာစက္ကမှာ ဘယ်ကို ဘယ်ကိုရောက်နေသည်မသိ။ ဘယ်ကိုမှလည်း ရှာမတွေ့။ နောက်ဆုံးတွင် မြင့်ကြိုင်တို့ ငါးယောက်မှာ ရွာကိုပြန်လာပြီး ဆရာစက္က ပျောက်ဆုံးသွားခဲ့ပုံတွေကို ပြောပြခဲ့ကြရတော့သည်။

× × × × ×

## "အောင်စေပိုင်စေ ရှင်းတမ်း"

ထို့ကြောင့်

ဆရာစက္က ပြန်အလာကိုရွာမှပင်စောင့်မျှော်နေခဲ့ကြရာ (၇)ရက်ပင် ကြာလာခဲ့ပြီဖြစ်သော်လည်း ဆရာစက္ကက ပြန်ရောက် မလာခဲ့တော့ပေ။ (၇)ရက်ပြည့်ခဲ့ပြီဖြစ်သဖြင့် မြင့်ကြိုင်တို့ ငါးယောက်မှာ မိမိတို့၏ကိုယ်တွင်းစွမ်းအား ကျစ်လစ်သန်မာမှု များကို ထပ်မံစစ်ဆေးကြည့်ခဲ့ကြပြန်သည်။ ဤတွင် မြင့်ကြိုင်၊ တင်သိန်း၊ အုန်းမောင်၊ ကျော်ခိုင်နှင့် မြင့်စိုးတို့၏ လက်သီး လက်ဝါးစောင်း၊ ဒူး၊ တံတောင်၊ ဖနောင့် စသည်တို့တွင် ပြင်းပြင်း ထန်ထန်ဒါဏ်ရာရရှိသွားခဲ့ကြသဖြင့် ဆေးဝါးကုသမှုပင် ခံယူခဲ့ကြ ရတော့သည်။ ထိုအချိန်ကျမှပင် ဆရာစက္ကမှာ ငွေကျပ်နှစ်သိန်းကို လိမ်လည်ယူသွားခဲ့သည်ကို သဘောပေါက်သွားခဲ့ကြတော့သည်။

အထက်ပါ အောင်စေပိုင်စေ ဖြစ်စဉ်ဇာတ်လမ်းတွင် စက္ကဆိုသူဆရာ၏အမည်မှာ အမည်မှန်ဖြစ်ချင်မှဖြစ်ပေလိမ့်မည်။ ထိုဆရာသည် သိုင်းပညာကို အမှန်တကယ် တတ်ကျွမ်းသူ တစ်ယောက်ဖြစ်နေသော်လည်း မှန်မှန်ကန်ကန် ရိုးရိုးသားသား လုပ်ကိုင်စားသောက်ခြင်းမပြုပဲ ခွန်ချိခွန်သာ၊ ပုဏ္ဏက၊ အဥ္စာဝက၊ မင်းကြီးမင်းလေးစသော ပရလောကသားပုဂ္ဂိုလ်များ၏ အမည်

ပြည့်ဝ စာပေ

နာမတွေကိုအသုံးချကာ ရိုးသားသူ တောသူတောင်သားများအား ပြယုဂ်ကောင်းကောင်းလုပ်ပြကာ လိမ်လည်သွားခဲ့ခြင်းသာ ဖြစ်သည်။ ဆရာစက္ကဆိုသူမှာ မြင့်ကြိုင်တို့ငါးယောက်အား အုန်းသီးစိမ်းများကို ဒူး၊ တံတောင်၊ လက်ဝါးစောင်း၊ လက်သီး၊ ဖနောင့် စသည်တို့နှင့် ကွဲအက်ကြေမွသွားအောင် ပြုလုပ်နိုင်စေရန် အုန်းသီးစိမ်းများတွင် ကြိုတင်စီစဉ်မှုတွေ ပြုလုပ်ထားခြင်း ဖြစ်နိုင်သည်ဟု အတွေ့အကြုံရှိသူ သက်ကြီးရွယ်အိုများနှင့် မျက်လှည့်ပညာရှင်တွေက တွေးထင်ယူဆခဲ့ကြသည်။ အုန်းသီး အစိမ်းများထဲတွင် 'ပြဒါး'ထည့်ထားခဲ့လျှင် အုန်းသီးအခွံများမှာ ပြဒါးကြောင့် 'ကြွပ်မွ' လာတော့သည်။ ထိုအချိန်တွင် အုန်းသီးကို လက်နှင့်ဖုံရွဲ့လိုက်လျှင်ပင် အုန်းသီးမှာ ပုံ့ထွက်ကြေမွသွားမည် ဖြစ်သည်။

ထို့ကြောင့်

ဆရာစက္ကသည် အုန်းသီးအစိမ်းထဲတွင် 'ပြဒါး'ကို ကြိုတင် ထည့်သွင်းထားခဲ့ပေလိမ့်မည်။ ထို့ကြောင့် မြင့်ကြိုင်တို့ ငါးယောက် မှာ အုန်းသီးများကို အလွယ်တကူခွဲခြေနိုင်ခဲ့ကြခြင်းဖြစ်နိုင်သည်ဟု တွေးထင်ယူဆခဲ့ကြသည်။ ထို့ကြောင့် မြင့်ကြိုင်တို့ငါးယောက်မှာ (၇)ရက်ပြည့်သောနေ့တွင် ၎င်းတို့၏ကိုယ်တွင်းစွမ်းအားတွေကို ပြန်လည်စမ်းသပ်ကြည့်သောအခါ အမှန်အကန် အုန်းသီးတွေဖြစ် နေသဖြင့် အုန်းသီးတွေကွဲမသွားပဲ ဒါဏ်ရာများပင် ရရှိခဲ့ကြခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ

ဆရာဆိုသူသည်အယောင်ဆောင် ဂမ္ဘီရဆရာတု တစ် ယောက်သာဖြစ်သည်။ ဂမ္ဘီရပညာ၊ သိုင်းပညာတွေကို ခုတုံးပြုလုပ် ၍လိမ်လည်သွားခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် ဆရာစက္က ဆိုသူ၏ အောင်စေပိုင်စေ ဇာတ်လမ်းဖြစ်စဉ်များမှာ ဂမ္ဘီရနယ်မြေ

မှ အံ့တုအယောင်ဇာတ်လမ်းတစ်ခုသာ ဖြစ်သည်။ အမှန်တကယ်တွင်မူ ဂမ္ဘီရနယ်မြေသည် လျှို့ဝှက်သော၊ နက်ရှိုင်းသော၊ သူတော်ကောင်း တရားများလွှမ်းမိုးနေသော၊ သူတော်ကောင်းတို့၏ နယ်မြေတစ်ခုသာဖြစ်သည်။ ထို့ကြောင့် ဂမ္ဘီရနယ်မြေကို မှေးမှိန်ညစ်ထေးအောင် ပြုလုပ်နေသူများ၏ လုပ်ရပ်များနှင့် အစစ်၊ အတု၊ ဤနှစ်ခုကို ခွဲခြားသိမြင်နိုင်စေရန်ရည်သန်၍ ---

မင်းသစ္စာလှိုင် (ကဒုံကနီ)

* *၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ၊ သူရဇ္ဇမဂ္ဂဇင်း၊ အတွဲ(၆)၊ အမှတ်(၉)*

*****

'ဂန္ထီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ'

# '' သပိတ်ဝင် အိတ်ဝင် ''

မင်းသစ္စာလှိုင် (ကဒုံကနိ)

## 'ဒါဏ်ခတ်ခံနေရသည့် ဆရာလေး'

'သန်းသန်းမြင့် အိမ်ရှေ့မှာ သီလရှင်တစ်ပါး ဆွမ်းဆန်တော်ရပ်နေတယ် သွားလောင်းလိုက်ပါအုံး'

ခင်ပွန်းဖြစ်သူ ကိုသီဟက ပြောလိုက်သဖြင့် သန်းသန်းမြင့်က သမီးဖြစ်သူ မသူဇာကိုလှမ်းအော်ပြောလိုက်သည်။

'သမီးရေ ဆွမ်းဆန်စိမ်းလောင်းလိုက်ပါအုံး'

သန်းသန်းမြင့်က စာရင်းဇယားများ တွက်ချက်စစ်ဆေးနေသဖြင့် သမီးဖြစ်သူကိုလှမ်းအော်ပြောလိုက်ခြင်းဖြစ်သည်။

ကိုသီဟနှင့် မသန်းသန်းမြင့်တို့မှာ ကြက် ဘဲနှင့် ကြက်ဥ ဘဲဥအဝယ်ဒိုင်လုပ်ငန်းရှင်များဖြစ်သည်။ နေအိမ်မှာ ကမ်းခြေကို ကျောပေး၍ဆောက်လုပ်ထားခြင်းဖြစ်သည်။ လမ်းမကြီးဘေးတွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အိမ်ရှေ့တွင် လမ်းရှိနေပြီး အိမ်နောက်ဖက်တွင်မြစ်ရှိနေသည်။ ထို့ကြောင့် ကိုသီဟနှင့်မသန်းသန်းမြင့်တို့မှာ အိမ်အနောက်ဖက်တွင် ကြက်ဘဲနှင့် ကြက်ဥ ဘဲဥဝယ်ရန် အဝယ်ဒိုင်မျက်နှာစာ ဖွင့်လှစ်ဝယ်ယူပြီး အိမ်ရှေ့လမ်းမကြီးဘက်မှာလည်း အဝယ်ဒိုင်ဖွင့်လှစ်ဝယ်ယူရသဖြင့် ရေလမ်းခရီးမှ လာရောက်ရောင်းချသော ကြက်ဘဲ၊ ကြက်ဥ ဘဲဥများနှင့် ကုန်းလမ်းမှ လာရောက်ရောင်းချနေသော ကြက်ဘဲနှင့် ကြက်ဥ၊ ဘဲဥများကို ဝယ်ယူရရှိနေခဲ့ကြသည်။

ယိုကဲ့သို့ ကုန်းလမ်း၊ ရေလမ်းအနယ်နယ်အရပ်ရပ်မှ

ကြက်ဘဲနှင့် ကြက်ဥ၊ ဘဲဥများကို ဝယ်ယူရရှိနေသဖြင့် လေးငါးနှစ်အတွင်းမှာပင် သိသိသာသာ စီးပွားရေးတိုးတက်လာခဲ့တော့သည်။ မိသားစုအားလုံးတွင် ရွှေ ငွေများ တစ်ကိုယ်စာဝတ်ဆင်နိုင်သကဲ့သို့ နေအိမ်ကျက်သရေဆောင် တီဗွီ၊ ဒီဗွီဒီ၊ စလောင်း စသောခေတ်ပေါ် အီလက်ထရောနစ်ပစ္စည်းများကိုလည်း ဝယ်ယူအသုံးပြုလာနိုင်ခဲ့သည်။ ထို့အပြင် အလှူရေစက် လက်နှင့်မကွာဆိုသလိုလာသမျှအလှူခံများကိုလည်း လက်မလွှတ်တမ်းလှူဒါန်းနေခဲ့သောမိသားစုပင်ဖြစ်သည်။ ထို့ကြောင့် အိမ်ရှေ့တွင် သီလရှင်တစ်ပါးအလှူလာခံခဲ့သဖြင့် ငွေစက္ကူများကိုရေတွက်နေသော ကိုသိဟကဇနီးဖြစ်သူကို လှမ်းအော်ပြောလိုက်ခြင်းဖြစ်သည်။ ဇနီးဖြစ်သူသန်းသန်းမြင့်ကလည်း စာရင်းဇယားများတွက်ချက်နေသဖြင့်သမီးဖြစ်သူ မသူဇာကိုလှမ်းပြောလိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မသူဇာက ဆန်တစ်ပြည်ခပ်ယူပြီး အိမ်ရှေ့သို့ထွက်လာခဲ့သည်။ အိမ်ပေါ်မှဆင်းလာပြီး ဆွမ်းဆန်တော်များကိုလောင်းလှူမည်ပြုလိုက်ရာ သီလရှင်က လက်ကာပြကာ ပြောလိုက်သည်။

'ဆရာလေး ဆွမ်းဆန်တော်လာရပ်တာ မဟုတ်ပါဘူး ဒကာမလေး၊ ပြောစရာကိစ္စရှိလို့ပါ'

ဆွမ်းဆန်တော်လောင်းလှူမည့် မသူဇာ ဆရာလေးကိုနားမလည်သလိုပြန်ကြည့်နေမိသည်။ ထို့နောက် ဆရာလေးကဆက်ပြောလိုက်ပြန်သည်။

'ဆရာလေးကို အိမ်ထဲခဏလောက် ဝင်ခွင့်ပြုပါလား'

'ဝင်ပါ၊ ဝင်ပါ'

မသူဇာက ဦးဆောင်ပြီး အိမ်ပေါ်ပြန်တက်လာခဲ့သည်။ ဆရာလေးက မသူဇာနောက်မှလိုက်ပါလာခဲ့သည်။ မသူဇာနှင့်

ဆရာလေးတို့ အိမ်ပေါ်တက်လာကြသည်ကိုမြင်သဖြင့် ကိုသိဟနှင့် မသန်းသန်းမြင့်တို့က ငေးကြည့်နေမိခဲ့ကြသည်။ ထို့ကြောင့် မသူဇာက မိဘများကိုပြောလိုက်သည်။

'ဆရာလေးက အိမ်ထဲဝင်ခွင့်တောင်းပြီး
ပြောစရာရှိလို့တဲ့အဖေ'

ထို့ကြောင့် ကိုသိဟနှင့်မသန်းသန်းမြင့်တို့မှာ လုပ်လက်စ အလုပ်များကိုရပ်နားကာ ဆရာလေးကိုနေရာထိုင်ခင်းပေးလိုက်ကြသည်။ ထို့နောက် ဆရာလေးအနီးတွင် ထိုင်လိုက်ကြသည်။ အဆက်အသွယ် အဆက်အစပ်မရှိသော သီလရှင်တစ်ပါးက ပြောစရာကိစ္စရှိလို့ဟုဆိုသဖြင့် ကိုသိဟမှာ စိတ်ဝင်စားနေခဲ့သည်။ ထို့ကြောင့် ကိုသိဟက သိချင်ဇောနဲ့မေးလိုက်သည်။

'ဘာကိစ္စများပြောစရာရှိလို့ပါလဲ ဆရာလေး'

'ဆရာလေးနာမည်က သုတသီရိနန္ဒာပါ
ဒကာကြီး'

ကိုသိဟက ကိစ္စအကြောင်းကို မေးနေသော်လည်း ဆရာလေးက သူ့ဘွဲ့ကိုပြောပြနေသဖြင့် ကိုသိဟက ဆက်မေးလိုက်ပြန်သည်။

'ဆရာလေးသုတသီရိနန္ဒာ ဘာအကြောင်း
ကိစ္စနဲ့ တပည့်တော်တို့အိမ်ကို ကြွလာရပါသလဲ
ဘုရား'

'ပြောရရင်တော့ ဆရာလေးရဲ့ အရေးကိစ္စ
ဖြစ်သလို ဒကာကြီးရဲ့ မိသားစုအရေးကိစ္စလဲ
ဖြစ်တယ်'

'ဆရာလေးပြောမှ သိရမှာပါဆရာလေး'

'အစအဆုံးပြောပြမှ နားလည်သဘောပေါက်
မှာဖြစ်လို့ သည်းခံပြီးနားထောင်စေချင်ပါတယ်'

ကိုသီဟတို့မိသားစုမှာ သိချင်လှပြီဖြစ်သော်လည်း ဒေါ်သုတသီရိနန္ဒာက စကားပလ္လင်ခံနေပြန်သည်။ ထို့ကြောင့် မသန်းသန်းမြင့်က လျှောက်ထားပြောဆိုလိုက်သည်။

'ပြောမှာသာပြောပါဆရာလေး၊ တပည့်တော်တို့ နားထောင်ပေးပါမယ်'

'ဆရာလေးဟာ ဒါဏ်ခတ်ခံနေရစဉ် ဒီအိမ်ကို ရောက်လာခဲ့ရတာပါ'

'တပည့်တော်တို့ မရှင်းဘူးဆရာလေး'

'ရှင်းအောင် ဆရာလေးပြောပါမယ်။ သီးခံပြီး သာ နားထောင်ပေးစေချင်ပါတယ်။ ဆရာလေး အိပ်မက်တစ်ခုမက်ခဲ့တယ်။ အဲဒီအိပ်မက် ကတော့'

ဒေါ်သုတသီရိနန္ဒာက အဲဒီအိပ်မက်ကတော့ဟုဆိုကာ သူ၏ အိပ်မက်အကြောင်းကိုပြောပြလိုက်လေတော့သည်။

× × × × ×

## " ဒေါ်သုတသီရိနန္ဒာ၏ အိပ်မက် "

'သမီး သုတသီရိနန္ဒ'

ဆရာလေးသည် သူ၏ဘွဲ့အမည်ကိုခေါ်သံကြားလိုက်ရသဖြင့် ကြည့်လိုက်သည်။ တောင်ဝှေးကိုထောက်လျှက် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့မြင်လိုက်ရသည်။ ထိုပုဂ္ဂိုလ်က ဆက်ပြောလိုက်သည်။

'မှိုက်ပါပေ့ သမီးရယ်'

ဆရာလေးက ထိုပုဂ္ဂိုလ်ကိုမသိ၊ ထိုပုဂ္ဂိုလ်ကြီး ပြောနေသည့် စကားအဓိပ္ပါယ်ကိုလည်း နားမလည်၊ ထို့ကြောင့် ပြန်မေးလိုက်သည်။

'ဆရာလေးက ဘာတွေမိုက်နေလို့လဲ'

'သုတသီရိနန္ဒာ၊ သုတသီရိနန္ဒာ ကိုယ့်ကိုယ်ကို မိုက်လို့ မိုက်မှန်းတောင်မှ မသိပဲဖြစ်နေပါလား၊ ဘေးလေး၊ မသိလို့လဲ ဒီလိုမိုက်နေတာပဲပေါ့'

ထိုပုဂ္ဂိုလ်ကရေရွတ်ပြောဆိုနေတော့သည်။ ထို့ကြောင့် ဆရာလေးကမေးလိုက်သည်။

'ဆရာလေးကို အခုပြောနေတဲ့သူဟာ ဘယ်သူလဲ၊ ဘာကြောင့် ပြောနေတာလဲဆိုတာ အခုထိ ဆရာလေးမသိသေးဘူး'

'ဆရာလေးကို အခုပြောနေတဲ့သူဟာ ဆရာလေးကိုပြစ်ဒါဏ်ခတ်ဖို့ ရောက်လာတဲ့လူပဲ၊ ဆရာလေးဟာ ကိုယ်လျှောက်ရမယ့် လမ်းကို ဆက်မလျှောက်ပဲ လောကီရေးရာတွေမှာ သာယာနေခဲ့တယ်။ ဒါကြောင့် ဆရာလေးကို မိုက်တယ်လို့ ပြောရတာ။ အဲဒီလိုမိုက်နေတဲ့ အတွက် ဆရာလေးကို ပြစ်ဒါဏ်ချဖို့ အထက် ပုဂ္ဂိုလ်တွေက ကျုပ်ကို လွှတ်လိုက်တာပဲ'

ထို့ကြောင့် ဆရာလေး သူ့ကိုယ်သူ ပြန်စဉ်းစားကြည့်လိုက်သည်။ လောကီရေးရာကိစ္စများနှင့်ပတ်သက်၍ ဒကာ ဒကာမတွေကို ဗေဒင်ယတြာပြုလုပ်ပေးခဲ့သည်။ သူတို့ထံမှ လာဘ်လာဘတွေရခဲ့သည်။ ထို့ကြောင့် တစ်ခါတရံ တရားထိုင် ပုတီးစိတ် အလုပ်များ ပျက်ကွက်ခဲ့သည်ကို ပြန်စဉ်းစားမိခဲ့သည်။

ထိုစဉ် ထိုပုဂ္ဂိုလ်က ဆက်ပြောလိုက်သည်။

'အဲဒီလို ဆက်မိုက်နေအုံးမယ်ဆိုရင်တော့ သုတသီရိနန္ဒာဟာ သာသနာ့ဘောင်ကို စွန့်ခွာသွားရလိမ့်မယ်'

သာသနာ့ဘောင်ကိုစွန့်ခွာသွားရမည်ဆိုသဖြင့် ဆရာလေး စိုးရိမ်ထိတ်လန့်သွားခဲ့ရတော့သည်။ ထို့နောက် ထိုပုဂ္ဂိုလ်က ဆက်ပြောလိုက်သည်။

'ဒါကြောင့် သုတသီရိနန္ဒာ သာသနာ့ဘောင်ကို မစွန့်ခွာချင်ဘူးဆိုရင်တော့ ပေးတဲ့အပြစ်ဒါဏ်ကို ကျေပြွန်အောင် ဆောင်ရွက်ရလိမ့်မယ်'

'ဘယ်လိုအပြစ်ဒါဏ်များပါလိမ့်'

'ဟောဒီ လူ့လောကကြီးထဲမှာ သောကြာသားနဲ့ သောကြာသမီး ဇနီးမောင်နှံရှိနေတယ်။ အဲ့ဒီ သောကြာသားသမီး ဇနီးမောင်နှံဟာ မကြာခင် သပိတ်တစ်လုံး၊ အိတ်တစ်လုံးနဲ့ ကြီးပွားချမ်းသာပြီး သာသနာပြုကြရလိမ့်မယ်။ အဲ့ဒီ သောကြာသားသမီး ဇနီးမောင်နှံကိုရှာဖွေပြီး သူတို့ရဲ့ကုသိုလ်ကံကြောင့်ရရှိလာမဲ့ သပိတ်တစ်လုံးနဲ့ အိတ်တစ်လုံးကို ရအောင်ယူပေးရမယ်။ အဲ့ဒီလိုရအောင်ယူပေးနိုင်ရင် သုတသီရိနန္ဒာရဲ့ အပြစ်တွေကြေပြီ'

'အဲ့ဒီ သောကြာသားသမီး ဇနီးမောင်နှံက ဘယ်အရပ်မှာရှိပါသလဲ'

'သူက သုတသီရိနန္ဒာ ကိုယ်တိုင် ရှာဖွေရင် တွေ့ပါလိမ့်မယ်။ ကဲ- သာသနာ့ဘောင်က မထွက်ချင်ဘူး၊ ကိုယ်ရည်မှန်းတဲ့ ခရီးလမ်းကို ဆက်လှမ်းချင်ရင်တော့ အပြစ်တွေ ကြေအောင်လုပ်'

ပြောပြောဆိုဆိုနှင့် ထိုပုဂ္ဂိုလ်ထွက်ခွာသွားတော့သည်။ ဒေါ်သုတသီရိနန္ဒာမှာလည်း အိပ်ယာမှ လန့်နိုးလာခဲ့ပေတော့

သည်။

× × × × ×

## " သပိတ်တစ်လုံး အိတ်တစ်လုံး "

ဆရာလေးက အိပ်မက်အကြောင်းပြောဆိုခဲ့ပြီးနောက် ဆက်လက် ပြောဆိုလိုက်ပြန်သည်။

'ဒါကြောင့် ဆရာလေး ဒီကိုရောက်လာခဲ့ရတာဟာ ဆရာလေးရဲ့အရေးကိစ္စဖြစ်သလို ဒကာကြီးတို့ မိသားစုရဲ့ အရေးကိစ္စလဲ ဖြစ်တယ်'

ထို့ကြောင့် ကိုသီဟက ပြောလိုက်သည်။

'တပည့်တော်တို့ဇနီးမောင်နှံဟာ သောကြာသားနှင့် သောကြာသမီးဖြစ်ကြောင်း ဆရာလေး ဘယ်လိုလုပ်သိတာလဲ'

'ဆရာလေးပြောလို့မဖြစ်နိုင်တဲ့ မေးခွန်း ဖြစ်နေတာကြောင့် ဆရာလေးမပြောပါရစေနဲ့'

'ဒါဆိုရင်လည်း သပိတ်တစ်လုံး၊ အိတ်တစ်လုံးနဲ့ ကြီးပွားချမ်းသာပြီး သာသနာပြုမယ့် အိပ်မက်ဆိုတဲ့အဓိပ္ပါယ်ကို ရှင်းပြပေးပါ'

'ဒကာလေးတို့မိသားစုမှာ အတိတ်ဘဝရဲ့ ကံကုသိုလ်ကြောင့် သပိတ်တစ်လုံးနဲ့ အိတ်တစ်လုံး အပြည့် ရွှေတွေရဘို့ရှိနေတယ်။ အဲဒီရွှေတွေ ရပြီးရင် ဒကာလေးတို့ မိသားစုကြီးပွားချမ်းသာပြီး ကုသိုလ်ကောင်းမှုတွေ ဒီ့ထက်ပိုလုပ်နိုင်တော့မယ်'

သပိတ်တစ်လုံးနှင့် အိတ်တစ်လုံးအပြည့် ရွှေအပြည့်ရမည် ပြည့်ဝ စာပေ

ဟုဆိုသဖြင့် မသန်းသန်းမြင့်နှင့် သမီး မသူဇာတို့မျက်နှာတွေ ဝင်းလက်သွားတော့သည်။ သိန်းပေါင်းများစွာ တန်ဖိုးရှိနေသဖြင့် သန်းသန်းမြင့်က လိမ္မာပါးနပ်စွာမေးလိုက်သည်။

'အဲဒီ သပိတ်တစ်လုံးနဲ့ အိတ်တစ်လုံးရွှေတွေ ရဖို့အတွက် တပည့်တော်မတို့က ဘာတွေလုပ်ရမှာလဲ ဘုရား၊ ဆရာလေးကရော ဘာတွေလုပ်ပေးမှာလဲ'

'ထူးထူးထွေထွေ ဘာမှလုပ်စရာ မလိုပါဘူး။ ဆရာလေးကို ဒီအိမ်မှာ(၇)ရက် နေခွင့်ပေးပါ၊ ဒီ(၇)ရက်အတွင်းမှာ အောင်မြင်အောင် ဆရာလေး ဆောင်ရွက်ပေးပါမယ်။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ လောလောဆယ် သပိတ် ဆယ့်တစ်လုံး ဝယ်ရမယ်။ သပိတ်တစ်လုံးမှာ ငွေတစ်ထောင် ထည့်ရမယ်။ သပိတ် ဆယ့်တစ်လုံးဆိုတော့ ငွေသောင်းတစ်ထောင်ပေါ့။ အဲဒီလို သပိတ်ထဲမှာ ငွေတစ်သောင်းတစ်ထောင်ထည့်ပြီး ဘုရားမှာ လှူတာက ဆယ့်တစ်မီး ငြိမ်းရအောင်လုပ်တာ။ ကဲ -လောလောဆယ် သပိတ်ဖိုးနဲ့ သပိတ်ထဲထည့်ဖို့ စုစုပေါင်း ငွေနှစ်သောင်း ဆရာလေးကပဲ စိုက်ပေးပါ့မယ်။ အဲဒီလို ဆရာလေး စိုက်ထည့် ပေးတဲ့အတွက် ဆရာလေးကို ဘာ အကျိုးအမြတ်မှ ပေးစရာ မလိုဘူး။ ဆရာလေး အတွက်ကတော့ ဒကာမကြီးတို့ ရွှေတွေရသွားရင် ပြစ်ဒါဏ်ကြေပြီ။ ပြစ်ဒါဏ်ကြေဖို့ပဲ အရေးကြီးတယ်။ ဒကာမကြီးတို့ မယုံမှာစိုးလို့ ဆရာလေးက စိုက်ထည့်

ပေးတာ'

ထို့ကြောင့် ကိုသီဟကပြာပြာသလဲ ပြောဆိုလိုက်သည်။

-'ဟာနေပါစေ ဆရာလေးရယ်။ ဆရာလေးကိုယုံ

ပါတယ်။ တပည့်တော်တို့ပဲ ဝယ်ပါရစေ။

ဆရာလေးကသာ လိုအပ်သလိုညွှန်ကြားပေးပါ။

ဆရာလေးလဲ တပည့်တော်တို့ အိမ်မှာ (၇)ရက်

မက သီတင်းသုံးနိုင်ပါတယ်'

ဤသို့ဖြင့် သပိတ်တစ်လုံး၊ အိတ်တစ်လုံးအစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့ကြပေတော့သည်။

× × × × ×

**'ဆယ့်တစ်မီးငြိမ်းဖို့ ဆယ့်တစ်သိန်းလှူ'**

သို့နှင့်

ကိုသီဟနှင့် မသန်းသန်းမြင့်တို့၏ ဘုရားစင်ရှေ့တွင် ခုံတန်းလျှားတစ်ခု စီစဉ်ထားရှိကာ သပိတ်ဆယ့်တစ်လုံးနှင့် ငွေသောင်းတစ်ထောင်ကျပ်ကို လှူဒါန်းခဲ့ကြသည်။ ဒေါ်သုတသီရိနန္ဒာ မှာ ဘုရားစင်ရှေ့မှာပင်နေ၍နောက်တွင်စာဖတ်ခြင်း၊ အညောင်းပြေ လမ်းလျှောက်ခြင်းများပြုလုပ်ကာ ညဖက်တွင် မိသားစုအား ပညာရပ်အကြောင်းများဟောပြောပြီး ညဆယ်နာရီတွင် မိသားစုကို အိပ်ယာဝင်စေခဲ့သည်။ မိသားစုအိပ်ယာဝင်သည်နှင့် ခြင်ထောင်ထဲတွင် တရားထိုင်နေခဲ့တော့သည်။ ခြင်ထောင်ထဲတွင် တရားထိုင်နေသည်ဟုဆိုခြင်းမှာ ဒေါ်သုတသီရိနန္ဒာ ပြောပြ၍ ကိုသီဟတို့ မိသားစုသိခဲ့ရခြင်းဖြစ်သည်။ ကိုသီဟတို့ မိသားစုမှာ အိပ်ယာဝင်သည်နှင့် ခြင်ထောင်အပြင်သို့ ပြန်မထွက်ရ၊ ထွက်ခဲ့လျှင် အစီအစဉ်ပျက်မည်ဟုဆိုသဖြင့် အပေါ့အပါး သွားရန်အတွက် ခြင်ထောင်ထဲတွင် မိလ္လာခွက်များ ထားခိုင်း

ကြရသည်။

ဤသို့ဖြင့် (၃)ရက်မြောက် ညသန်းခေါင်ယံအချိန်တွင် ဒေါ်သုတသီရိနန္ဒာက တစ်အိမ်သားလုံးကိုနှိုးကာ အိမ်နောက်ဖက် ကမ်းခြေတစ်နေရာကို တူးဖော်စေခဲ့သည်။ ညအမှောင်ထဲတွင် ရွှံ့လဟာပြင်ကို အနက်တစ်တောင်ခန့်တူးဖော်မိသောအခါ သပိတ်တစ်လုံးကို တွေ့ရှိခဲ့ကြသည်။ သပိတ်ကို အနိုင်အခန့်ကြိုးနှင့် ချည်နှောင်ပိတ်ထားသဖြင့် သပိတ်ကိုဆေးကြောသန့်စင်ပြီး ဖွင့်ကြည့်လိုက်ကြရာ သပိတ်ထဲတွင် လွှယ်အိတ်ငယ်လေးတစ်လုံး အပြည့်၊ ရွှေမန်ကျည်းသီးတောင့်များကို တွေ့မြင်လိုက်ကြရတော့သည်။ ထို့ကြောင့် ကိုသီဟတို့မိသားစုမှာ အလွန်အမင်း ဝမ်းသာအားရ ဖြစ်သွားခဲ့ကြရတော့သည်။

ထို့နောက် သပိတ်နှင့်အိတ်ကို ဘုရားစင်ပေါ်တွင် တင်ထားခိုင်းလိုက်သည်။ ထို့နောက်ဆရာလေးက ပြောလိုက်သည်။

'ကဲ- ပထမအဆင့်တော့အောင်မြင်သွားခဲ့ပြီ။
ဒီတော့ ဆရာလေးစိုက်ခဲ့တဲ့ ငွေနှစ်သောင်းကို
ပြန်ပေးပါ'

ထို့ကြောင့် ကိုသီဟက ငွေနှစ်သောင်းကိုချက်ခြင်း ပြန်ပေးလိုက်တော့သည်။ ထို့နောက် ဆရာလေးက ဆက်ပြောလိုက်ပြန်သည်။

'ဒီရွှေမန်ကျည်းသီးတောင့်တွေ ပျောက်ပျက်
မသွားအောင် နောက်တစ်ဆင့် ပြုလုပ်ရအုံး
မယ်။ သပိတ်တစ်လုံးမှာ ငွေတစ်သိန်းစီ ကပ်
လှူရမယ်။ သပိတ်ဆယ်လုံးဆိုတော့ ငွေဆယ်
သိန်း။ ပထမ သပိတ်တစ်လုံးကို ငွေ တစ်ထောင်
ထည့်တာက ထောင်မတ်ရအောင်ထည့်တာ၊
အခု ရွှေတွေရပြီးဆိုတော့ ထောင်မတ်လာရ

ပြီပေါ့၊ ဒီရှေတွေကို သိမ်းထားနိုင်တဲ့ အဆင့် ဖြစ်အောင် သိန်းဂဏန်းနဲ့ မှတ်ဆင်တာပဲ။ ဒါကြောင့် ဒုတိယအဆင့်အနေနဲ့ ဆယ့်တစ်မီး ငြိမ်းအောင် ဆယ့်တစ်သိန်း လှူရမယ်။ ဒီ ဆယ့်တစ်သိန်းကလည်း ကိစ္စပြီးရင် ပြန်ရမှာ ဘဲ။ ဆရာလေးကို ဘာမှပေးစရာ မလိုဘူး။ ယတြာချေမှတ်ဆင်တဲ့ သဘောပဲ'

ထို့ကြောင့်ပင်လျှင် ကိုသီဟတို့မိသားစုမှာ ငွေဆယ့်တစ် သိန်းကို သပိတ်ဆယ့်တစ်လုံးတွင်ထည့်လှူလိုက်တော့၏။ ထို့နောက် ဆရာလေးက ပြောလိုက်သည်။

'ကဲ ဒီသပိတ်တွေကို နောက်(၄)ရက်ကြာမှ စွန့်ယူ သုံးစွဲလို့ရမယ်။ ဒီကြားထဲမှာ ကိုင်တောင်မှ မကြည့်ကြနဲ့၊ ကိုင်မိ ထိမိရင် ရွှေမကျိုးတောင့်တွေက မီးသွေးခဲတွေ ဖြစ်သွား လိမ့်မယ်။ လေးရက်ပြည့်လို့ စွန့်ယူပြီးရင် သာသနာ့အကျိုးအတွက်လဲ လုပ်ကြရမယ်နော် မမေ့နဲ့'

'မမေ့ပါဘူး ဆရာလေး'

'သာဓုကွယ် သာဓု သာဓု၊ ကဲ အိပ်ကြတော့ ခြင်ထောင်ထဲရောက်ပြီးရင် အပြင်မထွက်ကြ နဲ့တော့ ဆရာလေးလဲ ခြင်ထောင်ထဲမှာ တရား ထိုင်လိုက်အုံးမယ်'

ထို့ကြောင့် အားလုံးအိပ်ယာ ဝင်ခဲ့ကြတော့သည်။

× × × × ×

## 'အတုအယောင်'

နောက်တစ်နေ့နံနက်ပိုင်းတွင် အိမ်သားအားလုံး အိပ်ယာမှထနေကြပြီဖြစ်သော်လည်း ဒေါ်သုတသိရိနန္ဒမှာ အိပ်ယာမှ မထသေး နံနက် ၉-နာရီကျော်အထိ အိပ်ယာက မထလာသေးသဖြင့် ခြင်ထောင်ကိုလှန်ကြည့်ခဲ့ကြရာ ခြင်ထောင်ထဲတွင် ဆရာလေးမရှိတော့။ ထို့ကြောင့် ဆရာလေးပျောက်ဆုံးသွားခဲ့ခြင်းနှင့်ပတ်သက်၍ ဇဝေဇဝါဖြစ်နေခဲ့ကြရတော့သည်။ ထိုနောက် အရင်ဆုံး အိပ်ယာမှထလာခဲ့သော သမီးဖြစ်သူ မသူဇာက အိပ်ယာမှနိုးထလာပြီး အိမ်ရှေ့တံခါးကိုဖွင့်ရာတွင် အိမ်ရှေ့တံခါး ဂျက်ချမထားသည်ကို သတိရသွားတော့သည်။ ထို့ကြောင့် ဆရာလေးသည် မိသားစုများ အိပ်ယာမှမနိုးမီ အိမ်မှထွက်ခွာသွားခဲ့ကြောင်း သိရှိသွားခဲ့ကြရတော့သည်။ ဆရာလေးထွက်ခွာသွားသည်ကို သိရှိလိုက်ရသောအခါမှ ဘုရားစင်ပေါ်မှ သပိတ်များကို သွားရောက်ဖွင့်ကြည့်လိုက်ကြရာ ဆယ်တစ်မီးငြိမ်းစေရန်ထည့်ထားသော ကျပ်ကစ်သောင်းတစ်ထောင်၊ နောက်ထပ်ထည့်ခဲ့သော ငွေတစ်ဆယ့်တစ်သိန်းနှင့် ရွှေမကျိုးတောင့်များပါ မရှိတော့သည်။ ကိုသီဟတို့ မိသားစုသည် ထိုအခါမှသာ ဒေါ်သုတသိရိနန္ဒဆိုသော လူလိမ်မိန်းမမှာ သီလရှင်အယောင်ဆောင်ကာ လိမ်လည်သွားခဲ့ကြောင်း သဘောပေါက်သွားခဲ့ကြရတော့သည်။ သဘောပေါက်သွားခဲ့ပြီဖြစ်သော်လည်း နောက်ကျသွားခဲ့ရပြီဖြစ်သည်။

ထို့ကြောင့် မသမာသူ လူလိမ်လူကောက်များသည် သာသနာတော်ကိုပင် ခုတုံးလုပ်ကာ သီလရှင်အသွင်၊ ရဟန်းအသွင် အယောင်ဆောင်ကာ လိမ်လည်လှည့်ဖြားနေကြပြီဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များမှာ သာသနာတော်ကို အကြွင်းမဲ့

ကြည်ညိုနေကြသည်ကို အခွင့်ကောင်းယူကာ လိမ်လည်လှည့်ဖြား နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ပြည်သူများ အနေနှင့်လည်း သတိရှိရန်နှင့် အသိရှိကြရန် လိုအပ်နေပြီ ဖြစ်သည်။ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များနှင့် သီလရှင်များသည် ထိုကဲ့သို့အလုပ်များကို မည်သည့်အခြေအနေ တွင် မည်သည့်အကြောင်းကိစ္စနှင့်မှ ပြုလုပ်ကြလိမ့်မည်မဟုတ်။ ထိုသို့ပြုလုပ်နေကြသည်မှာ အတုအယောင်များသာဖြစ်သည်။ လူလိမ်လူကောက်များသာ ဖြစ် သည်။

ဗုဒ္ဓဘာသာ သာသနာ့ဝန်ထမ်း ရဟန်းသံဃာများနှင့် သီလရှင်များတွင် သာသနာမှတ်တမ်း၊ သာသနာမှတ်ပုံတင်များ ရှိနေကြပါသည်။ ထို သုတသီရိနန္ဒာဆိုသော အတုအယောင် သီလရှင်တွင်မူ ဘာမှတ်တမ်းဘာမှတ်ပုံတင်မှမရှိဘဲ ကျပျောက်သွား သလိုလို ပျက်စီးသွားသလိုလိုနှင့် မရေမရာ ပြောဆိုနေခဲ့သည်။

ထို့ကြောင့် သာသာနာတော်ကို မှေးမှိန်ညှိုးနွမ်းပျက်စေ သော ဂမ္ဘီရပညာရှင်များကို အထင်အမြင်သေးစေနိုင်သော ထိုအတုအယောင်ဆောင် လူလိမ်များ၏ လုပ်ရပ်များကို သတိပြု ဆင်ခြင်နိုင်ကြစေရန် ရည်သန်၍ -

(*ဖြစ်စဉ်များအား ပြန်လည်ပြောပြခဲ့သော နယ်လှည့်နက္ခတ္တဗေဒ ပညာရှင်၊ ရွှေရင်ကျော်ဆရာကြီး ဦးမြင့်သန်းထွန်း၏ စေတနာ ဆန္ဒများကို ဤဇာတ်လမ်းမှတ်တမ်းပြုအပ်ပါသည်။)

*မင်းသစ္စာလှိုင် (ကဒုံကနီ)*

** ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ၊ သူရဇ္ဇမဂ္ဂဇင်း၊ အတွဲ(၆)၊ အမှတ်(၉)*

*****

ပြည့်ဝ စာပေ

'ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ'

# 'မြို့ရသည့် မျက်နှာ'

မင်းသစ္စာလှိုင် (ကဒုံကနီ)

'ဒီလုပ်ငန်းနဲ့ ငါနဲ့ကတော့ အကျိုးမပေးတော့ ဘူးနဲ့ တူတယ်'

ကိုလှဦးသည် တီးတိုးရေရွတ်ပြောဆိုကာ ဆေးလိပ်ကို တွင်တွင်ဖွာနေလေတော့သည်။ ဆေးလိပ်ကိုဖွာရင်း ကမ်းခြေကို ရီဝေစွာကြည့်နေခဲ့သည်။

ထိုစဉ်

'နောင်ကြီး ဆေးလိပ်မီးလေး တစ်တို့လောက်'

လူတစ်ယောက်က ဆေးလိပ်မီးညှိရန် လာတောင်းသည်။ လက်ထဲက ဆေးလိပ်ကို ပေးလိုက်သည်။

ကိုလှဦးသည် ရန်ကုန်မြို့ပွဲရုံတွင် ကုန်ရောင်းပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။ မြစ်ဝကျွန်းပေါ် မြို့တစ်မြို့မှ ရန်ကုန်မြို့ပွဲရုံများသို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချနေသော ကုန်သည် တစ်ယောက် ဖြစ်သည်။ ကိုလှဦးသည် ဒီနှစ် လုပ်ငန်းရာသီ စတင် လုပ်ကိုင်ချိန်မှစ၍ အရှုံးနှင့်သာ ရင်ဆိုင်ကြုံတွေ့နေခဲ့ရသူ ဖြစ်သည်။ ယခု လုပ်ငန်းရာသီ နှစ်ဝက်ကျိုးချိန်အထိ တစ်ရှုံးထဲ ရှုံးနေခဲ့ရသဖြင့် တော်တော်လေး အထိနာနေခဲ့ပြီဖြစ်သည်။ ထို့ကြောင့် လုပ်ကိုင်နေသောလုပ်ငန်းကိုပင် စိတ်နာစ ပြုလာခဲ့ပြီ ဖြစ်သည်။

ယခုလည်း ကုန်ရှုံးလာခဲ့ရပြန်သည်။ ကုန်ရှုံးလာခဲ့သည့် အထဲ မြို့အပြန်သင်္ဘောပေါ်တွင်လည်း နေရာမရခဲ့သဖြင့် သင်္ဘောအောက်ထပ်မှာ ဖြစ်သလိုလိုက်ပါလာခဲ့ရသည်။ ထို့ကြောင့် တစ်ယောက်တည်း စိတ်ပျက်စွာရေရွတ်ပြောဆိုနေခဲ့ခြင်း ဖြစ်

သည်။ ထိုစဉ် လူတစ်ယောက်က ဆေးလိပ်မီးလာတောင်းခဲ့သဖြင့် သောက်လက်စဆေးလိပ်ကို ပေးလိုက်သည်။ ဆေးလိပ်မီးတောက်သူက ဆေးလိပ်ကို မီးညှိပြီး ပြန်ပေးလိုက်သည်။

ထို့နောက် ထိုလူကပြောလိုက်သည်။

'နောင်ကြီးကြည့်ရတာ စိတ်ညစ်နေပုံရတယ်။ ဘာတွေများ စိတ်ညစ်နေရတာလဲဗျာ။ စပ်စုတာတော့မဟုတ်ဘူးနော်။ နောင်ကြီးက ဘယ်အထိ ခရီးသွားမှာလဲ'

ထို့ကြောင့် ကိုလှဦးက ထိုသူကိုကြည့်ကာ ပြန်ပြောလိုက်သည်။

'ကျနော်က မြို့ကတဆင့် ရွာအထိ ခရီးဆက်ရအုံးမှာ'

'နောင်ကြီးကြည့်ရတာ စိတ်ညစ်နေပုံရတယ်'

ထိုလူက ထပ်မေးလိုက်ပြန်သည်။ ထို့ကြောင့် ကိုလှဦးက ပြန်ပြောလိုက်သည်။

'ဒီနှစ် အလုပ်လုပ်ရတာ အဆင်ကို မပြေပါဘူးဗျာ'

'ဘာဖြစ်လို့လဲ'

ကိုလှဦးမှာ တစ်ယောက်ထဲ စိတ်ညစ်နေခဲ့ရာမှ စကားပြောဖော်ရလာပြီဖြစ်သဖြင့် သူ၏ဖြစ်စဉ်ဖြစ်ရပ်များကို ရင်ဖွင့်ပြောပြလိုက်တော့သည်။ ထို့ကြောင့် ထိုသူက ပြောလိုက်သည်။

'ဖြစ်မှဖြစ်ရလေဗျာ။ ဒီအတိုင်းဆိုရင် ဒီနှစ်ပိုင်းထဲမှာ နောင်ကြီးက တော်တော် ညံ့နေတာပဲ'

'ဟုတ်တယ်ဗျာ။ ဘာလုပ်လုပ် အဆင်ကို မပြေဘူး။ အိမ်ကမိန်းမနဲ့တောင် စကားပြောရတာ အဆင်မပြေဘူး။

ပြည့်ဝ စာပေ

'ဒါဆို ကျွန်နော်တို့ ဆရာကြီးနဲ့ ခဏလောက် လိုက်တွေ့လိုက်ပါလား'

'ဘယ်ကဆရာကြီးလဲ'

'ဆရာကြီးက ဂန္ဓာရီခန်းထွက်ပြီး သတ္တဝါတွေရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးနေတာ။ အခု သင်္ဘောအပေါ်ထပ် မှာပါလာတယ် သူက ကျနော့ကို အောက်ထပ်မှာ "သောကသည်" တစ်ယောက်ပါလာတယ်။ အဲဒီ "သောကသည်" က မကြာခင် ကံကောင်းတော့မှာ။ မင်းသွားရှာစမ်းဆိုပြီး လွှတ်လိုက်တာ ကျနော် လည်း ဆရာကြီးအမိန့် ရှိလို့သာ အောက်ထပ် ဆင်းလာခဲ့ရတာ "သောက သည်" ဘယ်သူဆိုတာ ဘယ်လိုလုပ်သိနိုင်မှာလဲ။ ဒါနဲ့ ဟိုကြည့် ဒီကြည့် ကြည့်နေတုန်း ဆေးလိပ် သောက်ချင်တာနဲ့ နောင်ကြီးဆီမှာ ဆေးလိပ်မီး တောင်းမိတာ တိုက်တိုက်ဆိုင်ဆိုင် နောင်ကြီးက စိတ်ညစ်နေတဲ့လူဖြစ်နေတယ်၊ ဒါကြောင့် ဆရာကြီး ပြောတဲ့ "သောကသည်" ဆိုတာ နောင်ကြီးကို ပြောတာဖြစ်နိုင်တယ်'

ထို့ကြောင့် ကိုလှဦးက ပြန်ပြောလိုက်သည်။

'ဟုတ်မယ်မထင်ပါဘူးဗျား၊ ခင်ဗျား ဆရာကြီး ကို ကျနော်မှမသိတာ'

'နောင်ကြီးကမသိပေမဲ့ ဆရာကြီးကသိနေလို့ ကျနော့်ကို ရှာခိုင်းတာပေါ့၊ လာပါ နောင်ကြီး အတွက် အကျိုးထူးရင် ထူးမှာပါ'

ထိုသူက အတင်းအဓမ္မခေါ်နေသဖြင့် ကိုလှဦးက

အားနာစွာ ပြန်မေးလိုက်သည်။

'ဆရာကြီးကို ဉာဏ်ပူဇော်ခ ဘယ်လောက်
ကန်တော့ရမလဲ'

'နောင်ကြီး တပြားမှ ပေးစရာမလိုဘူး ပေးချင်း
ပေး ဆရာကြီးကတောင် ပြန်ပေးလိုက်လိမ့်
အုံးမယ်'

ဆရာကြီးကို တစ်ပြားမှ ပေးစရာမလိုဟုဆိုသဖြင့် ကိုလှဦး ထိုသူနှင့်လိုက်သွားခဲ့လေတော့သည်။

× × × × ×

## 'သားရွှေအိုထမ်းလာသည့်ကိန်း'

ဆရာကြီးမှာ အပေါ်ထပ်အထူးခန်းမှ လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ ထိုသူနှင့် ကိုလှဦးတို့ ဆရာကြီးအခန်းထဲသို့ ဝင်လာခဲ့ကြသည်။ ဆရာကြီးကို လူရွယ်တစ်ယောက်က နင်းနှိပ်ပေးနေသည်ကို တွေ့ကြရသည်။ ကိုလှဦးတို့ ဝင်လာသည်နှင့် ဆရာကြီးက ဆီးကြိုပြောဆိုလိုက်သည်။

'မောင်ဖေက ဘယ်ဆိုးလို့လဲ တွေ့အောင် ရှာ
နိုင်သားပဲ'

မောင်ဖေဆိုသူမှာ ကိုလှဦးကိုခေါ်လာသူဖြစ်သည်။ ထို့နောက် ကိုလှဦးနှင့် မောင်ဖေတို့က ဆရာကြီးရှေ့တွင် ရှိသေစွာ ထိုင်လိုက်ကြသည်။ ထို့နောက် မောင်ဖေက ဆရာကြီးကို မေးလိုက်သည်။

'ဆရာကြီးရှာနိုင်းတဲ့ "သောကသည်"ဆိုတာ ဒီ
နောင်ကြီးလား'

'သေချာတာပေါ့ကွယ်၊ လောလောဆယ်တော့
သူက နေပါအုံး နာမည်ဘယ်လိုခေါ်သလဲ'

'ကိုလှဦးပါ ဆရာကြီး'

ကိုလှဦးကသူနာမည်ကို ပြောပြလိုက်သည်။ ထို့နောက် ဆရာကြီးက ဆက်ပြောလိုက်သည်။

'လောလောဆယ်မှာတော့ ကိုလှဦးဟာ "သောကသည်" တစ်ယောက်ပေါ့ကွယ်၊ ဒါပေမဲ့ သူ့မျက်နှာက မှိုရတော့မဲ့မျက်နှာကွဲ့ သူဟာ ခုနစ်ရက်အတွင်းမှာ သန်းကြွယ်သူဌေးကြီး ဖြစ်တော့မဲ့လူပဲ'

'ဗျာ'

ကိုလှဦးကို ဆရာကြီးက ခုနစ်ရက်အတွင်း သန်းကြွယ်သူဌေးကြီးဖြစ်တော့မည်ဟု ပြောဆိုလိုက်သဖြင့် ကိုလှဦး တအံ့တသြ ဖြစ်သွားခဲ့ရတော့သည်။ ထို့ကြောင့် မောင်ဖေက ဝင်ရောက်ပြောဆိုလိုက်သည်။

'ဒီကအစ်ကိုကြီး ကိုလှဦးက ဘယ်လိုဖြစ်လို့ ခုနစ်ရက်အတွင်းမှာ သန်းကြွယ်သူဌေးကြီး ဖြစ်လာမှာလဲဆရာကြီး'

ထို့ကြောင့် ဆရာကြီးကပြောလိုက်သည်။

'မင်းတို့ကတော့ ဘယ်သိကြအုံးမလဲ၊ နောက်တော့ မင်းတို့လဲဆရာကြီးလိုပဲ သိလာကြရမှာပါ။ ကိုလှဦးရဲမျက်နှာမှာ မှိုပွင့်တွေပေါ်နေတယ်ကွဲ့'

ထို့ကြောင့် ကိုလှဦး၏မျက်နှာကိုဝိုင်းကြည့်လိုက်ကြသည်။ ကိုလှဦးကလည်း သူ့မျက်နှာကို ယောင်ရမ်းစမ်းကြည့်လိုက်မိသည်။ ထို့နောက် ဆရာကြီးက ဆက်ပြောလိုက်သည်။

'မင်းတို့ ဘယ်တွေ့နိုင်ကြပါ့မလဲ။ ဒါက ပညာမျက်စေ့နဲ့မှ တွေ့နိုင်တာ၊ ဒီနေ့ကစပြီး ခုနှစ်ရက်

အတွင်းမှာ ကိုလှဦးရဲ့ခြံထဲမှာ မှိုပွင့်တွေ ပေါက်လာလိမ့်မယ်။ မှိုပွင့်တွေရဲ့ တစ်နေရာမှာ ကိုလှဦးရဲ့ အတိတ်ဘဝက ပစ္စည်းဥစ္စာတွေ ရှိနေတယ်။ ကိုလှဦးအနေနဲ့ ဆရာကောင်း ရှာပြီး ရအောင်ယူစေချင်တယ်'

ဆရာကြီးပြောဆိုနေသည်မှာမယုံရခက်၊ ယုံရခက်ဖြစ်နေသဖြင့် ကိုလှဦး ဘာဆက်ပြောရမည်မသိဖြစ်နေတော့သည်။ ထို့နောက် ဆရာကြီးက ဆက်ပြောလိုက်ပြန်သည်။

'ကိုလှဦး ရွာပြန်ရောက်ရင် ခြံတစ်ခြံလုံးကို ရေတွေ စိုရွှဲနေအောင် ဖျန်း၊ ခုနစ်ရက်အတွင်း ကိုလှဦးရဲ့ ခြံထဲမှာ ဟိုတစ်ကွက် ဒီတစ်ကွက် မှိုပွင့်တွေ ပေါက်လာလိမ့်မယ်။ အဲဒီမှိုပွင့်တွေရဲ့ နေရာ တစ်နေရာကို ပေါက်တူးနဲ့ တစ်ချက် ပေါက်လိုက်ပြီးရင် ဆက်တူး၊ နေရာမှန်ရင်တော့ ကိုလှဦးရဲ့ အတိတ်ဘဝကပစ္စည်းတွေကိုရမှာ သေချာတယ်။ တစ်နေရာတည်းကို တူးရမှာ ဖြစ်တယ်။ တူးတဲ့နေရာမှာ မတွေ့လို့ နောက် တစ်နေရာ ဆက်တူးလို့မရတော့ဘူး။ နောက် ဘယ်နေရာတူးတူး ရနိုင်မှာမဟုတ်တော့ဘူး။ ဒါကြောင့် ရှိတဲ့နေရာ သေချာမှ ဒီပစ္စည်းတွေ ကိုရမှာ။ ဒီတော့ ဆရာလိုတယ်။ သိနိုင်တာ ဆရာပဲသိနိုင်မှာ။ ဆရာကောင်းကိုရှာပါ ခုနစ်ရက်အတွင်း တူးပါ။ တူးလို့ရရင် သုံးပုံ တစ်ပုံ လှူပါ။ ခုနစ်ရက်ကကျော်ရင် မရနိုင် တော့ဘူး'

ကိုလှဦးတွေဝေသွားခဲ့ပြီဖြစ်သည်။ အတိတ်ဘဝကပစ္စည်း

ဟုဆိုပြန်သဖြင့် ဘာတွေများပါလိမ့်ဟုလည်း စိတ်ဝင်စားနေမိခဲ့သည်။ ထို့အပြင် ခုနစ်ရက်ကကျော်လျှင် မရနိုင်ဟု ဆိုပြန်သဖြင့် ကိုလှဦးက ဆရာကြီးကိုပြောလိုက်သည်။

'ဆရာကြီးလိုက်တူးပေးပါလား ဆရာကြီးရယ်၊ ရက်ကသိပ်ကပ်နေတော့ ကျနော် ဆရာရှာဖို့လဲ အချိန်မရှိလို့ပါ'

'မဖြစ်ဘူး၊ ကျုပ်မှာ ဘုရားတည်ဖို့ ကိစ္စရှိသေးတယ်'

'ဆရာကြီးကပဲ ကျနော့်ကို လိုက်ရှာခိုင်းခဲ့တာဆို၊ ကျနော့်ကို ကူညီကယ်တင်ပေးပါ ဆရာကြီးရယ်'

'မဖြစ်ဘူး။ ကျုပ် ဘုရားတည်ဖို့ကိစ္စကို ဖျက်လို့မဖြစ်ဘူး'

'ဖြစ်နိုင်ရင်လဲ ကူညီကယ်တင်ပေးလိုက်ပါလား ဆရာကြီးရယ်၊ ကိုလှဦးက သူ့အကြောင်းတွေကို ကျနော့်ကိုပြောပြခဲ့ပါတယ်၊ သူတော်တော်ဒုက္ခရောက်နေခဲ့ရတာပါ။ နောက်ပြီး ဆရာကြီးအခုသွားမဲ့ ဂန္ဓာရီခရီးကလည်း ဘုရားတည်ဖို့အလှူခံ သွားမဲ့ကိစ္စပဲ၊ တကယ်လို့ ကိုလှဦးကိုဆရာကြီး ကယ်တင်လို့ ကိစ္စအောင်မြင်ရင်ကိုလှဦးကလဲ ဆရာကြီးဘုရားတည်ဖို့ ပြန်ပြီးလှူဒါန်းနိုင်တာပဲ၊ ဒီတော့ ဆရာကြီး အမိန့်ခန်းလဲအောင်မြင်၊ ကိုလှဦးလဲ သန်းကြွယ်သူဌေးဖြစ်၊ သားရွှေအိုး ထမ်းလာတဲ့ကိန်းပဲ ဆရာကြီးရယ်၊ ဖြစ်နိုင်ရင် ကူညီပေးလိုက်ပါ ဆရာကြီးရယ်'

မောင်ဖေက ပြောလိုက်သဖြင့် ဆရာကြီးတွေသွားခဲ့တော့သည်။ ထို့ကြောင့် အားလုံးက ဆရာကြီးဘာပြောမလဲဆိုသည်ကို စိတ်ဝင်စားနေခဲ့ကြသည်။ ထို့နောက် ဆရာကြီးက ကိုလှဦးကို ပြောလိုက်သည်။

'ကိုလှဦး'

'ပြောပါဆရာကြီး'

'ခင်ဗျားပစ္စည်းတွေက သိန်းသန်း ကုဋေမက တန်တယ်၊ ဒီတော့ ကျုပ်ကိုကတိ တစ်ခုပေးနိုင်မလား'

'ဘာကတိများပါလိမ့် ဆရာကြီးရယ်'

'ခင်ဗျားရဲ့ပစ္စည်းတွေကို ခင်ဗျား မျက်စေ့ရှေ့မှာ ကိုယ်တိုင်ကိုယ်ကျတွေ့မြင်ရမယ်၊ ခင်ဗျား အိမ်ပေါ်ကို ရောက်လာရစေမယ်၊ ဒါပေမဲ့ ခင်ဗျား ချက်ချင်းကိုင်တွယ် သုံးစွဲလို့မရဘူး။ ခုနှစ်ရက်ပြည့်မှ ကိုင်တွယ်သုံးစွဲလို့ရမှာ၊ ဒီတော့ခင်ဗျားရဲ့ အတိတ်ဘဝက ပစ္စည်းတွေ ကိုင်တွယ်သုံးစွဲနိုင်တဲ့ အချိန်အထိ ကျုပ်မစောင့်နိုင်ဘူး။ ဒီပစ္စည်းတွေ ခင်ဗျား မျက်စေ့ရှေ့ ခင်ဗျားအိမ်ပေါ်ရောက်လာ တာနဲ့ ဘုရားတည်ဖို့ ခင်ဗျား အလှူငွေတစ်သိန်း လှူနိုင်မလား'

ပစ္စည်းများကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီး အိမ်ပေါ်ရောက်လာမှ ငွေတစ်သိန်းပေးလှူရမည်ဖြစ်သဖြင့် ကိုလှဦးက အလွယ်တကူကတိပေးလိုက်တော့သည်။ ထို့ကြောင့် ဆရာကြီးကလည်း ကိုလှဦး၏အတိတ်ဘဝမှ ပစ္စည်းများကို တူးဖော်ပေးရန် ကိုလှဦးတို့ရွာသို့ လိုက်ပါလာခဲ့လေတော့သည်။

" ဇာတိတ်ဘဝကပစ္စည်းတွေ အိမ်ပေါ်ရောက်ပြီ "

သို့နှင့်

ကိုလှဦးတို့ရွာကို တိုးတိုးတိတ်တိတ် ပြန်ရောက်လာခဲ့ကြတော့သည်။ တိုးတိုးတိတ်တိတ် ပြန်ရောက်လာခဲ့ကြသည်ဆိုသည်မှာ ဆရာကြီးရောက်ရှိလာသည်ကို လူသိမခံလို၍ဖြစ်သည်။ လူသိလျှင် လူစုလာပြီး ကိုလှဦးတို့၏အစီအစဉ်ကိုလည်းလူသိကာ အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် ဆရာကြီး၏ဆန္ဒအရ လူသိမခံခဲ့ခြင်းပင်ဖြစ်သည်။

ဆရာကြီးနှင့် တပည့်နှစ်ယောက်မှာ ကိုလှဦး၏အိမ်ပေါ်၌ တည်းခိုခြင်းမပြု၊ အိမ်နောက်ဖက်ကွက်လပ်တွင် ကလဖျင်းလေးတစ်ခု အလျှင်အမြန်ပြုစေပြီး ထိုကလဖျင်းလေးထဲမှာပင် နေခဲ့ကြသည်။ ဆရာကြီးက သူတို့အတွက်နှင့် ကိုလှဦးတို့မိသားစုကိုဒုက္ခမပိုစေချင်၊ အနေအထိုင်မကျင်းကြပ်စေချင်သဖြင့် ထိုသို့နေထိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ထို့အပြင် ကိုလှဦးတို့ထဲမှ အိုးခွက်ပန်းကန်များ ငှားရမ်းကာ သူတို့ဖာသာသူတို့ ချက်ပြုတ်စားသောက်ခဲ့ကြသည်။

ကိုလှဦးနှင့်မိသားစုက အိမ်ပေါ်မှာပင်နေပြီး သူတို့မိသားစုက ချက်ပြုတ်ကျွေးမွေးသည်ကို လက်ခံပါရန် အမျိုးမျိုးတောင်းပန်ပြောဆိုခဲ့သော်လည်း ဆရာကြီးကလက်မခံ။

'ကူညီတယ်ဆိုတာ ကူညီရာရောက်မှ ကောင်းတာကွဲ့၊ ကူညီတယ်ဆိုပြီး တဖက်သားကို ဒုက္ခပေးသလိုဖြစ်နေတော့ ဆရာကြီး မကြိုက်ဘူး၊ လူသုံးယောက်စားရိတ်ဆိုတာ မနည်းဘူး။ ကိုလှဦးတို့နဲ့မတွေ့ရင်လဲ ကျုပ်တို့ ကိုယ့်ဖာသာကိုယ် စားနေကြရမှာပဲ၊ ဒီတော့ ကျုပ်တို့အတွက်က အကြောင်းမထူးဘူး၊ ကိုလှဦးတို့

မိသားစုကို ကူညီကယ်တင်ခွင့်ရတာကိုပဲ
ကျုပ်က ကျေးဇူးတင်နေတာ။ ဒါ ကျုပ်အတွက်
ပါရမီကုသိုလ်တစ်ခုပဲ။ ကျုပ်ပြောတာ
လက်မခံရင် ကျုပ်ပြန်မယ်။'

ဆရာကြီးက ထိုသို့ပြောဆိုခဲ့သဖြင့် ကိုလှဦးတို့ မိသားစုက ဆရာကြီး၏ဆန္ဒအတိုင်း လိုက်လျောခဲ့ကြရပြီး ဆရာကြီးကိုလည်း ...မိအထင်ကြီးသွားခဲ့ကြတော့သည်။

သို့နှင့်

သုံးလေးရက်ခန့်အကြာတွင် ကိုလှဦး၏အိမ်ဝင်းထဲတွင် ...ိုတစ်ကွက် ဒီတစ်ကွက်မှိုပွင့်များပေါက်လာခဲ့တော့သည်။ ဆရာကြီး ပြောဆိုသည့်အတိုင်း ဖြစ်လာနေသဖြင့် ကိုလှဦးနှင့် ...သားစုမှာ ဝမ်းသာအားရ ဖြစ်နေပြန်ရတော့သည်။ ထိုမှ နောက် သုံးလေးရက်အကြာတွင် မှိုပွင့်ပင်လေးတွေ တော်တော်ကြီးလာခဲ့ ကြပြီးဖြစ်သည်။ ထို့ကြောင့် ဆရာကြီးက တူးဖော်ရမည့်နေရာကို ညွှန်ကြားပြသပေးခဲ့ပြီး ထိုနေရာကို ရာဇမတ်ဝင်းခတ်ပြစ်ခဲ့သည်။ ...ိုအပ်သော ကန်တော့ပွဲနှင့် အစီအရင်များပြုလုပ်ကာ ကိုလှဦး ကိုယ်တိုင် တူးဖော်စေခဲ့သည်။

'ကိုလှဦးရဲ့ အတိတ်ဘဝကပစ္စည်းတွေဆိုတော့
ကိုလှဦး ကိုယ်တိုင်တူးမှရမှာ'

ထို့ကြောင့် ဆရာကြီးညွှန်ကြားပြသပေးခဲ့သောနေရာ တွင် ကိုလှဦးကိုယ်တိုင် စတင်တူးဖော်ခဲ့တော့သည်။ 'ရာဇမတ်ဝင်း ခြံထဲတွင် ဆရာကြီးနှင့်တပည့်နှစ်ယောက် ကိုလှဦးတို့သာ [illegible] ခဲ့ကြပြီး၊ မိသားစုမှာ ရာဇမတ်ဝင်းအပြင်ဖက်တွင် [illegible] တူးဖော်နေသည့်နေရာမှာ အိမ်အနောက်ဖက် [illegible] သည့်ကလဖျင်းတဲ ညာဘက်တွင်ဖြစ်သည်။ ထို့ကြောင့် [illegible] ပြုလုပ်နေကြသည်ကို ရွာထဲကလူများ [illegible]

အနက် နှစ်ပေခန့် တူးဖော်ပြီးသောအခါ

'ဟာ'

'ဟယ်'

ဝမ်းသာအားရဖြစ်သွားခဲ့ကြရတော့သည်။ မြေအိုးကလေး တစ်လုံးကိုတွေ့မြင်လိုက်ရသဖြင့် ကိုလှဦးနှင့်မိသားစုမှာ အားရဝမ်းသာ ဖြစ်သွားခဲ့ကြခြင်းပင်ဖြစ်သည်။

'ဖြေးဖြေးလုပ် အိုးကွဲသွားမယ် အိုးကွဲသွားရင် ဘာပစ္စည်းမှ ရမှာမဟုတ်ဘူး'

ဆရာကြီးက ပြောဆိုသတိပေးလိုက်သဖြင့် ကိုလှဦးက တူရွင်းကို ဘေးချပြီး၊ လက်နှင့်ပင် ယက်ယက်တူးဖော်လိုက်တော့သည်။

သို့နှင့်

အိုးကလေးလုံးဝပေါ်လာခဲ့ပြီဖြစ်သည်။ ကိုလှဦးက အိုးကလေးကို မယူလိုက်သည်။ အိုးကလေးမှာ အဖုံးနှင့်ကျနစွာ ပိတ်ထားသည်။ ကိုလှဦးက အိုးကလေးအဖုံးကိုဖွင့်ရန် ကိုင်လိုက်သည်။

'မဖွင့်နဲ့ ကျုပ်ကိုပေး'

ဆရာကြီးက ပြောလိုက်သဖြင့် ကိုလှဦးက အိုးကလေးကို ဆရာကြီးကိုပေးလိုက်သည်။ ဆရာကြီးက အိုးကလေးကိုမန်းမှုတ် ရွတ်ဖတ်ပြီး ပရိတ်ရေများနှင့်ဆေးကြောလိုက်သဖြင့် ဝင်းပြောင်သွားခဲ့တော့သည်။ ကိုလှဦးနှင့်မိသားစုမှာ အိုးကလေးကို စိတ်ဝင်စားစွာ ကြည့်နေခဲ့ကြသည်။ အိုးထဲမှာ ဘာတွေရှိနေသလဲဟုလည်း သိချင်နေခဲ့ကြသည်။ ထို့နောက် ဆရာကြီးက အိုးကလေးကို အကြည့်ပြီးပြောလိုက်သည်။

'တစ်ပိသာကျော်ကျော်လောက်တော့ ရှိတယ်'

'ဟုတ်တယ်ဆရာကြီး၊ တစ်ပိသာကျော်ကျော်

လောက်ရှိတယ်၊ အိုးထဲမှာဘာတွေပါလဲ'

ကိုလှဦးကလည်းပြောဆိုမေးမြန်းလိုက်သည်။ ထို့ကြောင့် ဆရာကြီးက အိုးအဖုံးလေးကို တဖြေးဖြေးဖွင့်ပြလိုက်သည်။

'ဟာ'

'ဟယ်'

'ရွှေမကျီးတောင့်တွေပါလား'

အားလုံးဝမ်းသာအားရဖြစ်သွားကြရတော့သည်။ အိုးနှင့်အပြည့် ရွှေမကျီးတောင့်များကိုတွေ့မြင်လိုက်ရသဖြင့် ကိုလှဦးနှင့်မိသားစုသည် အားရဝမ်းသာဖြစ်သွားခဲ့ကြရတော့သည်။ ထို့ကြောင့် ဆရာကြီးက ပြောလိုက်သည်။

'လောဘစိတ်ကို ထိန်းကြလော့ လောဘများရင် ဒုက္ခတွေ့ ရတတ်တယ်၊ လှူဖို့တန်ဖို့လဲ စဉ်းစားကြအုံး'

'လှူရမှာပေါ့ဆရာကြီးရယ်၊ မလှူလို့ ဘယ်ဖြစ်ပါ့မလဲ'

ကိုလှဦးက အားရဝမ်းသာပြောဆိုလိုက်သည်။ ထို့နောက် ဆရာကြီးက အိုးကို ကိုလှဦးရှေ့သို့ တိုးပေးလိုက်ပြီး ပြောလိုက်သည်။

'ကဲ ကိုလှဦး ကြိုက်တဲ့တစ်တောင့် ယူကြည့်လိုက်ပါအုံး'

ထို့ကြောင့် ကိုလှဦးက အိုးထဲရှိရွှေမကျီးတောင့်များကိုမွှေနှောက်ပြီး အကြိုက်ဆုံးတစ်တောင့်ကို ယူပြီးသေသေချာချာ ကြည့်နေခဲ့သည်။

'မိသားစုကို ပြလိုက်ပါအုံး'

ဆရာကြီးကပြောလိုက်ပြန်သဖြင့် ကိုလှဦးက မိသားစုကို ပြလိုက်သေးသည်။ မိသားစုက အလုအယက် ယူကြည့်လိုက်ကြ

သည်။

'ကဲ-တော်လောက်ပြီ'

တအောင့်အကြာတွင် ဆရာကြီးကပြောလိုက်သဖြင့် ရွှေမကျီးတောင့်ကို အိုးထဲသို့ ပြန်ထည့်လိုက်ကြတော့သည်။ ထို့နောက် ဆရာကြီးက အိုးကိုကိုင်ကာ အိမ်ပေါ်သို့ တက်လာပြီး အိုးကို ဘုရားစင်ပေါ်တွင် တင်ထားလိုက်သည်။ ထို့နောက် ဆရာကြီး ကပြောလိုက်သည်။

'အခုအချိန်ကစပြီး မိသားစုအားလုံး နောက်ထပ် ခုနစ်ရက် သက်သက်လွတ် စားကြရမယ်။ တရား ထိုင်ကြရမယ်။ ခုနစ်ရက် ပြည့်တဲ့နေ့မှာ တစ်ပိသာ လောက်ရှိတဲ့ ရွှေမကျီးတောင့်တွေကို ခင်ဗျားတို့ ကြိုက်သလို သုံးစွဲလို့ရပြီ၊ ဒီရက် အတွင်းမှာတော့ လုံးဝ အိုးအဖုံး မဖွင့်ပါစေနဲ့၊ ခုနစ်ရက်အတွင်း ဖွင့်ကြည့်ခဲ့ရင်တော့ ခင်ဗျားတို့ ရွှေမကျီးတောင့်တွေအစား မီးသွေးခဲတွေပဲ ရလိမ့်မယ်။ ဒါကြောင့် နောက်ခုနစ်ရက် ကြာရင် ကိုလှဦးတို့ သန်းကြွယ်သူဌေးဖြစ်ပြီ၊ ကျုပ်နဲ့ကိုလှဦး ကတိရှိထားတဲ့အတိုင်း ကိုလှဦးရဲ့အတိတ် ဘဝကပစ္စည်းတွေကို တွေ့လည်းတွေ့ရပြီ၊ အိမ်ပေါ်လည်းရောက် လာခဲ့ပြီ၊ ဒီတော့ ကျုပ်ဘုရားတည်ဖို့အတွက် လှူမယ်ဆိုတဲ့ ငွေတစ်သိန်း လှူပေတော့၊ ကျုပ်တို့ မနက်ဖြန် ခရီးဆက်မယ်၊ ကိုလှဦးက စေတနာပျက်ပြီး မလှူနိုင်ဘူးဆိုရင်လဲ ရတယ် နော်၊ ကျုပ်က ဒီအတိုင်းပြန်သွားမှာ'

'ဟာ လှူရမှာပေါ့ဆရာကြီးရယ်၊ မလှူလို့

ဘယ်ဖြစ်ပါ့မလဲ'

ရွှေတစ်ပိသာကျော်ကျော် အိမ်ပေါ်ရောက်ရှိနေပြီဖြစ်သဖြင့် ကိုလှဦးမှာ ချက်ချင်း ငွေတစ်သိန်းကို လျှော့လိုက်လေတော့သည်။

× × × × ×

" သက်သတ်လွတ်စားပြီး ဆဲနေကြသူများ "

နောက်တစ်နေ့တွင် ဆရာကြီးနှင့်အဖွဲ့ ပြန်သွားခဲ့ကြတော့သည်။ ကိုလှဦးနှင့်မိသားစုမှာလည်း ဘုရားစင်ပေါ်မှ ရွှေမကျီးတောင့်အိုးကလေးကိုကြည့်ကာ ကြည်နူးဝမ်းသာစွာနှင့် သက်သတ် လွတ်စား၊ တရားထိုင်နှင့် ကုသိုလ်ကောင်းမှုအလုပ်များကိုသာ လုပ်နေခဲ့ကြတော့သည်။ ဘာအလုပ်မှမလုပ်ပဲ သက်သတ်လွတ်စား၊ တရားထိုင်လုပ်နေခဲ့ကြသဖြင့် ပတ်ဝန်းကျင်မှပင် တအံ့တဩဖြစ် နေခဲ့ကြရတော့သည်။ ကိုလှဦးတို့ မိသားစုကမူ ဘာကိုမျှ ဂရုမစိုက်တော့ပဲ တရားထိုင်ရင်း သက်သတ်လွတ်စားရင်းနှင့်ပင် ရန်ကုန်မြို့သို့ပြောင်းရွှေ့နေထိုင်ကာ ဘာလုပ်မည်၊ ဘာဝယ်မည်နှင့် စိတ်ကူးယဉ်နေခဲ့ကြလေတော့သည်။

သို့နှင့်

ခုနှစ်ရက်ပြည့်သွားခဲ့ပြီဖြစ်သည်။ ဘုရားစင်ပေါ်က ရွှေမကျီးတောင့်အိုးကလေးကို တယုတယ ယူလိုက်သည်။ အဖုံးကို အသာအယာဖွင့်ကြည့်လိုက်ကြသည်။

'ဟာ'

'ဟင်'

'ရွှေမကျီးတောင့်တွေ ဘယ်ရောက်သွားပြီလဲ'

ရွှေမကျီးတောင့်များက အုပ်ခဲကျိုးများဖြစ်နေခဲ့တော့သည်။ ထို့ကြောင့် ကိုလှဦးနှင့်မိသားစု ကျောချမ်း ခါးချမ်းသွားခဲ့

ကြရတော့သည်။

ခုနှစ်ရက်လုံးလုံး သက်သတ်လွတ်စားကာ တရားထိုင်နေခဲ့ကြသော ကိုလှဦးနှင့်မိသားစုမှာ ဆရာကြီးနှင့်တပည့် နှစ်ယောက်ကို မိုးမွှန်အောင် ဆဲဆိုနေခဲ့ကြလေတော့သည်။

မည်သို့ပင်ဖြစ်စေ ဤသည်မှာ ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းတစ်ပုဒ်သာဖြစ်သည်။ ထို့ကြောင့် အများပြည်သူမှ သတိပြုမိကြစေရန်ရည်သန်၍ သူရဋ္ဌမဂ္ဂဇင်းမှရေးသားတင်ပြလိုက်ရခြင်းဖြစ်သည်။ အမှန်တကယ်တွင်မူ ဂမ္ဘီရနယ်မြေသည် အေးချမ်းသော၊ သန့်စင်သော၊ သူတော်ကောင်းတရားများလွှမ်းမိုးနေသော သူတော်ကောင်းတို့၏နယ်မြေတစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် အစစ်အတု ဤနှစ်ခုကို ခွဲခြားသိမြင်နိုင်စေရန် ရည်သန်၍ ----

*မင်းသစ္စာလှိုင် (ကဒုံကနီ)*

* *၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ၊ သူရဋ္ဌမဂ္ဂဇင်း၊ အတွဲ(၆)၊ အမှတ်(၉)*

\-----

'ဂန္ဓာရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ'

## '' ဒါမျိုးတွေက ရှိနေပြီ ''

မင်းသစ္စာလှိုင် (ကဒုံကနီ)

'ငါကတော့ အဲဒီဆရာကို သိပ်အယုံအကြည် မရှိဘူး'

'ဘာဖြစ်လို့လဲကွ'

'ဟာ ဘာဖြစ်ရမှာလဲကွ၊ မင်းစဉ်းစား ကြည့်လေကွာ၊ ကာယကံရှင်ရဲ့မွေးနေ့ သက္ကရာဇ်ကိုလဲ မမေးဘူးကွ၊ တွက်တာချက်တာလဲမရှိဘူး၊ မျက်လုံးလေးကို မှေးစင်းစင်းလေး လုပ်ပြီး လျှောက်ပြောနေတာ၊ ငါကတော့ မယုံဘူး'

'မင်းကသာ မယုံဘူးပြောနေတာ၊ မှန်တဲ့လူတွေကလဲ မှန်တယ်ပြောနေကြတာပဲ'

'ဟေ့ကောင် မမှန်တဲ့လူတွေလဲရှိတာပဲ မြဒေးတို့၊ ပေါက်စတို့ကို ဟောတာ တစ်လုံးမှမမှန်ဘူး'

ဒေးဝင်းနှင့် လှကျော်တို့သူငယ်ချင်းနှစ်ယောက် အငြင်းအခုံဖြစ်နေကြခြင်းဖြစ်သည်။ သူတို့မြို့သို့ အကြားအမြင်ဆရာတစ်ယောက် ရောက်ရှိဟောပြောနေသဖြင့် ထိုဆရာနှင့် ပတ်သက်၍ ပြောဆိုငြင်းခုံနေကြခြင်း ဖြစ်သည်။ ထိုဆရာသည် ဗေဒင်မေးသူ၏ မွေးသက္ကရာဇ်ကိုမေးမြန်းခြင်းမပြု၊ တွက်ချက်ခြင်းလဲ မပြုပဲ၊ မျက်လုံးလေးကိုမှေးစင်းကာ ဟောပြောနေသော အကြားအမြင် ဆရာတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ထိုအကြားအမြင် ဆရာ၏ အကြောင်းကို လှကျော်ကပြောနေခဲ့ရာ ဒေးဝင်းက မယုံကြည်ကြောင်း ပြန်လည်ပြောဆိုနေခဲ့ခြင်း ဖြစ်သည်။

ပြည့်ဝ စာပေ

ထိုသို့ အကြားအမြင်ဆရာ၏ ဟောပြောမှုများ မှန်သူရှိသကဲ့သို့ မမှန်သူများလည်းရှိနေကြောင်း အေးဝင်းက မြအေးနှင့် ပေါက်စတို့ကို သက်သေပြပြောဆိုခဲ့သည်။ ထို့ကြောင့် လှကျော်က ပြန်လည်ပြောဆိုလိုက်သည်။

'အေးဝင်း မင်းတယူသန်မပြောနဲ့၊ အဲဒီဆရာ အကြားအမြင်ရတာကို လက်တွေ့စမ်းသပ်ခဲ့ကြပြီးပြီ'

'ဘယ်လိုစမ်းခဲ့ကြတာလဲ'

'သူ့ကို အခန်းထဲမှာထား၊ တံခါးအလုံပိတ်၊ နောက်ပြီး သူ့မျက်စေ့ကိုပိတ်ထား၊ လမ်းမက လျှောက်လာတဲ့လူကို ယောကျ်ားလား၊ မိန်းမလား၊ လူဘယ်နှစ်ယောက်လဲ၊ အကျီ ဘာအရောင်လဲ၊ ပုဆိုးဘာအရောင်လဲ၊ ဝမ်းဆက်လား၊ အသက်ကြီးလား၊ ငယ်လား၊ မေးချင်ရာမေးကွာ၊ သူ အကုန်ပြောနိုင်တယ်'

'မဖြစ်နိုင်ပါဘူးကွာ'

'မင်းတို့ပဲ မယုံလို့ ဆရာနဲ့အလောင်းအစားလုပ်ခဲ့တဲ့ လူတွေကုန်ပြီးပြီ'

'ငါကတော့ မယုံဘူး၊ ပညာရပ်တစ်ခုမှာ သီအိုရီတို့၊ ပုံသေနည်းတို့ဆိုတာရှိတယ်။ ဗေဒင်ပညာမှာလဲရှိတယ်၊ ပုံသေနည်းမရှိ၊ သီအိုရီမရှိရင် ပညာရပ်မဟုတ်ဘူး၊ စိတ်ကူးရှိရာ လျှောက်ပြောနေတာပဲဖြစ်မယ်'

'အေးဝင်း မင်း-ဒီလိုမပြောနဲ့၊ သူက အကြားအမြင်ဆရာကွ၊ သူ့ပညာ သူ့သမာဓိကြောင့် သူပြောနိုင်တာ၊ သီလ သမာဓိရှိတဲ့သူအတွက်

သိအိုရီတွေ၊ ပုံသေနည်းတွေမလိုဘူးကွ'

'မလိုဘူးဆိုရအောင် မင်းဆရာက ဘယ်လောက်များ သီလတွေ သမာဓိတွေ ကောင်းနေလို့လဲ'

အေးဝင်းက အတိုက်အခံများသာပြောဆိုနေခဲ့သဖြင့် လှကျော် စိတ်မရှည်ချင်တော့၊ ထို့ကြောင့် လှကျော်က ပြောလိုက်သည်။

'မင်း မယုံဘူးဆိုရင် အလေ့အစား လုပ်ရဲလား'

'စိန်လိုက်လေ ကြာသလားလို့'

'ဒါဖြင့်ရင် ငါ အဲဒီဆရာနဲ့ဆက်သွယ်ပြီး ညနေ မင်းကို လာခေါ်မယ်၊ မင်း အသင့်ပြင်ထား'

ထို့ကြောင့် လှကျော်က အေးဝင်းနှင့်ဆရာ အလေ့အစားပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့လေတော့သည်။

× × × × ×

## " မမြင်လဲ ဝင်လာတာနဲ့သိနေတယ် "

ထိုနေ့ညနေတွင် လှကျော်၏ ဆက်သွယ်ဆောင်ရွက်ပေးမှုကြောင့် အေးဝင်းနှင့် အကြားအမြင်ဆရာတို့ ဆုံတွေ့ခဲ့ကြတော့သည်။ ထိုသို့ ဆုံတွေ့ခဲ့ကြရာတွင် အေးဝင်းနှင့် လှကျော်သာမက ပတ်ဝန်းကျင်ကပါ လာရောက်ကြည့်ရှုနေခဲ့ကြသဖြင့် ပရိသတ်မှာ တော်တော်လေးများနေခဲ့သည်။

ထို့နောက် ဆရာက အေးဝင်းကို ကြည့်ကာမေးလိုက်သည်။

'အလေ့အစားလုပ်ချင်တယ်ဆိုတာ ခင်ဗျား လား'

'ဟုတ်ပါတယ်'

'ခင်ဗျားက ဂမ္ဘီရပညာရပ်တွေကို အယုံအကြည်မရှိဘူးနဲ့တူတယ်'

'ယုံပါတယ်၊ ဂမ္ဘီရပညာတွေကို ကျနော် အကြွင်းမဲ့ ယုံကြည်ပါတယ်'

'ဒါဖြင့်ရင် ဘာဖြစ်လို့ အလောင်းအစား လုပ်ရတာလဲ'

အကြားအမြင်ဆရာနှင့် အေးဝင်းတို့ပြောဆိုနေကြသည်ကို ပရိသတ်က စိတ်ဝင်စားစွာ နားထောင်နေခဲ့ကြသည်။ အေးဝင်းက ယုံကြည်သည်ဟုဆိုပြီး ဆရာနှင့် အလောင်းအစား လုပ်နေသဖြင့် ပို၍စိတ်ဝင်စားနေခဲ့ကြသည်။ ထို့ကြောင့် ဆရာ၏ မေးခွန်းကို အေးဝင်းတစ်ယောက် ဘယ်လိုများဖြေပေးမှာလဲ ဆိုသည်ကိုလည်း စိတ်ဝင်စားနေခဲ့ကြသည်။

ထိုစဉ် အေးဝင်းက ပြောလိုက်သည်။

'ဂမ္ဘီရပညာရပ်ဆိုတာ သူတော်စင်သူတော်ကောင်းတွေသာ သင်ယူတတ်မြောက်နိုင်တဲ့ ပညာရပ်လို့ ကျနော်သိထားတယ်။ အဲဒီလို သူတော်စင် သူတော်ကောင်းတွေကလဲ ဂမ္ဘီရပညာရပ်တွေနဲ့ စီးပွားရှာစားလေ့မရှိဘူးလို့ ကျနော်သိထားပါတယ်။ ဒါကြောင့် ကျနော် အလောင်းအစားလုပ်တာပါ'

'ဘာ ဗျ ၊ ဘာပြောတယ် '

အေးဝင်း၏ အဖြေစကားကြောင့် အကြားအမြင်ဆရာ ဒေါသဖြစ်သွားခဲ့တော့သည်။ ပရိသတ်ကလဲ ဆရာဖြစ်သူကို အားနာကာ 'ဟာကနဲ'ဖြစ်သွားခဲ့ကြရတော့သည်။ ထိုစဉ် အေးဝင်းက ပြောလိုက်ပြန်သည်။

'ဂမ္ဘီရပညာရှင်တွေဟာ အမျက်ဒေါသဖြစ်လေ့
မရှိဘူးလို့လဲ ကျနော်သိထားပါတယ် ဆရာ'

အေးဝင်း၏စကားက အကြားအမြင်ဆရာ၏ ဒေါသကို ဆွပေးနေသလိုဖြစ်နေခဲ့တော့သည်။ ထို့ကြောင့် ဆရာက ဒေါသတကြီးပြောလိုက်သည်။

'ဟေ့လူ ခင်ဗျားတော်တော် စော်ကားနေ
ပါလား၊ ကျုပ်ကို စကားနဲ့အနိုင်ယူပြောမနေနဲ့၊
ခင်ဗျားနဲ့ ကျုပ်လက်တွေ့ အလေ့ာင်းအစား
လုပ်မယ်၊ ကျုပ် ဒီအခန်းထဲမှာပဲနေမယ်။ အခု
ရှိနေကြတဲ့ပရိသတ် လူငါးဆယ်လောက်ရှိမယ်။
အားလုံး အပြင်ထွက်ကြ၊ အဲဒီလူတွေကို
ကျုပ်တစ်ယောက်မှ မသိဘူးနော်၊ အဲဒီ လူတွေ
ပြန်ဝင်လာခဲ့ကြ၊ အခန်းထဲမှာရှိနေပြီး မျက်စေ့
ကို အဝတ်နဲ့စီးထားတော့ ဘာမှ မမြင်ရတော့
ဘူးဆိုတာကိုတော့ ခင်ဗျားငြင်းမှာ မဟုတ်ပါ
ဘူးနော်'

'မှန်တာပေါ့၊ အခန်းထဲမှာရှိနေပြီး မျက်စေ့ကိုလဲ
အဝတ်နဲ့ စီးထားတယ်ဆိုတော့ ဘာမြင်ရတော့
မှာလဲ'

အေးဝင်းက ဆရာ့စကားကိုထောက်ခံပြောလိုက်သည်။ ပရိသတ်ကလည်း စိတ်ဝင်စားနေကြပြီဖြစ်သည်။ ပြောဆိုနေကြပုံမှာ အကြားအမြင်ဆရာကလဲ သူ့ကိုယ်သူ ယုံကြည်မှုရှိနေသကဲ့သို့ အေးဝင်းကလည်း သူ့ကိုယ်သူ ယုံကြည်မှုရှိနေပုံဖြစ်သည်။ ထို့ကြောင့် ဘာတွေဘယ်လိုဆက်ဖြစ်လာမည်ကို စိတ်ဝင်စားနေခဲ့ကြခြင်းပင်ဖြစ်သည်။

ထို့နောက် ဆရာကပြောလိုက်သည်။

'ကျုပ် ဘာမှမမြင်နိုင်တော့ဘူးဆိုတာ ခင်ဗျား လက်ခံပြီနော်'

'လက်ခံပါတယ်'

'ကျုပ်က ဘာမှမမြင်ရပေမယ့်လည်း အိမ်ထဲကို ပြန်ဝင်လာခဲ့တာ ယောကျ်ားလား မိန်းမလား၊ ဘာဝတ်ထားလဲ၊ ဘာအရောင်လဲ၊ ဘယ်နှစ်ယောက်လဲ ပြောပြမယ်။ ခင်ဗျားကို လက်တွေ့ပြမယ်၊ ကျုပ်က မမြင်လဲ ဝင်လာတာနဲ့ သိနေတယ်။ မမြင်လဲ ဝင်လာတာနဲ့သိနေတဲ့ အကြားအမြင်ဆရာတစ်ယောက်ဆိုတာ ခင်ဗျားလက်ခံ သွားစေရမယ်။ ခင်ဗျားကို ငါးဆတစ်ဆ ပေးလောင်းမယ်၊ ကျုပ်ရှုံးရင် ငွေငါးသောင်းလျှော်မယ်၊ ခင်ဗျား ရှုံးရင် ငွေတစ်သောင်းပဲပေး'

'သေသေချာချာ စဉ်းစားပါအုံး ဆရာရယ်'

အေးဝင်းက ပြောလိုက်သဖြင့် ဆရာက သူ့တပည့်တစ်ယောက်ကို လှမ်းပြောလိုက်သည်။

'ဟေ့ ငွေငါးသောင်း ယူခဲ့စမ်း'

တပည့်ဖြစ်သူက ငွေငါးသောင်းယူလာကာ ဆရာဖြစ်သူကို ပေးလိုက်သည်။ ဆရာက ငွေငါးသောင်းကိုယူကာ ပြစ်ချကာ ပြောလိုက်သည်။

'ဟောဒီမှာ ငွေငါးသောင်း၊ ခင်ဗျား တစ်သောင်းထုတ်'

ထို့ကြောင့် အေးဝင်းက သူ့အိတ်ထဲမှ ငွေတစ်သောင်းထုတ်ယူကာ ငွေငါးသောင်းအထပ်ပေါ်သို့တင်လိုက်သည်။

ထို့နောက် ဆရာကပြောလိုက်သည်။

'ကဲ-ခင်ဗျားကိုယ်တိုင် ကျုပ်မျက်နှာကို
အဝတ်နဲ့ စီး၊ သူများကို စီးခိုင်းရင် ခင်ဗျားက
မယုံသင်္ကာ ဖြစ်နေအုံးမယ်။ အဝတ်ကိုလဲ
သေသေချာချာစစ်၊ ထူသလား၊ ပါးသလား
ကြည့်၊ ဟော့ကောင်တွေ အဝတ်စတစ်စ
ယူလာခဲ့'

အကြားအမြင်ဆရာက ကိုအေးဝင်းကိုပြောပြီး သူ့တပည့် တစ်ယောက်ကို အဝတ်စတစ်စ ယူခိုင်းလိုက်သည်။ ဤသို့ဖြင့် အေးဝင်းနှင့် အကြားအမြင်ဆရာတို့ အလောင်းအစားပြုလုပ်ရန် စီစဉ် လုပ်ဆောင်ခဲ့ကြလေတော့သည်။ ပရိသတ်မှာ စိတ်ဝင်စားခနခဲ့သဖြင့် အပ်ကျသံပင်ကြားလောက်အောင် တိတ်ဆိတ်ငြိမ်သက် နေခဲ့လေတော့သည်။

× × × × ×

## " ဘယ်သူ နိုင်လဲ "

အေးဝင်းက အကြားအမြင်ဆရာ၏ တပည့်တစ်ယောက် ယူလာပေးသော အဝတ်စကို လှမ်းယူပြီး ကြည့်လိုက်သည်။ အဝတ်စမှာ အထူဖြစ်သည်။ ထို့ကြောင့် အေးဝင်းက အဝတ်စကို သုံးလေးခေါက် ခေါက်လိုက်ပြီး ပရိသတ်ကိုပြောလိုက်သည်။

'ကဲ အားလုံးအပြင်ထွက်ကြပါ။ ကျနော် ခေါ်မှ
ပြန်ဝင်လာခဲ့ကြပါ'

ထို့ကြောင့် ပရိသတ်အားလုံး အိမ်အပြင်သို့ထွက် သွားခဲ့ကြတော့သည်။ ဆရာသည် အခန်းတံခါးကိုကျောပေးထိုင်လိုက်ပြီး အေးဝင်းကိုပြောလိုက်သည်။

'ကဲ စီးပေတော့'

အေးဝင်း ဆရာ၏မျက်နှာကိုအဝတ်စနှင့် စီးလိုက်သည်။

ပြည့်ဝ စာပေ

ထို့နောက် အေးဝင်းက ဆရာကိုမေးလိုက်သည်။

'အပြင်က လူတွေကို ခေါ်လိုက်ရတော့မလား'

'ခေါ်လိုက်တော့'

ဆရာ၏အနီးတွင် အေးဝင်းနှင့်ဆရာ၏တပည့် တစ်ယောက်သာရှိနေသည်။ အေးဝင်းက အိမ်ပြင်ရှိ ပရိသတ်များကို အော်ပြောလိုက်သည်။

'ပြန်ဝင်လာလို့ ရပါပြီ'

ထို့ကြောင့် ပရိသတ်များပြန်ဝင်လာခဲ့ကြတော့သည်။ ရှေ့ဆုံးမှ ဝင်လာကြသူမှာ သုံးယောက်ဖြစ်သည်။ လူကျော်၊ မခင်သောင်းနှင့် ခေါ်ဖွားလှ ဖြစ်သည်။ အေးဝင်းက ဆရာကို မေးလိုက်သည်။

'ဝင်လာတာ ဘယ်နှစ်ယောက်လဲ'

အေးဝင်းက မေးလိုက်သော်လည်း ဆရာကမဖြေပဲ သူ့တပည့်ကိုပြောလိုက်သည်။

'သောင်းဖေ ဘာလုပ်နေတာလဲ၊ မင်းမေး သူမမေးစေနဲ့'

ထို့ကြောင့် အေးဝင်းက ဆရာတပည့် သောင်းဖေကို ပြောလိုက်သည်။

'ခင်ဗျားမမေးနဲ့၊ ကျုပ်ပဲ မေးမယ်၊ ဝင်လာတာ ဘယ်နှစ်ယောက်လဲ'

ပထမဝင်လာသူ သုံးယောက်အနီးသို့ ရောက်လာခဲ့ကြပြီး နောက် ငါးယောက်ထပ်ဝင်လာခဲ့ပြန်သည်။ သို့သော် ဆရာက မဖြေသေးပဲ အေးဝင်းကိုပြောလိုက်သည်။

'ခင်ဗျားမမေးနဲ့၊ သောင်းဖေ မေးလိမ့်မယ်'

ထို့ကြောင့် အေးဝင်းကပြောလိုက်သည်။

'ဘယ်သူမေးမေးပေါ့ဆရာရယ်၊ ဆရာက

အကြားအမြင်ရနေတာပဲ မမြင်လဲ ဝင်လာတာ
နဲ့ သိနေတယ်ဆို၊ နောက် ဝင်လာကြပြန်ပြီ၊
နောက်ဝင်လာတာ ဘယ်နှစ်ယောက်လဲ'

ထို့ကြောင့် ဆရာက တပည့်ဖြစ်သူကို ဒေါသတကြီး ပြောလိုက်ပြန်သည်။

'ဟေ့ကောင်သောင်းဖေ မေးလေ၊ ဘာလုပ်နေ
တာလဲ'

ထို့ကြောင့် အေးဝင်းကပြောလိုက်ပြန်သည်။

'မေးနေတယ်လေ ဆရာဖြေပေါ့'

'ခင်ဗျားမမေးနဲ့ သောင်းဖေမေးလိမ့်မယ်'

ထိုစဉ် ပရိသတ်မှာလဲ အခန်းထဲသို့တဖွဲဖွဲပြန်ရောက် လာခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် အေးဝင်းက မေးလိုက်ပြန်သည်။

'လူတွေတော်တော်များလာပြီ၊ ဆရာပြောလေ၊
ဘယ်နှစ်ယောက် ဝင်လာခဲ့ပြီလဲ'

ဆရာသည် အေးဝင်းမေးသည်ကိုမဖြေပဲ မျက်နှာက အဝတ်စကိုဆွဲခွါလိုက်ပြီး အေးဝင်းကို ဒေါသတကြီး ပြောလိုက် သည်။

'ဟေ့လူ ဘာသဘောလဲ၊ ကျုပ်ကို အနှောင့်
အယှက် ပေးတာလား'

'အနှောင့်အယှက်ပေးတယ်ထင်ရင် ရဲဌာန
သွားတိုင်ပေါ့ဆရာရယ်၊ သက်ဆိုင်ရာက
ကျနော့်ကိုလာဖမ်းမှာပေါ့၊ လောလော
ဆယ်တော့ ကျနော်မေးတာ ဆရာမဖြေနိုင်ဘူး၊
ဒီတော့ ကျနော်နိုင်ပြီ'

အေးဝင်းက ပြောပြောဆိုဆိုနှင့် ဆရာ၏ငွေငါးသောင်း ကိုယူကာ အိတ်ထဲထည့်လိုက်သည်။ ထို့နောက် အေးဝင်းက

ဆက်ပြောလိုက်သည်။

'ဒါမျိုးတွေရှိနေပါပြီဆရာ၊ တကယ်လို့ ကျနော်က အနှောင့်အယှက်ပေးတယ်ထင်ရင် ဆရာ ကျနော့် ကိုရဲစခန်းမှာသွားတိုင်နိုင်ပါတယ်။ ကျနော်ကိုယ်တိုင် ရဲစခန်းကို လိုက်ပို့ပေးပါမယ်၊ ကဲ ရဲစခန်းသွားကြမလား'

အကြားအမြင်ဆရာ ဘာပြောပြီး ဘာဆက်လုပ်ရမည်ကို ပင်မသိအောင် ဒေါသဖြစ်နေခဲ့တော့သည်။ ထို့ကြောင့် အကြားအမြင်ဆရာကို အေးဝင်းက ရဲစခန်းကို ပင့်သွားနိုင်တော့မှာလား ဟု စိုးရိမ်နေခဲ့ကြတော့သည်။

ထို့နောက် ထိုဆရာက သူ့တပည့်ကို ပြောလိုက်သည်။

'ဟေ့ကောင်း ပစ္စည်းတွေသိမ်း ပြန်မယ်'

ထို့နောက် ဆရာတပည့်နှစ်ယောက်မှာ ပစ္စည်းများကို သိမ်းကာ ထိုနေရာမှထွက်ခွါသွားခဲ့ကြတော့သည်။ ထို့ကြောင့် အေးဝင်းက လှမ်းအော်ပြောလိုက်သည်။

'ဒါမျိုးတွေက ရှိနေပါပြီဆရာရယ်၊ အခုနေ ညသဘော်ကမှိုသေးတယ်၊ နောက် ကျနော်တို့ မြို့ကို ဘယ်တော့မှမလာနဲ့လို့ မှာလိုက်ပါရစေ၊ ဒါမျိုးတွေက ရှိနေလို့ပါ ဆရာရယ်'

ဆရာတပည့် နှစ်ယောက်မှာ နောက်သို့ပင်လှည့်မ ကြည့်တော့ပဲ ထိုညသဘော်နှင့်ပင် ထိုမြို့မှထွက်ခွါသွားခဲ့ကြတော့ သည်။

× × × × ×

" အကြားအမြင် "

ဆရာတပည့်နှစ်ယောက် ထွက်ခွာသွားခဲ့ကြပြီးနောက် ပရိသတ်ကအေးဝင်းကို အကျိုးအကြောင်းမေးမြန်း ခဲ့ကြသည်။ ထို့ကြောင့် အေးဝင်းက သူ့အိတ်ထဲမှ စာရွက်ခေါက်ကလေးတစ်ခု ကို ထုတ်ပြကာပြောလိုက်သည်။

'ဒီစာရွက်ကလေးကို ကျနော် ရန်ကုန်ရောက် တုန်းက လမ်းဘေးမျက်လှည့်ဝိုင်းတွေက ဝယ် လာခဲ့တာပါ။ မျက်လှည့်ဆရာက မျက်နှာကို အဝတ်နဲ့စီး ကျောခိုင်းထိုင်ပြီး လမ်းမပေါ်မှာ မောင်းလာတဲ့ ကားတွေရဲ့ နံပါတ်အရောင် အမျိုးအစားကို အတိအကျ ပြောပြနေတာပဲ၊ မျက်လှည့်ဆရာက သူ့ဘာကြောင့် အဲဒီလို ပြောနိုင်သလဲဆိုတာ သိချင်ရင် စာရွက်ကလေး တွေ ဝယ်ဖတ်ကြပါဆိုပြီး ဒီစာရွက်ကလေး တွေကို ရောင်းတယ်၊ ဒါကြောင့် ကျနော်လဲ ဝယ်ဖတ်ကြည့်ခဲ့တယ်။ ဒီစာရွက်ကို ဖတ်ကြည့် ရင် ပရိသတ်ကြီးသဘော ပေါက်သွားမှာပါ'

ထို့ကြောင့် ပရိသတ်က စာရွက်လေးကို အလုအယက် ယူကြည့်ခဲ့ကြတော့သည်။ စာရွက်ထဲတွင် တစ် နှစ် သုံး လေး ဂဏန်းများ၊ အရောင်များ၊ ယောကျ်ား၊ မိန်းမ စသည်တို့ကို စကားဝှက်နှင့်ရေးပြထားသည်ကို တွေ့မြင်ခဲ့ကြရသည်။ ဥပမာ ကဲ ဆိုလျှင်တစ်၊ ပြောဆိုလျှင် နှစ်၊ ဟုတ်ပြီ ဆိုလျှင် သုံး စသည်ဖြင့် ရေးပြထားခဲ့သည်။ မေးသူက ကဲပြော ဟုဆိုလျှင် (၁၃)ဖြစ်သည်။ ကဲ ဆိုသည်မှာတစ်၊ ပြောဆိုသည်မှာ သုံး၊ ထို့ကြောင့် မေးသူက ကဲပြောဟုဆိုလျှင် မျက်စေ့မှိတ်ထားသူက တစ်နှင့် သုံးဟု သိပြီး ဖြစ်နေခဲ့သည်။ ထိုကဲ့သို့ပင် ယောကျ်ား၊ မိန်းမ၊ အရောင် အဆင်း၊

လူကြီး လူငယ် စသည်တို့ကိုလဲ စကားဝှက်နှင့်ရေးပြ ရှင်းပြထားသဖြင့် ပရိသတ်မှာ သဘောပေါက်သွား ခဲ့တော့သည်။ ထို့နောက် အေးဝင်းက ဆက်လက်ရှင်းပြ ပြောဆိုလိုက်ပြန်သည်။

'ဒါကြောင့် အကြားအမြင်ဆရာက ကျနော် မေးတာကို လက်မခံပဲ၊ သူ့တပည့်ကို မေးခိုင်း ခဲ့တာ၊ ဒါမှ သူ့တပည့်က စကားဝှက်နဲ့မေး သူကပြန်ဖြေ၊ သူတို့က ဒီလိုနည်းနဲ့ လုပ်နေ ကြတာ၊ မသိတော့ အထင်ကြီးစရာဖြစ်တာပေါ့၊ မဂ္ဂဇင်း တွေ၊ ဂျာနယ်တွေထဲမှာလဲ ဒီလိုကိစ္စတွေ ခဏ ခဏ ပါနေခဲ့တာပဲ၊ အကြားအမြင် ရှိတော့ သိတာပေါ့ဗျာ။ အကြားအမြင်ဆရာကို အကြား အမြင်အသိကြောင့် ကျနော်တို့တစ်တွေ အတုအယောင်အန္တရာယ်က လွတ်ကင်းခဲ့ကြ ရတာပဲ'

ထို့နောက် အေးဝင်းက ဆရာထံမှရရှိခဲ့သော ငွေကျပ် ငါးသောင်းကို ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပေးလှူခဲ့သည်။

ထို့ကြောင့် ပရိသတ်မှာ အကြားအမြင်ဆရာ၏ လုပ်ကွက် များကို အေးဝင်း၏ အကြားအမြင်ဗဟုသုတကြောင့် ရှင်းလင်း သိရှိသွားခဲ့ကြရတော့သည်။ အေးဝင်း စာရွက်ဝယ်ယူခဲ့သော မျက်လှည့်ဆရာများသည် ရိုးသားစွာ လုပ်ကိုင်စားသောက် နေကြသူများဖြစ်သည်။ သူတို့၏ အတတ်ပညာစိတ်ကူးများကို အများပြည်သူ သို့ ရိုးသားစွာတင်ပြပြီး တန်ရာတန်ကြေးနှင့် ရိုးသားစွာ လုပ်ကိုင် စားသောက်နေကြခြင်းသာဖြစ်သည်။ ဤသည်ကိုလည်း အများပြည်သူက သဘောကျလက်ခံသည်သာ ဖြစ်သည်။

သို့သော် အေးဝင်းဆိုသူနှင့်တွေ့ခဲ့ရသော အကြားအမြင်

ဆရာဆိုသူများမှာ ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြသော မျက်လှည့်ဆရာများ၏ ပညာနှင့်ဂမ္ဘီရပညာများကို ခုတုံးလုပ်ကာ အများပြည်သူကို လှည့်စားနေခဲ့ကြသောအကြံသမား၊ လူလိမ် လူညာများသာဖြစ်သည်။ ဂမ္ဘီရနယ်မြေသည် အေးချမ်းသော သန့်ရှင်းသော သူတော်ကောင်းတရားများ လွှမ်းမိုးနေသော သူတော်ကောင်းတို့၏ နေရာတစ်ခုသာဖြစ်သည်။ ထို့ကြောင့် အစစ်အတု ဤနှစ်ခုကို ခွဲခြားသိမြင်နိုင်ကြစေရန် ရည်သန်၍

---

*မင်းသစ္စာလှိုင်* *(ကဒုံကနီ)*

* *၂၀၀၇ ခုနှစ်၊ မေလ၊ သူရဋ္ဌမဂ္ဂဇင်း၊*
*အတွဲ(၇)၊ အမှတ်(၅)*

.....

'ဂမ္ဘီရနယ်မြေမှ အတုအယောင်ဇာတ်လမ်းများ'

# '' ဒါမျိုး ဖော့လိုက်ရင်ခမ်းချင်ပါဘီ ''

မင်းသစ္စာလှိုင် (ကဒုံကနီ)

## 'မိတ်ဖြစ် ဆွေဖြစ် '

'ခင်ဗျားတို့ ဒီတစ်ခေါက် တော်တော် ကြာတယ်နော်'

ကိုမြစိန်နှင့် ကိုခင်စိုးတို့ သူငယ်ချင်းနှစ်ယောက်သည် ပွဲရုံမှ ထွက်လာခဲ့ကြပြီး ပေတစ်ရာလမ်းအတိုင်း လျှောက်လာခဲ့ကြရာ နောက်မှလူတစ်ယောက်လိုက်လာပြီး ထိုလူက နှုတ်ဆက်ပြောဆို လိုက်သဖြင့် ထိုသူကိုလှည့်ကြည့်လိုက်ကြသည်။ ထိုစဉ် ထိုလူက လမ်းလျှောက်ရင်း ဆက်လက်ပြောလိုက်ပြန်သည်။

'ကျနော်တောင် အခုတစ်ခေါက်ပါနဲ့ဆို သုံးခေါက် ရှိသွားပြီ၊ ခင်ဗျားတို့ တော်တော် ကြာတာပဲနော်'

ထိုသူက ရင်းရင်းနှီးနှီးပြောဆိုနေသော်လည်း ထိုသူကို ကိုမြစိန်နှင့် ကိုခင်စိုးတို့မသိ။ သို့သော် မြင်ဘူးသလိုလိုတော့ ရှိနေသဖြင့် ထိုသူမည်သူမည်ဝါဖြစ်ကြောင်းကို အလျှင်အမြန် စဉ်းစားနေခဲ့ကြသည်။ ထိုစဉ် ထိုသူက ဆက်ပြောလိုက်ပြန်သည်။

'ခင်ဗျားတို့ ကျနော့ကို မမှတ်မိကြဘူးနဲ့တူတယ်။ ကျနော်က ပွဲရုံက ငါးပိတွေဝယ်ပြီး တောနယ်တွေမှာ တဆင့် ပြန်ရောင်းနေတာလေ၊ ပွဲရုံမှာ ခင်ဗျားတို့ ငါးပိမရှိမှ ကျနော်က တခြားလူငါးပိကိုဝယ်တာ၊ ခင်ဗျားတို့ငါးပိ ဝယ်သွားတဲ့အပတ်ဆို ကျနော် ရေရေလည်လည် မြတ်တာ၊

အခုနှစ်ခေါက်ရှိပြီ။ ခင်ဗျားတို့ မလာသေးတာနဲ့
ပွဲရုံမှာ ရှိနေတဲ့ ငါးပိတွေပဲ ဝယ်သွားတာ၊
တွက်ခြေ မကိုက်ပါဘူးဗျာ။ ကျနော်က ခင်ဗျား
တို့ ငါးပိနဲ့ပဲ အကျိုးပေးတာ၊ ကျနော်နံမည်
လည်း မှတ်ထားနော်၊ စိန်ခိုလို့ ခေါ်တယ်'

ကိုစိန်ခိုဆိုသူက ထိုသို့ပြောလိုက်မှ ကိုမြစိန်နှင့် ကိုခင်စိုး တို့သတိရသွားကြတော့သည်။ ကိုမြစိန်နှင့် ကိုခင်စိုးတို့သည် ငါးပိကုန်သည်များဖြစ်ကြသည်။ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများမှ မျှင်ငါးပိများကိုဝယ်ယူကာ မန္တလေးမြို့ ငါးပိပွဲရုံများသို့ တင်ပို့ရောင်းချနေသူများဖြစ်သည်။ ကိုစိန်ခိုဆိုသူကို ပွဲရုံတန်းတွင် မကြာခဏ တွေ့မြင်ဘူးနေရသဖြင့် မျက်မှန်းတန်းမိနေသောကြောင့် မြင်ဘူးသလိုလိုဖြစ်နေခဲ့ခြင်းဖြစ်သည်။ လမ်းပေါ်တွင်သာ မကြာခဏ တွေ့မြင်ဘူးခဲ့သော်လည်း ပွဲရုံတွင်တစ်ကြိမ်တစ်ခါမှ မဆုံခဲ့ဘူးသဖြင့် ရင်းနှီးမှုမရှိ သို့သော် မိမိတို့၏ငါးပိများကို ဝယ်ယူအားပေးနေသူတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသဖြင့် လိုလိုလားလားပင် ပြန်လည်ပြောဆိုလိုက်ကြသည်။

'ရုတ်တရက်ဆိုတော့ မမှတ်မိဘူးဗျ။ စိတ်မရှိနဲ့
နော်၊ ကျနော်တို့ ငါးပိတွေကို အားပေး နေတဲ့
ဖောက်သည်တစ်ယောက် မှန်းမသိလို့ပါ'

ကိုမြစိန်က ထိုသို့ပြောဆိုလိုက်သဖြင့် ကိုခင်စိုးကလည်း ဖြည့်စွက်ပြောဆိုလိုက်ပြန်သည်။

'ဟုတ်တယ်ဗျ၊ ကျနော်တို့ ဒီတပတ် တော်တော်
လေး ကြာသွားတယ်၊ ပင်လယ်ပိုင်းမှာ
ကုန်နည်းနေလို့ ကြာသွားတာ'

ထို့နောက် ကိုစိန်ခိုက ပြောလိုက်သည်။

'ခင်ဗျားတို့ကသာ ကျနော့်ကို အမှတ်တမဲ့

ဆိုတော့မသိပဲ ဖြစ်နေတာ၊ ကျနော်က ခင်ဗျား
တို့ငါးပိကို အသေအလဲကြိုက်နေသူဆိုတော့
ခင်ဗျားတို့ နမည်တွေကိုတောင် သိနေတာ
ခင်ဗျားတကိုမြစိန် ဟိုတစ်ယောက်ကကိုခင်စိုး
ကျနော် ပြောတာဟုတ်တယ် မဟုတ်လား'
ထိုကြောင့် ကိုခင်စိုးက နှိုးကျူးပြောဆိုလိုက်သည်။
'ခင်ဗျားကတော့ ကုန်သည်ပီသပါပေတယ်ဗျာ။
ကိုယ့်အတွက် တွက်ခြေကိုက်မယ်ဆို ကုန်
ပစ္စည်းသာမကဘူး၊ ကုန်ပစ္စည်း ပိုင်ရှင်အမည်
ကိုတောင် သိနေတာပဲ'
ထိုကြောင့် ကိုစိန်ခိုက ပြန်လည်ပြောဆိုလိုက်သည်။
'ဒါကတော့ ကျနော့အသက်မွေးဝမ်းကြောင်း
အလုပ်ကိုးဗျ။ ဒါထက် ဒီတစ်ခေါက် အကိုတို့
ငါးပိ တော်တော်ပါလား'
ထိုကြောင့် ကိုမြစိန်က ပြောလိုက်သည်။
'လေးငါးခြောက်သိန်းဖိုးလောက်ပဲပါတယ်။ ဒီ
တစ်ပါတ်ကုန်နည်းတယ်။ အခု ကုန်ဖိုးငွေ
ရှင်းပြီး ပြန်လာတာ၊ ပွဲစားကလည်းဗျာ၊ ငါးပိ
ခြောက်သိန်းဖိုးကို ငွေလေးနှစ်သိန်းထဲ ရှင်းပေး
တယ်။ ကျန်တာကို နောက်တစ်ခေါက်မှ ယူပါ
ဆိုပြီး ညှင်းလိုက်တယ်'
ထို့နောက် ကိုစိန်ခိုက သတိပေးပြောဆိုလိုက်သည်။
'ခင်ဗျားတို့မှာ ငွေတွေပါရင် သတိထားနော်၊
ဒီမှာ တို့ဆေးတွေ ခေတ်စားနေတယ်'
ထိုကြောင့် ကိုမြစိန်က ရိုမောပြောဆိုလိုက်သည်။
'တို့ဆေးဆိုတာကျနော်က မယုံကြည်ဘူးဗျ၊

မဖြစ်နိုင် တာဗျာ။ လူတစ်ယောက်ကို တို့လိုက်၊ ထိလိုက်ရုံနဲ့ ကိုယ့်ဆီမှာ ရှိတာတွေ ပေးလိုက် ရတယ်လို့၊ ကျုပ်ကိုလာတို့စမ်းပါဗျာ၊ တွေ့လိုက် ချင်ပါတယ်'

ဤတွင် ကိုခင်စိုးကလည်း ဝင်ရောက်ပြောဆိုလိုက်ပြန် သည်။

'ဟုတ်တယ်၊ လူတွေဟာ ကိုယ်အလိမ်ခံရတာကို ရှက်ပြီး တို့ဆေးကြောင့် ဘာမှမသိတော့ဘူး။ ပါသွားတာလဲမသိဘူး၊ သတိရတော့ ကြည့်လိုက် မှ ကိုယ့်ပစ္စည်းတွေ ပါသွားတာ သိတာ၊ အာညာနဲ့ ကိုယ်အလိမ်ခံရတာကိုရှက်ပြီး အရှက်ပြေ ကာကွယ်ပြောနေကြတာ၊ ကျနော် ကတော့ မယုံဘူး၊ အဲ့ဒီတို့ဆေးဆိုတာ တွေ့ချင် စမ်းပါတယ်ဗျာ'

ထို့ကြောင့် ကိုစိန်ခိုက တောင်းပန်ပြောဆိုလိုက်သည်။

'စိတ်မဆိုးပါနဲ့ဗျာ၊ ကျနော်က ခင်ဗျားတို့ အတွက် စိုးရိမ်ပြီးပြောမိတာပါ၊ ကဲ ကျနော်တို့လဲ စကား ကောင်းနေလိုက်ကြတာ လာဗျာ မိတ်ဖြစ်ဆွေဖြစ် လက်ဖက်ရည်ဆိုင် တစ်ဆိုင် ဆိုင်မှာ ကျနော် လက်ဖက်ရည်တိုက်ပါရစေ'

'ဟာ နေပါစေဗျာ'

ကိုမြစိန်နှင့် ကိုခင်စိုးတို့က ငြင်းဆန်ကြသော်လည်း ကိုစိန်ခိုက အတင်းအဓမ္မလက်ဆွဲခေါ်၊ ပုခုံးဖက်ခေါ်၊ ခေါ်နေ သဖြင့် ကိုမြစိန်နှင့် ကိုခင်စိုးတို့မှာ အားနာပါးနာ လက်ဖက်ရည် ဆိုင်သို့ လိုက်ပါသွားခဲ့ကြလေတော့သည်။

× × × × ×

## " ဆုံတုံး ကြုံတုန်း"

ကိုမြစိန်၊ ကိုခင်စိုးနှင့် ကိုစိန်ဒိုတို့ လက်ဖက်ရည်သောက်နေကြစဉ် သူတို့ဘေးရှိစားပွဲတွင် အသက်ခြောက်ဆယ်ကျော်ခန့် လူကြီးတစ်ယောက် လက်ဖက်ရည်သောက်နေခဲ့သည်။ ထိုလူကြီးမှာ တောနေဒေသမှ ဖြစ်ပုံရသည်။ လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားသည်။ လက်ဖက်ရည်သောက်နေစဉ်မှာပင် ဖဲထီးကြီးကို ပုခုံးတွင်ချိတ်ထားသည်။ ခေါင်းတွင်လည်း သဘက်ကြီးကို ပေါင်းထားသည်။ တကယ့်တောသားကြီးတစ်ယောက်ပုံသဏ္ဍာန် ဖြစ်သည်။ ထိုတောသားကြီးမှာ တစ်ယောက်ထဲ လက်ဖက်ရည်သောက်နေသကဲ့သို့ ကိုမြစိန်တို့ သုံးယောက်မှာလည်း လက်ဖက်ရည်သောက်ရင်း ရောက်တက်ရာရာများကို ပြောဆိုနေကြသည်။

ထိုစဉ်

'မောင်ရင်လေးတို့ တည်ခိုခန်း ဘယ်နားမှာ

ရှိသလဲကွဲ့'

တဖက်ခုံမှ တောသားကြီးက ကိုမြစိန်ကို လှမ်းမေးလိုက်သည်။ ထို့ကြောင့် ကိုမြစိန်က ပြန်ပြောလိုက်သည်။

'မသိဘူးဘကြီး ကျွန်တော်တို့လည်း ဧည့်သည်

တွေပဲ'

ထို့ကြောင့် အဘိုးအိုက ညည်းတွားပြောဆိုလိုက်သည်။

'ဒုက္ခပါဘဲကွယ်၊ ဘကြီးမှာလည်း ငွေတွေနဲ့

ရွာပြန်လို့လဲ ကားမမှီတော့ဘူး။ တည်ခိုခန်း

သိရင် ဘကြီးကို လိုက်ပြပေးပါလားကွယ်'

တောသားကြီးမှာ ပြောပြောဆိုဆိုနှင့် ကိုမြစိန်တို့သုံးယောက်အား သူ၏လွယ်အိတ်ကို ပြလိုက်ရာ လွယ်အိတ်ထဲတွင် ငွေစက္ကူများ အပြည့်ရှိနေသည်ကို တွေ့လိုက်ရသဖြင့် အံ့ဩသွားကြရသည်။ ကိုမြစိန်နှင့် ကိုခင်စိုးတို့သည် လွယ်အိတ်အပြည့်

ငွေတွေ နှင့် တောသားလူရိုးကြီးအတွက် စိုးရိမ်သွားခဲ့ကြသည်။ ထို့ကြောင့် ကိုမြစိန်က ကိုစိန်ဦးကို မေးလိုက်သည်။

'တည်းခိုခန်း ဘယ်နားမှာရှိသလဲ ခင်ဗျား သိသလား'

'တော်တော်ဝေးသေးတယ်ဗျ'

'ဒါဆိုလဲ လိုက်ပြပေးလိုက်ပါလားဗျာ၊ အဘိုးကြီး သနားပါတယ်၊ သူ့မှာလည်း ငွေတွေနဲ့'

ကိုမြစိန်ပြောသည်ကို ကိုခင်စိုးကလည်း ထောက်ခံ ပြောဆိုလိုက်ပြန်သည်။

'ဟုတ်ပါတယ်ဗျာ၊ သိရင်လိုက်ပြပေးလိုက်ပါ'

ကိုမြစိန်တို့ ပြောဆိုနေသည်ကို တောသားအဘိုးကြီးက ကြားသိနေသဖြင့် ဝင်ရောက်တောင်းပန်ပြောဆိုလိုက်သည်။

'ဟုတ်ပါတယ်ကွယ်၊ အဘကို ကူညီပါ။ ကျေးဇူး မမေ့ပါဘူး'

တောသားအဘိုးကြီးက ပြောပြောဆိုဆိုနှင့် စားပွဲထိုးကို ခေါ်ကာ ကိုမြစိန်တို့ဝိုင်းအတွက်ပါ လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်းပေးလိုက်သည်။ ထို့ကြောင့် ကိုမြစိန်တို့သုံးယောက်မှာ အားနာခြင်း၊ သနားခြင်းများဖြင့် တောသားကြီးကို တည်းခိုခန်းရှိရာသို့ လိုက်ပြပေးရန် လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့ကြသည်။

တောသားကြီးမှာ စက်ဘီးပါရှိသည်။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်ရှေ့တွင် ထောင်ရပ်ထားသော သူ့စက်ဘီးကို သော့ဖွင့်ယူစဉ် ကိုစိန်ခိုကလည်း သူ့တွင်လည်းစက်ဘီးပါရှိကြောင်း စက်ဘီးအပ်ရာဌာနတွင် အပ်ထားခဲ့ကြောင်း ပြောဆို၍ သူ၏ စက်ဘီးကို သွားယူသည်။ ထို့နောက် စက်ဘီးနှစ်စင်းကိုတွန်းကာ ကိုမြစိန်တို့ လေးယောက်မှာ လျှောက်သွားကြသည်။ ဆယ်မိနစ်ခန့် လျှောက်သွားခဲ့ပြီးနောက် တောသားကြီးက ကိုမြစိန်ကို မေးလိုက်

ဖြန်သည်။

'မိန်းမရှိတဲ့နေရာကော သိသလား။'

'ဘယ်သိမလဲ'

'မင်းကလဲကွယ် လူငယ်ဖြစ်ပြီး ဒုံးဝေးလိုက်တာ၊ မိန်းမဆိုတာ ပျော်ဖို့မိန်းမကို ပြောတာ၊ အဲဒီ မိန်းမရှိတဲ့နေရာကို သိလား၊ သိရင် ဘကြီးကို လိုက်ပို့၊ မင်းတို့အတွက် ဘကြီးအကုန်ခံမယ်၊ ငါ့မှာ ငွေရှိပါတယ်ကွ၊ မင်းတို့ကို ကျေးဇူးပြုတာ၊ မင်းတို့လည်းပျော်၊ ငါလည်းပျော်မယ်၊'

တောသားကြီး၏စကားကြောင့် ကိုခင်စိုးနှင့် ကိုစိန်ခိုတို့ ကိုမြစိန်ကို ကြည့်လိုက်သည်။ ထို့ကြောင့် ကိုမြစိန်က ပြောလိုက်သည်။

'အဲဒီလို နေရာတွေကို ကျွန်တော်မသိဘူး'

'ကျွန်တော်သိတယ်'

ကိုမြစိန် စကားဆုံးသည်နှင့် ကိုစိန်ခိုက ပြောလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် တောသားကြီးက ချက်ချင်းပြောဆိုလိုက်သည်။

'ဒါဆို လိုက်ပို့ကွာ၊ မင်းတို့သုံးယောက်အတွက် ငါတာဝန်ယူတယ်'

ဤတွင် ကိုစိန်ခိုက ကိုမြစိန်နှင့် ကိုခင်စိုးတို့ကို ပြောလိုက်သည်။

'ကဲ ဆုံတုန်းကြုံခိုက် အလှူမှင်လဲရှိနေပြီ ခင်ဗျား တို့အတွက်လည်း ဗဟုသုတရတာပေါ့ သွားကြ ရအောင်'

ပြောပြောဆိုဆိုနှင့် တောသားကြီးနှင့် ကိုစိန်ခိုတို့က ကိုမြစိန်နှင့် ကိုခင်စိုးတို့ကို လက်ဆွဲ၍လည်းကောင်း၊ ပုခုံးဖက်၍

လည်းကောင်း၊ အတင်း အဓမ္မခေါ်ဆောင်နေကြသဖြင့် ကိုမြစိန်နှင့် ကိုခင်စိုးတို့ လိုက်ပါသွားတော့သည်။ ထို့ကြောင့် ကိုစိန်ခိုက ဦးဆောင်ကာ၊ တောသားကြီးနှင့် ကိုခင်စိုးတို့က စက်ဘီးတစ်စီး၊ ကိုစိန်ခိုနှင့် ကိုမြစိန်က စက်ဘီးတစ်စီးနှင့် ဆုံတုန်းကြုံခိုက် ပျော်ပါးကြရန် ထွက်ခွာလာခဲ့ကြလေတော့သည်။

x x x x x

## 'အိမ်အပြန်ဟန်မကျ'

ကိုမြစိန်နှင့် ကိုခင်စိုးတို့သည် မန္တလေးမြို့တွင် အတော်အတင့် နေ့စပ်ကျွမ်းကျင်သော်လည်း မည်သည့်နေရာသို့ သွားနေသည်ကို မသိ။ တစ်နာရီခန့် စက်ဘီးစီးလာကြပြီး လမ်းကျဉ်းလေးတစ်ခုသို့ချိုးဝင်ကာ အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်ကြသည်။ ကိုစိန်ခိုကပင် ဦးဆောင် အိမ်ခြံဝင်းတံခါးကိုဖွင့်ကာ ဝင်ခဲ့ကြသည်။ အိမ်ဝသို့ရောက်သောအခါ လူတစ်ယောက်ထွက်လာကာ ကိုစိန်ဦးက ထိုလူကို တိုးတိုးကပ်ပြောလိုက်သည်။ ထိုလူက 'စိတ်ချ' ဟုပြောဆိုကာ ဝင်းခြံအပြင်သို့ထွက်သွားသည်။ ထိုစဉ် ကိုစိန်ခိုက ဦးဆောင်ကာ အိမ်ပေါ်သို့တက်လာကြပြီး ဧည့်ခန်းတွင် ထိုင်လိုက်ကြသည်။ ထိုစဉ် ကိုစိန်ခိုက ပြောလိုက်သည်။

'သွားခေါ်နေတယ် ခဏစောင့် တော်တော်ကြာလာကြလိမ့်မယ်'

ထိုစဉ် တောသားကြီးသည် ဟိုကြည့်ဒီကြည့်လုပ်ကာ ဘုရားစင်ပေါ်တွင် တင်ထားသော ဖဲထုတ်ကိုလှမ်းမြင်လိုက်သည်။ ထို့ကြောင့် ဖဲထုတ်ကိုသွားယူလာပြီး ပြောလိုက်သည်။

'မိန်းမ မလာခင် အပြင်းပြေကစားရအောင်'

ကိုမြစိန်၊ ကိုစိန်ခိုနှင့် ကိုခင်စိုးတို့မှာ ကန့်ကွက်ငြင်းဆိုခြင်းမရှိဘဲ ဖဲကစားခဲ့ကြပြန်သည်။ ၁၅ မိနစ်အကြာတွင် ကိုမြစိန်၊

ကိုခင်စိုးနှင့် ကိုစိန်ခိုတို့ရှေ့တွင် ငွေများ အများအပြား အနိုင် ရရှိလာတော့သည်။ သို့နှင့် ဆက်လက်ကစားနေခဲ့ကြရာ အချိန် မည်မျှ ကြာသွားခဲ့သည်ပင်မသိ။ ကိုမြစိန်၊ ကိုခင်စိုး၊ ကိုစိန်ခိုတို့မှာ နိုင်ထားသောငွေများ ပြန်လည်ဆုံးရှုံးသွားသည်အပြင်၊ ငါးဝိ ရောင်းရငွေများပင် ကုန်သွားတော့သည်။ ထိုမှမက ဝတ်ဆင်လာ ကြသော လက်စွပ်၊ နာရီ၊ ဆွဲကြိုးများပင် မရှိတော့။ ထို့ကြောင့် ကိုမြစိန်၊ ကိုခင်စိုးနှင့် ကိုစိန်ခိုတို့မှာ ဆက်ကစားရန် ပစ္စည်းလည်း မရှိ၊ ငွေလည်းမရှိတော့ပေ။ ထိုစဉ် ကိုစိန်ခိုက ရုတ်တရက် ထိုင် နေရာမှ ထလိုက်ပြီး တောသားကြီးကို အော်ဟစ်ပြောဆို ကြိမ်းမောင်းလိုက်တော့သည်။

'ခင်ဗျား ကျုပ်တို့ကို ဖဲလိမ်ရိုက်တာ၊ ကျုပ်တို့ ငွေတွေနဲ့ ပစ္စည်းတွေပြန်ပေး၊ မပေးဘူးလား၊ ပေးမလား ကြာတယ်ဗျာ'

ကိုစိန်ခိုက ပြောပြောဆိုဆိုနှင့် တောသားကြီးထံမှ ပစ္စည်း နှင့်ငွေများကို ပြန်လည်လုယူရန် ဟန်ပြင်လိုက်ရာ

'ဒုံး'

'အမလေးဗျာ'

'ဟာ'

တောသားကြီးက ကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်လိုက် ရာ ကိုစိန်ခိုမှာ အော်ဟစ်လဲကျသွားပြီး ပါးစပ်ထဲမှ အမြှုပ်များ တစီစီထွက်ကျလာသဖြင့် ကိုမြစိန်နှင့် ကိုခင်စိုးတို့မှာ အံ့သြထိတ်လန့် သွားတော့သည်။ ထိုစဉ် တောသားကြီးက ပြောလိုက်သည်။

'ငါ့ကို ဘာမှတ်နေသလဲ သေသွားမယ် မင်းတို့လဲ ကျေနပ်ရဲ့လား'

ကိုမြစိန်နှင့် ကိုခင်စိုးတို့က ဘာမှပြန်မပြောကြ။ ထို့နောက် တောသားကြီးက အော်ဟစ်ခေါ်လိုက်ရာ လူသုံးလေး

ယောက် ရောက်ရှိလာကြသည်။ ထို့နောက် တောသားကြီးက ပြောလိုက်သည်။

'အမြုပ်ထွက်နေတဲ့ကောင်ကို မြောင်းထဲ
လွှင့်ပစ်လိုက်၊ ဟိုနှစ်ယောက်ကို ပြန်ပို့လိုက်'

ထို့ကြောင့် ကိုမြစိန်နှင့် ကိုခင်စိုးတို့ကို လူနှစ်ယောက်က စက်ဘီးနှစ်စီးနှင့် လိုက်ပို့ပေးခဲ့ကြသည်။ ထိုလူနှစ်ယောက်သည် ကိုမြစိန်နှင့် ကိုခင်စိုးတို့ကို မန္တလေးဈေးချိုတွင် ချထားပေးခဲ့ကြသည်။ ထိုသို့ချထားပေးပြီး တော်တော်လေးကြာမှ ကိုမြစိန်နှင့် ကိုခင်စိုးတို့ ကိုယ့်ကိုယ်ကို ပြန်လည်သတိပြုမိခဲ့ကြတော့သည်။ ထိုအချိန်တွင် ကိုမြစိန်နှင့် ကိုခင်စိုးတို့တွင် ရွှေလည်းမရှိတော့၊ ငွေလည်းမရှိတော့ ဘာဆိုဘာမှ မရှိတော့။ အားလုံးကုန်သွားခဲ့ပြီ ဖြစ်သည်။

ထို့နောက် စိတ်ပျက်စွာ တည်းခိုရာနေအိမ်သို့ ပြန်လာခဲ့ကြသည်။ ကိုယ့်အဖြစ်ကို ရှက်နေသဖြင့် ပစ္စည်းများကို အလုခံခဲ့ရသည်ဟု လိမ်ညာပြောဆိုကာ တည်းခိုရာနေအိမ်မှ ကိုမြစိန်နှင့် ကိုခင်စိုးတို့မှာ အောက်ပြည်အောက်ရွာသို့ ပြန်ခဲ့ကြရလေသည်။ အိမ်အပြန် ဟန်မကျဖြစ်ခဲ့ကြရလေတော့သည်။

× × × × ×

## 'တို့ဆေးဆိုပဲ'

ကိုမြစိန်နှင့် ကိုခင်စိုးတို့၏ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာသုံးသပ်ကြည့်ရာတွင် တို့ဆေးမိသွားခဲ့ခြင်းဖြစ်သည်ဟု တွေးထင်ယူဆခဲ့ကြသည်။ ကိုစိန်ခိုဆိုသူသည် တောသားကြီးနှင့် တစ်ဖွဲ့သားတည်းသာဖြစ်ပေလိမ့်မည်။ ကိုမြစိန်နှင့် ကိုခင်စိုးတို့ကို အဝင်းအဓမ္မဆွဲခေါ်ခြင်း၊ ပုခုံးကိုပွေ့ဖက်ခြင်းများသည် ၎င်းတို့၏ တို့ဆေးကို ကိုမြစိန်နှင့် ကိုခင်စိုးတို့ကို ထိတွေ့စေရန် လုပ်ဆောင်ခဲ့ခြင်း

ဖြစ်နိုင်သည်။ 'တို့ဆေးနှင့် တွေ့လိုက်စမ်းချင်'ဟု စိန်ခေါ်ပြောဆိုခဲ့ကြသော ကိုမြစိန်နှင့် ကိုခင်စိုးတို့သည် ကိုစိန်ခိုနှင့် တောသားကြီး တို့ပြောဆိုသမျှ သဘောတူညီခဲ့ကြသည်။ ကိုမြစိန်နှင့် ကိုခင်စိုးတို့သည် အသောက်အစား၊ လောင်းကစားနှင့် မိန်းမကိစ္စ လုံးဝကင်းရှင်းသည့် လူမှိုင်လူအေးများသာဖြစ်သည်။ ထို့အပြင် ငွေနှင့်ကြေးနှင့် ခရီးသွားလာနေသူများဖြစ်ပြီး ကြားဘူးနားဝလည်းရှိနေကြသူများဖြစ်သည်။ သို့သော် ကိုစိန်ခိုက လက်ဖက်ရည်သောက်ရန် အတင်းအဓမ္မ လက်ဆွဲခေါ်၊ ပုခုံးဖက်ခေါ် ပြုလုပ်ပြီးချိန်မှစ၍ ကိုစိန်ခိုပြောဆိုသမျှကိုသာ ခေါင်းညိတ်နေခဲ့မိသဖြင့် သူတို့ကိုသူတို့လည်း အလွန်အမင်းအံ့ဩနေခဲ့မိကြသည်။ ထို့ကြောင့် ခရီးသွားလာစဉ် ရင်းနှီးကျွမ်းဝင်သူမဟုတ်သူတစ်ဦး၏ ဖက်လှဲတကင်းပြုမူမှုများကို အထူးသတိပြုသင့်လှပေသည်။

မည်သို့ပင်ဖြစ်စေ ကိုစိန်ခိုဆိုသူနှင့် တောသားကြီးတို့သည် ဂမ္ဘီရပညာရပ်များကို အသုံးပြု၍ မသမာမှုများ ပြုလုပ်သွားခဲ့ခြင်းသာဖြစ်သည်။ ဂမ္ဘီရနယ်မြေတွင် လိမ်ညာလှည့်စားမှုမရှိ။ လူလိမ်များက ဂမ္ဘီရနယ်မြေတွင် ဝင်ရောက်ကာ လိမ်လည် လှည့်စားမှုများ ပြုလုပ်နေကြခြင်းသာ ဖြစ်သည်။ အမှန်တကယ်ပွင့်မှ ဂမ္ဘီရနယ်မြေသည် လျှို့ဝှက်သော၊ နက်နဲသော၊ ဆန်းကြယ်သော၊ သန့်ရှင်းသော၊ သူတော်ကောင်းတရားများ လွှမ်းမိုးနေသော သူတော်ကောင်းတို့၏ နယ်မြေဒေသတစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် ဂမ္ဘီရနယ်မြေကို အထင်သေးညစ်ထေးမှိန်လာစေရန် ပြုလုပ်နေသူများကို သတိပြုမိကြစေရန်နှင့် အစစ်အတု ဤနှစ်ခုကို ခွဲခြား သိမြင်နိုင်ကြစေရန် ရည်သန်၍

***မင်းသစ္စာလှိုင် (ကဒုံကနီ)***

- *၂၀၀၇ ဇန်နဝါရီ၊ သူရဿတီမဂ္ဂဇင်း၊ အတွဲ-၇၊ အမှတ်-၁*

• • • • •

ပြည့်ဝ စာပေ

# မင်းသစ္စာလှိုင်(ကခုံကနီ)

## "အတ္တတာဇွန်နှင့် ဓုနှစ်ထွေမင်းသမီး"

*ယုတ္တိဗေဒ ဂန္ထိရ လုံးချင်းဝတ္ထုရှည်စ/ဆုံး*

- တစ်မြို့လုံးရှိ ကိုယ်ဝန်ဆောင် ဇိုက်ကြီးသည်များကို လိုက်လံ စုံစမ်းစာရင်း ကောက်ယူနေခဲ့ကြသည့် ဇိုက်စာရေးအရာရှိ ဟုဆိုသောလူနှစ်ယောက်၏ စိတ်ဝင်စားဖွယ် ဖြစ်စဉ်ဖြစ်ရပ်
- လူ့ပြည်လူ့လောကမှ ဥစ္စာစောင့် သိုက်နန်းကိုပြန်သွားခဲ့ပြီး သိုက်နန်းမှာမပျော်နိုင်ဘဲ လူ့ပြည်လူ့လောကကို ပြန်လာခဲ့ သည့်သိုက်နန်းရှင်မလေးတစ်ယောက် . . .
- သေလွန်သွားခဲ့သူကို ကလေးမျက်နှာမြင်နေသည့် အိမ်များ တွင် လိုက်လံရှာဖွေနေသူများ၏ အံ့သြဖွယ်လုပ်ရပ်များ
- မိမိ၏မင်္ဂလာပွဲတွင် သတို့သားနှင့်အတူ ဘိသိတ်သွန်း လောင်းနေချိန်တွင် မိမိ၏ရုပ်အလောင်းကို သချိုင်းတွင် သရဏဂုံတင်ခြင်းခံနေရသူ မိန်းကလေးတစ်ယောက်၏ အံ့သြဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များ
- ရွှေဂျိုးဖြူ မူလခဲ ဥစ္စာစောင့်သိုက်နန်းရှင်များပြန်လည် ဝင်စား ခဲ့သည်ဆိုသော မောင်နှမနှစ်ယောက်၏ ရင်နာစရာဖြစ်စဉ် ဖြစ်ရပ်များ
- ဥစ္စာစောင့်သိုက်နန်းရှင်မလေးကိုမှ အရူးအမူးချစ်ခဲ့မိလေ သောလူငယ်တစ်ယောက်၏ ရင့်နင့်စရာဖြစ်စဉ်ဖြစ်ရပ်များ
- သေပြီးသူကို အသက်ပြန်ရှင်လာအောင် ပြုလုပ်ပေးခဲ့သည့် ရွှေဂျိုးဖြူ မူလခဲ ဥစ္စာစောင့်သိုက်မှ သိုက်ချုပ်ဘိုးဘိုးကြီး
- နမတစ်သက်၊ အစ်ကိုတစ်သက် အိမ်ထောင်မပြုကြစမ်းဟု သစ္စာပြုထားခဲ့ကြသည့် မောင်နှမနှစ်ယောက်၏ ရင်နင့်ကြေ ကွဲဖွယ် ဖြစ်စဉ်ဖြစ်ရပ်များ

စသည် ... စသည် ... စသည်ဖြင့်

ဆက်လက်ထွက်ရှိလာမည်။

## မင်းသစ္စာလှိုင်(ကဒုံကနီ)

## "အတိတ်လှိုင်းရဲ့ စိတ်ရိုင်းတစ္ဆေ"

ယုဏ္ဍိဇေဒ ဂမ္ဘီရ လုံးချင်းဝတ္ထုရှည်စ/ ဆုံး

- အသက်(၁၉)နှစ်အရွယ် သက်တူရွယ်တူ ဇနီးမောင်နှံနှစ်ယောက် တစ်လတာအချိန်ကာလအတွင်းမှာ ယောကျ်ားဖြစ်သူကအသက်(၄၀)ကျော်အရွယ်သို့ ရုတ်တရက်ပြောင်းလဲသွားခဲ့သဖြင့် သောကဖြစ်နေခဲ့ရသူအမျိုးသမီးတစ်ယောက်၏ နှလုံးသားဝေဒနာများ

- ကိုယ့်ရဲ့ရုပ်အလောင်းကို မြှုပ်နှံထားခဲ့သည့် ဂူသချိုင်းကို ပြန်လည်တူးဖော်ကြည့်ချင်နေသည့် အမျိုးသမီးတစ်ယောက်၏ စိတ်ဝင်စားဖွယ်ဖြစ်ရပ်ဖြစ်စဉ်များ

- မဖောက်ပြားပဲ ယောကျ်ားနှစ်ယောက်ကို တစ်ပြိုင်တည်း လက်ထပ်ယူမိခဲ့သော အမျိုးသမီးငယ်တစ်ယောက်၏ ဝေခွဲမရဖြစ်နေခဲ့ရသော ဘဝတစ်ဆစ်ချိုး ရင်မောဖွယ်ဖြစ်စဉ်ဖြစ်ရပ်များ

- မျက်စိရှေ့မှာရှိနေခဲ့ကြသည့် တရားဝင်လင်နှစ်ယောက်ကို တစ်ပြိုင်တည်း ပေါင်းသင်းရန်မဖြစ်နိုင်သဖြင့် နှလုံးသားရေးရာအကြပ်အတည်းကြုံတွေ့နေခဲ့ရသည့် အမျိုးသမီး တစ်ယောက်၏ ရင်နင့်ကြေကွဲနေခဲ့ရပုံများ

- ကိုယ့်ကိုကိုယ် ကာလယန္တရား တစ်ခုထဲသို့ ရောက်သွားခဲ့သည်ဟု တွေးထင်နေသူတစ်ယောက်၏ စိတ်ဝင်စားဖွယ် ဖြစ်ရပ်ဖြစ်စဉ်များ

- မျက်စပ်ပိုးဝင် ဆံတစ်ပင်တင်၊ ချစ်ခြင်းမယား ရည်းစားလှလှ အရူးကျွဲခတ် ခံစားနေကြရသည့် ယောကျ်ားနှစ်ယောက်၏ စိတ်ဝင်စားဖွယ် တုန့်ပြန်မှုများ

- တစ်လအတွင်းမှာပင် ရွာတစ်ရွာလုံးရှိ လူတွေအားလုံး အသက် (၂၀)အရွယ်ကြီးရင့်သွားခဲ့ကြပြီးတစ်ယောက်တည်းသာ နဂိုအသက်အရွယ်အတိုင်းရှိနေခဲ့သည့် အံ့သြဖွယ်ဖြစ်ရပ် ဖြစ်စဉ်များ

စသည်.. စသည် .. စသည်ဖြင့်

ဆက်လက်ထွက်ရှိလာမည်။

Preview Book

# မင်းသစ္စာလှိုင်(ကဒုံကနိ)

## "မိစ္ဆာနမ်းမည့်ပန်းတစ်ပွင့်"

ယုတ္တိဗေဒ ဂန္တိရ လုံးချင်းဝတ္ထုရှည်စ/ ဆုံး

- အစိမ်းသေအလောင်းကောင်ကို 'ထွန်ခြစ်တိုလေးတစ်ချောင်း' နှင့် အစီအရင် ပြုလုပ်ကာ ဖုတ်သွင်းပေးခဲ့သော ဘိန်းစားကြီးတစ်ယောက်၏ စိတ်ဝင်စားဖွယ်ပညာခန်းများ
- မြွေကိုက်ဒဏ်ရာမရှိ၊ မြွေကိုက်မခံရဘဲ တစ်ယောက်ပြီးတစ်ယောက် မြွေဆိပ်တက်သေဆုံးနေခဲ့ကြရသည့်ကျေးရွာလေးတစ်ရွာမှ တုန်လှုပ်ခြောက်ခြားဖွယ် ဖြစ်စဉ်ဖြစ်ရပ်များ
- လပြည့်ညရောက်လေတိုင်း မိန်းမလိုက်ရှာနေသူတစ်ယောက်၏ စိတ်ဝင်စားဖွယ် ဖြစ်ရပ်ဖြစ်စဉ်များ
- မိစ္ဆာတစ်ကောင်ကို အရှင်ဖမ်းဆီးရမိရန် စီစဉ်လုပ်ကိုင်နေသူတစ်ယောက်
- လူတစ်ယောက်လား၊ တိရိစ္ဆာန်တစ်ကောင်လား၊ မကောင်းဆိုးဝါးတစ်ကောင်လား.. ခွဲခြမရနိုင်သော သတ္တဝါ တစ်ကောင်ကြောင့် သွေးပျက်ခြောက်ခြားနေကြရသောရွာသူရွာသားများ၏ အဖြေမရှိသောပဟေဠိ ဖြစ်စဉ်ဖြစ်ရပ်များ
- သုံးဆယ့်တစ်ဘုံမှ ပုဂ္ဂိုလ်တွေ၏ စောင့်ရှောက်မှုကို ခံနေရသည့် လူတစ်ယောက်
- ဘိန်းစားကို ဆရာတင်ခဲ့သဖြင့် ဈေးကျူးဂုဏ်ပြုခံခဲ့ရသူများ
- မိစ္ဆာနှင့် မကောင်းဆိုးဝါးများ ပြည့်လျှံပေါ်များနေသည့် ရွာကလေးတစ်ရွာ
- ကိုးမြို့ရှင်နှင့် ရွာတော်ရှင်တို့၏ စိတ်ဆိုးဒေါသဖြစ်ခံနေခဲ့ရသည့်ရွာကလေးတစ်ရွာမှ သွေးပျက်ခြောက်ခြားဖွယ် ဖြစ်စဉ်ဖြစ်ရပ်များ

စသည်....စသည်......စသည်ဖြင့်

ဆက်လက်ထွက်ရှိလာမည်။